www.burmeseclassic.com

ရွှေပဒေသာစာပေ

# မယ်နိုင်

ထင်ချန်းမိုး



graphic designed by YuWa

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ကိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျ
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြ ၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# မယ်နိုင်

# ထစ်ချုန်းမိုး

www.burmeseclassic.com

www.burmeseclassic.com

### ဗိုလ်တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျ
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည် ၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# မယ်နိုင်

# ထစ်ချုန်းမိုး

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၀၅၀၃၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၄၈၀၄၀၉
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၉၊ ဩဂုတ်လ။
ထုတ်ဝေသူ - ဦးအေးလွင်(၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုစွန်တောင်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ - ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၁/၃၃၊ ၅၃ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖြန့်ချီ - ၁၀၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
မယ်နိုင်
ထစ်ချွန်းမိုး / မယ်နိုင် ။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၀၉ ။
၂၉၅ စာ၊ ၁၂.၃ × ၁၈ စင်တီ။
(၁) ထစ်ချွန်းမိုး


အာဒံနဲ့ဧဝ
ရှင်မွေးလွှန်းနဲ့မင်းနန္ဒာ
သုံ့နေနဲ့ကိန္နရီ
ဒါတွေဟာ ပုံပြင်
တကယ်တော့
PRADO လောက် အရေးမပါလှဘူး။
နှလုံးသားရှိသူတိုင်း
အချစ်ကို ဖွဲ့ညွှန်းတတ်ပေမယ့်
အမုန်းကိုလည်း
တန်ဆာဆင်သင့်တယ်။
တကယ်တော့ . . . ငါဟာ
ခွန်ဆန်လောနဲ့ နန်းဦးပြင်လို
အလွမ်းဇာတ်လမ်းထဲက
ဒါရိုက်တာပါ။
အဖြေညှိမရတဲ့
သီအိုရီထဲက
စက်ဝိုင်းနဲ့တြိဂံလည်း
မဖြစ်ချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်ပြင်းထန်တဲ့
စစ်ဘုရင် နပိုလီယန်ရဲ့
စစ်သုံးဓားလည်း
မဖြစ်ချင်ဘူး။
တကယ်တော့ . . . ငါဟာ
မြူခိုးတွေရဲ့ ဖွဲ့စည်းခံ
တိမ်တိုက်လေး
ဖြစ်ခဲ့ရတာပါ။
တိမ်တိုက်ကို စီးပြီး
သိကြားမင်းရဲ့
ဝရဇိန်လက်နက်ကို
ရယူချင်တယ်။
ပြီးတော့ . . . ငါ
မင်း . . . ရင်ဘတ်ထဲ
မိုးကြိုးတစ်စင်းလောက်
ပစ်ခွဲလိုက်ချင်တယ်
ကွမ်း!

ညှော်ခန်းမကျယ်ကြီးထဲမှာ တိတ်ဆိတ်ခြင်းက မင်းမူနေခဲ့သည်။ ကောင်းသော တိတ်ဆိတ်ခြင်းတော့ မဖြစ်နိုင်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ မျက်နှာတွေက မှိုင်းညို့နေ့လို့ပါ။ တိတ်ဆိတ်ခြင်းက မုန်တိုင်း မရောက်ခင် တိုက်ခတ်လာတဲ့ လေပြေလေညင်းလေးနယ်ပါ။ အသက်(၄၂)နှစ်မျှ အရွယ်ရှိသော ပုဂ္ဂိုလ်က နံရံကို မျက်နှာမူထားပြီး အသက်(၂၁)နှစ်မျှအရွယ်ရှိသော ခပ်သန့်သန့်ကောင်လေး တစ်ယောက်က ခုံပေါ်မှာ တစ်ခုခုကို အလိုမကျသလို မှုန်ကုပ်ကုပ်မျက်နှာမျိုးနှင့် ထိုင်နေသည်။ တစ်ယောက်ကိုတစ်ယောက် ကျောခိုင်းထားကြသော်လည်း အာရုံထဲမှာတော့

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် စူးစိုက်စွာ ကြည့်နေကြသလို မျက်မှောင်ကို တွန့်ချိုးထားကြသည်။

"သား . . . မင်း ဖေဖေ့ကို နည်းနည်းလေးဖြစ်ဖြစ် နားလည်ဖို့ သင့်တယ်"

"သားကလည်း ဖေဖေ့ကို ဘာမှမပြောပါဘူး"

"ဒါဆို မင်း ဒီနေရာက ထွက်သွားဖို့ထိတော့ မတောင်းဆိုသင့်ဘူး"

"ဒါကတော့ ဖေဖေ သားဘက်ကို ငဲ့ညှာသင့်တယ်"

"ဒေစီက သားကို မိခင်ရင်းလိုပဲ ချစ်ပါတယ်။ ပြီးတော့ သားမေမေရဲ့ ညီမရင်းလေ"

"အဲ့ဒါ သားသိပါတယ်။ သားဘက်ကလည်း ဖေဖေ ကြည့်ပေးစေချင်တယ်။ တစ်သက်လုံးက အဒေါ်လို့ သတ်မှတ်လာတဲ့ အန်တီဒေစီကို ရုတ်တရက်ကြီးတော့ . . .။ ဟာ! ရှုပ်ပါတယ်။ ကြီးမေရှိတဲ့ မြစ်ကြီးနားကိုပဲ သွားတော့မယ်"

"ဒါကြောင့် မင်းကို ဖေဖေ ပိုစိတ်မချနိုင်တာပေါ့ကွ။ မြစ်ကြီးနားနဲ့ရန်ကုန်ဆိုတာ ရာသီဥတုက ဘာမှတူတာ



မဟုတ်ဘူး။ ခုချိန် မြစ်ကြီးနားမှာ ဘယ်လောက်အေးနေမလဲ မင်း မမှန်းဆနိုင်ပါဘူး"

"ဒါပဲ . . . သား ဒါကိုပဲ မနှစ်သက်နိုင်တာ။ သား အသက် (၂၁) နှစ်ရှိပြီ။ တက္ကသိုလ်နောက်ဆုံးနှစ်ပဲ ရောက်နေပြီ။ သား ကလေးမဟုတ်တော့ဘူး။ အခု မြစ်ကြီးနားသွားမယ်ဆိုတာလည်း ဖေဖေ့ကို အသိပေးတယ်ဆိုရုံပဲ။ ဒီမှာ လေယာဉ်လက်မှတ် အားလုံး စီစဉ်ပြီးပြီ"

ဟုဆိုကာ လေယာဉ်လက်မှတ်ကို စားပွဲပေါ်တင်လိုက်သည်။ ထိုအခါမှ ဦးမာလုက သက်ပြင်းငွေ့ငွေ့ရှိုက်ကာ တစ်ခုခုကို ပြောင်းပြီး တိုက်စစ်ဆင်ပြန်ရန် မျက်မှောင်တွန့်ပြီး စဉ်းစားလိုက်သည်။

"အဲ့ဒါဆို ကျောင်းကိစ္စတွေရော ဘယ်လိုလုပ်မှာလဲ။ မင်း သိပ်သွားချင်နေတယ်ဆိုလည်း ကျောင်းပြီးအောင်တော့ တက်ဦးပေါ့ကွာ"

"အားလုံးစီစဉ်ပြီးပြီ။ ဒီတတိယနှစ်ကို မြစ်ကြီးနား တက္ကသိုလ်မှာပဲ ဆက်တက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ သူ့ရဲ့ထုံးစံအတိုင်း သူလုပ်ချင်ရာ လုပ်၊ သူ ပြောချင်ရာပြောပြီး အပေါ်ထပ်ကို တက်သွားလိုက်သည်။

တက်သွားသောသားရဲ့ကျောပြင်ကိုကြည့်ပြီး ဦးမာလှ သက်ပြင်းရှိုက်လိုက်မိတော့သည်။

စိတ်ကျဉ်းကျပ်စွာပင် ဆက်တီပေါ် ခြေပစ် လက်ပစ် ထိုင်ချလိုက်မိသည်။ ထိုစဉ် ဒေါ်ဒေစီက ရေအေးအေး တစ်ခွက်ကို ဦးမာလှရှေ့ချလာသည်။ ချက်ဝန်းကို စုံမှိတ်၍ ခုံ၏ကျောမှီကို မှီကာ ငြိမ်သက်နေသော ဦးမာလှကို သူမ ဘာမျှမပြောလိုသဖြင့် သက်ပြင်းရှိုက်၍သာ ပြန်လှည့်ထွက်ခဲ့သည်။ ဒေစီ သူ့ရှေ့မှာ ရေအေးအေး လာချသွားသည်ကို သူ သိနေပါသည်။ ဒါ သူ စိတ်ရှုပ်ထွေးနေလျှင် ပြုမူနေကျ ဒေစီရဲ့အပြုအမူပါ။ သူ ရေအေးအေးကို တစ်ကျိုက် မော့သောက်ပြီး စိတ်ကို ဖြေလျှော့လိုက်သည်။ ထုံးစံအတိုင်း သားက တစ်ဖွတ်ထိုးလုပ်ပြန်တော့မယ်ဆိုတာ သူ သိနေပါသည်။ တစ်ဦးတည်းသောသားလေးမို့ အလိုလိုက်ထားခဲ့တာကို သားက ဆိုးချင်တိုင်း ဆိုးနေပါသည်၊ သားမေမေ ဒေလီ





က ရောဂါသည်။ သား လူမမယ်အရွယ်မှာပြီး အိပ်ရာထဲမှာ ပင်။ ဒါကြောင့် သားဟာ ဒေစီရဲ့လက်ထဲမှာပဲ ကြီးပြင်းခဲ့ရတာ ပါ။ သားဟာ သူ့မေမေဒေလီထက်မကာ ဒေစီကို ပိုပြီး သံယောဇဉ်ရှိပေမယ့် အခုတော့လည်း ဒေစီကို မျက်နှာပူ တယ်တဲ့လေ။

အခုဆို ဒေလီဆုံးသွားတာ ၅ နှစ်တင်းတင်းပြည့်ခဲ့ ပါပြီ။ ဒေစီ ဒီအိမ်ကိုရောက်တာလည်း အနှစ် (၂၀)တင်းတင်း ရှိနေပါပြီ။ လိမ္မာပါးနပ်ကာ အိမ်ရှင်မကောင်းတစ်ယောက် ပီသသော ဒေစီကို သူ လက်ထပ်တာ မမှားနိုင်။ ပြီးတော့ သားရဲ့အဒေါ်အရင်း။ သားဟာ ဒေစီ့လက်ထဲမှာပဲ ကြီးခဲ့ရတာ ဆိုရင်လည်း ဟုတ်သည်။ ဒေလီ မဆုံးခင်ကလည်း ဒေစီ့ကို စောင့်ရှောက်ဖို့ အထပ်ထပ်မှာ ခဲ့သည်။ ပြီးတော့ ဒေစီ့လို မိန်းမတစ်ယောက်ကို သူ လက်ထပ်သင့်သည်ဟု ထင် သည်။ ပြီးတော့ မြစ်ကြီးနားမှာရှိတဲ့ ဒေစီရဲ့အစ်မအကြီး ဒေမီကလည်း ဒေစီနှင့် သူ့ကို သဘောတူနေခဲ့သည်။

ဒေစီကို လက်ထပ်ရန် အကြောင်းအမျိုးမျိုးက ဖန်



www.burmeseclassic.com

www.burmeseclassic.com



လာ၍ သူ လက်ထပ်ဖြစ်ခဲ့ပါသည်။ အရွယ်ရောက်နေပြီဖြစ်တဲ့သားကို တိုင်ပင်တော့လည်း သားက ဘာမှမကန့်ကွက်ခဲ့။ အခုမှ ဒေစီကို မျက်နှာပူတယ်တဲ့လေ။

ဒါ သက်သက်အကြောင်းပြတာပင်။

သူ သားကို တစ်သက်လုံး တစ်ခါမှ မခွဲခဲ့ဖူး၍ သားကို မခွဲနိုင်ပါ။ ကုမ္ပဏီမှာ လူအများကြီးကို အုပ်ချုပ်နိုင်တဲ့သူက သားတစ်ယောက်အပေါ်တော့ အဖေတစ်ယောက်အနေနှင့် ဩဇာအာဏာ မလွှမ်းမိုးနိုင်ပါ။ သားကလည်း အဆိုးကြီးမှ မဟုတ်ခဲ့တာလေ။ သားက မာနကြီးသူ၊ တည်တည်ကြည်ကြည် နေထိုင်သူတစ်ယောက်ဖြစ်ပြီး တစ်ခါတစ်ရံ သူ လုပ်ချင်ရာ လုပ်သွားတတ်တာမှ လွဲ၍ သားမှာ ဘာမှ အပြစ်ပြောစရာ မရှိပေ။ သား ဒီလိုတစ်ဇွတ်ထိုးလုပ်တတ်တာကလည်း ငယ်ငယ်ကတည်းက အလိုလိုက်ခံထားရတာလည်း ပါသည်။

မြစ်ကြီးနားက အပျိုကြီး ဒေမီလည်း သားကို သိပ်ချစ်သည်ဆိုတာ သူ သိပါသည်။ ချစ်လေမပေါ့။ တစ်ဦး





တည်းသော တူလေးပဲ။ သူ သားကို မခွဲနိုင်၍သာ တားနေရခြင်းဖြစ်သည်။ ဒေမီက သူ့ထက်ပင် သားကို ပို၍ဂရုစိုက်နိုင်လိမ့်ဦးမည်ဆိုတာ သူ အတတ်သိနေပါသည်။ အခုတော့ ခရီးထွက်ဖို့ အားလုံးစီစဉ်ပြီးနေပြီဖြစ်တဲ့ သားကို သူ မတားဆီးနိုင်တော့။

သူတို့က သားကို ကလေးတစ်ယောက်လို မြင်ပေမယ့် သားက လူကြီး သိပ်ဖြစ်ချင်တာလေ။ ဒါဟာ သားနဲ့ မပြေလည်ရတဲ့ အဓိကအချက်ပါပဲ။ သား မြစ်ကြီးနားကို သွားချင်နေသည်မှာ (၁၀)တန်းအောင်ပြီးတည်းကပင်။

အခုမှ ဒေစီကို သက်သက်အကြောင်းပြတယ်ဆိုတာ သူရော ဒေစီပါ သိနေကြပါသည်။ ဒါကြောင့် သူ့စိတ်ထဲက ပို၍ခံရခက်နေတာပင်။ ခံရခက်နေလျှင်လည်း မထူးတော့ပြီ။ မနက်ဖြန်ဆို သားက သွားတော့မှာပဲလေ။

သားကို ကူညီဖို့မှလွဲရင် အခြားမရှိတော့။ ဒါကြောင့် ဒေမီကို သားလာမည့်အကြောင်း ဖုန်းကြိုဆက်ဖို့ပဲ ရှိတော့သည်။ သားက သူ့အကျင့်အတိုင်း ဒေမီကို ဖုန်းကြိုဆက်



www.burmeseclassic.com

www.burmeseclassic.com



ထားလိမ့်မည်မဟုတ်။ ဒေမီနေတဲ့ ယုဇနရပ်ကွက်က လေယာဉ်ကွင်းနဲ့ အဝေးသားပင်။ ရန်ကုန်မှာလို Taxi တွေရှိမနေဘူးဆိုတာ သား သိနေပုံမပေါ်။ သုံးဘီးဆိုင်ကယ်လိုဟာမျိုးတွေ ရှိပေမယ့် သားလို အမြဲဖိမ်ခံကားပဲ စီးလာသူအဖို့တော့ အဆင်မပြေနိုင်။ သားရှေ့က အခက်အခဲမှန်သမျှကို သူက ဖခင်ပီပီ ဖြေရှင်းပေးချင်လှပါသည်။ အဲ့ဒီအချက်ဟာ သားနဲ့ သူ ပဋိပက္ခဖြစ်ရခြင်းရဲ့ အဓိကအကြောင်းအရင်းပင်။

သားက အရွယ်ရောက်လာသည်နှင့်အမျှ ငါဆိုတဲ့ ယောက်ျားမာန်မျိုးကို လက်ကိုင်ထားလာသည်။ သူ့ကိစ္စကို လိုက်ပြီး ပါဝင်ဖြေရှင်းပေးတတ်တာမျိုးကို မနှစ်သက်။ သား မကြိုက်မှန်းသိပေမယ့်လည်း သူတို့က သားကို သိပ်ချစ်ကြတော့ သားကိစ္စတိုင်း အမြဲလိုလို ဝင်ပါနေတတ်သည်။

အခုလည်း သား မကြိုက်မှန်းသိပေမယ့် ဒေမီ့ကို ဖုန်းကြိုဆက်ထားမိပြန်သည်။ သားလာမည်ဆို၍ အပျော်ကြီး ပျော်နေမည့် ဒေမီ့မျက်နှာကို သူ မြင်ယောင်မိနေပါသေးသည်။



မြေပြင်သို့ လေယာဉ်ဆင်းနေပြီဆိုသော အသိကြောင့် သူ့အာရုံတွေ လန်းဆန်းနိုးကြားသွားရသည်။ ဒါ ဖေဖေနဲ့ အန်တီဒေမီ မပါတဲ့ သူ့ရဲ့ပထမဆုံးခရီး အတွေ့အကြုံပင်။

အနောက်နိုင်ငံတွေမှာဆို (၁၈)နှစ်ဆို လူဖြစ်ပြီ။ ကိုယ့်လုပ်အားခနဲ့ ကိုယ့်ဘဝကို ထိန်းကျောင်းနေပြီ။ သူ့မှာသာ အသက် (၂၁)နှစ်ရှိနေပြီ။ ကလေးလိုနေရတုန်းပင်။ သူ့ကို ကလေးလို အရိပ်တကြည့်ကြည့်လုပ်နေကြသည့် ဖေဖေနှင့် အန်တီဒေမီကို မကျေနပ်တာနှင့် တမင်သက်သက် ခရီးထွက်လာခဲ့ခြင်းရယ်ပါ။ အကြောင်းပြချက်ကတော့ ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



နှင့်အန်တီဒေစီလက်ထပ်ခြင်းပေါ့။

အမှန်တကယ်တော့ သူ ဖေဖေနှင့် အန်တီဒေစီကို ကန့်ကွက်စရာ မရှိပါ။ အန်တီဆိုပေမယ့်လည်း သူ့ကို အမေ တစ်ယောက်လို ကောင်းသူပင်။ အိပ်ရာထဲမှာ တစ်ချိန်လုံး ခွေနေခဲ့သော မေမေ့ကိုယ်စား အန်တီဒေစီကပဲ အိမ်ရှင်မ လုပ်ခဲ့ရ၍ တစ်အိမ်လုံး အန်တီ့ခြေရာလက်ရာတွေချည်းပင်။ ဒါပေမယ့် သူ့ကို ကလေးတစ်ယောက်လို မြင်နေလွန်းလှ သည်။ သူ ကလေးတစ်ယောက်လို အိမ်ထဲမှာ ကိန်းအောင်း မနေချင်တော့။ ဒါကြောင့် စိတ်ပြေလက်ပျောက် ခရီးအတွေ့ အကြုံလေးရအောင် မြစ်ကြီးနားလာဖို့ အကြိမ်ကြိမ် ကြိုးပမ်း ဖူးသည်။ ဖေဖေက ဘာကြောင့်လဲလို့မေးရင် သူ့မှာ အကြောင်း ပြချက် ခိုင်ခိုင်လုံလုံမရှိ။ သူက ယောက်ျားပီသ ချင်၍ အပျော် ခရီးဟုလည်း မပြောချင်။ ယောက်ျားမဆန်ဘူးဟု သူ ယူဆ မိ၍ပါ။ အခုတော့ ဖေဖေနှင့် အန်တီလက်ထပ်ခြင်းကို အကြောင်းပြု၍ သူ လွှင့်ချင်ရာ လွှင့်တော့မည်။

မိဘတွေအုပ်ချုပ်မှုအောက်က ဒီရန်ကုန်မြို့ကျဉ်း



ကျဉ်းလေးထဲမှာပဲ သူ မနေချင်။ သူဟာ မြန်မာပြည်သားပဲ မြန်မာပြည်အနှံ့ လှည့်ပတ်လည်ချင်မိသည်။

အရင်တစ်ခါက ပုဂံကို သွားချင်တယ်ဆိုတာလေး ပြောခဲ့ဖူးပါတယ်။ ဟိုလူက တား၊ ဒီလူက တားနှင့်။

ဒါကြောင့်ပဲ သူက အရွဲ့တိုက်ချင်လာ၍ လေယာဉ် လက်မှတ်ဖြတ်လိုက်တော့သည်။ ဟိုတယ်ကို ဖုန်းဆက် အခန်းကြိုမှာ၊ ဒီမိတ်ဆွေကို ဖုန်းဆက်၊ ဟိုမိတ်ဆွေကို ဖုန်း ဆက်နှင့် သူ့ကိုလာကြိုသူတွေ လေယာဉ်ကွင်းမှာ ပြည့်လို့ ပင်။ သူ ဒါမျိုးကို မနှစ်သက်ပါ။ သိပ်စိတ်ကျဉ်းကျပ်ရလွန်း သည်၊ အခုတော့ အေးဆေးပင်။ ဖေဖေနဲ့ နည်းနည်း စကား များခဲ့၍ ဖေဖေ ဘာမှ ဝင်မရှုပ်လောက် ဟူသောအတွေးနှင့် ကျေနပ်စွာ ပြုံးလိုက်သည်။

လေယာဉ်ဘီးလုံးနှင့် မြေပြင်ထိမိသံကြားလိုက်၍ သူ သတိချပ်လိုက်သည်၊ ခဏအကြာမှာ ထွက်ပေါက်ပွင့် သွားကာ ခရီးသည်များ အလျှိုလျှို ထွက်သွားကြသည်။ ခရီး သည်များအားလုံး ကုန်လုနီးပါးမှ သူ ထွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အေးစိမ့်သော မြစ်ကြီးနားလေထုကြီးက သူ့ကို အေးချမ်းပျူငှာစွာ ကြိုဆိုလိုက်သည်။ သူ ထွက်ပေါက်မှာ ခြေစုံရပ်လိုက်သည်နှင့် အေးစိမ့်စိမ့်အရသာကို ခံစားလိုက်ရသည်။ သူ မြစ်ကြီးနားကို တစ်ခါမှ မရောက်ဖူးသော်လည်း ယောက်ျားငယ်တစ်ယောက်၏ မာန်မျိုးနှင့် ကိုယ့်ကိုယ်ကို ယုံကြည်မှု အပြည့် ရှိနေသည်။

မြင့်မားသော အရပ်အမောင်းနှင့် လူတွေကြားမှာ ထင်းခနဲ ဖြစ်နေသော သေသပ်ဖယ်ကျတဲ့သူ့ကို လူအချို့က ငေးကြည့်နေကြသော်လည်း သူက ဒါကို သတိမမူမိဘဲ ခရီးဆောင်အိတ်ကိုသာ ဆွဲ၍ လိုရာကို သွားနေသော သူ့ကို နောက်နားဆီမှ . . .

"သား . . . ပါဦး"

သူ့နာမည်ကို ခေါ်လိုက်သောအသံတစ်ခုကြောင့် စိတ်ရှုပ်ထွေးခြင်းများစွာနှင့်အတူ မျက်မှောင်ကို တွန့်ချိုးပြီး ကြည့်လိုက်သည်။

"သားရယ် နွဘ်ဆက်ပုံကြီးဘဲ မလှလိုက်တာ၊

o——ရွှေအိုး——o



မျက်နှာကြီးကို ပြင်လိုက်ပါဦး။ ကြီးမေက သားကို လွမ်းနေတာ"

"တုံးစံအတိုင်း ကြီးမေကို ဖေဖေ ဖုန်းဆက်လိုက်ပြန်ပြီ မဟုတ်လား"

"သားရယ်. လူကြီးတွေကို နားလည်ပါကွယ်။ သားကို သိပ်ချစ်ကြလို့ပါ"

"အဲ့ဒါတွေ ခက်တာ"

ဟုဆိုကာ မျက်နှာကြီးကို တည်တင်းနေလိုက်သည်။

"ဘာလဲ . . . ဒီလောက်စူပုပ်နေပုံထောက်ရင် မပျော်လို့လား"

"ကြီးမေကို မတွေ့ခင်အချိန်ထိတော့ ပျော်တယ်"

"အမလေး . . . သားရယ် ပွင့်လင်းလွန်းလိုက်ဘာ"

"ကြီးမေကို ကြိုပြောထားမယ်။ သားကို ပချုပ်ချယ်နဲ့ ကလေးလို မဆက်ဆံနဲ့။ သား လူကြီးဖြစ်နေပြီ။ နို့မဟုတ်ရင် ကြီးမေနဲ့ တစ်စက္ကန့်လေးတောင် အတူမနေဘူး"

o——ရွှေပုံသော——o

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါရှင် ... ဟုတ်ကဲ့ပါ ... လိုက်နာပါ့မယ်"

တစ်ဦးတည်းသော မျိုးဆက်ဖြစ်သည့် သူ့ကို အခေါ် အပျိုကြီးနှစ်ယောက်က သိပ်ချစ်ကြသလို ဖေဖေက ဗိုဆိုး နေသေးသည်။

သူက ချစ်ခြင်းတွေကြားထဲ မွေးဖွားရှင်သန်လာရ သူမို့ ချစ်ခြင်းတွေကို ငြီးငွေ့နေသူတစ်ယောက်ပါ။



မြစ်ကြီးနား တက္ကသိုလ်မှာ ကျောင်းတက်တာ ၄၊ ၅ ရက်လောက်ပဲ ရှိသေးသည်။ ဘိပ်သဘောကောင်းသော သူမှာ သူငယ်ချင်းများစွာ ရှိနေပေပြီ။

မြစ်ကြီးနား တက္ကသိုလ်နေ့ရာမြို့မှာ ကားအကောင်း စားနှင့် တက်နိုင်သူဖြစ်၍လည်း သူက နာမည်ကြီး လှပါ သည်၊ သူ ဒီလိုမျိုး နာမည်ကြီးကျော်စောမှုကို မနှစ်သက်ပါ။

သူလည်း အများထကာလို ဆိုင်ကယ်နှင့် ကျောင်း သွားချင်ပါသည်။ သို့ပေမယ့် ရန်ကုန်သားစစ်စစ် သူက ဆိုင် ကယ် မစီးတတ်ပါ။ ကားပဲ မောင်းတတ်တဲ့သူကို ကြီးပေက

www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြီးနားရောက်တဲ့နေ့မှာပဲ ကားတစ်စီး စီစဉ်ပေးခဲ့ပါသည်။ ကားတစ်စီးကို မတောင်းဆိုဘဲ စီစဉ်ပေးခဲ့တဲ့ ကြီးမေကြောင့် သူ ဆိုင်ကယ်မောင်းသင်မည်ဟု မပြောဖြစ်တော့ပါ။

သူနဲ့ခင်နေကြတဲ့ သူငယ်ချင်းတွေက ဆိုင်ကယ်မစီးတတ်တဲ့သူ့ကို နည်းနည်းတော့ လှောင်ချင်ကြသည်။ သူ ဂရုမစိုက်ပါ။ ဘာကြောင့်လဲဆိုတော့ သူက အရာရာတိုင်းကို ဂရုတစိုက်နေတတ်တဲ့ ခပ်ပျော့ပျော့ လူတစ်ယောက် မဟုတ်လို့ပါပဲ။

သူငယ်ချင်းတွေက သူ့ကို ခင်မင်ကြသည်။ သူလည်း ရိုးသားပွင့်လင်းကြတဲ့ သူငယ်ချင်းတွေကို သိပ်ခင်မင်နေပါပြီ။ ဟန်ဆောင်မှုမရှိ၊ စိတ်ထဲရှိသည့်အတိုင်းသာ မသွယ်ဝိုက်ဘဲ တည့်တည့်ပြောတတ်သည့် သူတို့ကို သူ့ရင်ထဲ၌လည်း စူးနစ်အောင် ခင်မိလာပါသည်။ အခုဆို သူငယ်ချင်းတွေက သူ နောက်ကျနေလျှင်လည်း စောင့်မျှော်နေတတ်ကြသလို သူကလည်း သူငယ်ချင်းတွေကို မတွေ့လျှင် ရှာဖွေနေတတ်ပါပြီ။



သူငယ်ချင်းတွေအားလုံးက ဆိုင်ကယ်ကိုယ်စီနှင့်မို့ ကားအကောင်းစားနှင့် ကျောင်းတက်သော သူက အားလုံးထဲမှာ ထီးတည်းကြီးနဲ့ ပေါ်ပေါ်ထင်ထင်ကြီး ဖြစ်နေ၍ ဆရာဆရာမများကပါ သူ့ကို သတိပြုမိနေကြပါပြီ။ အချို့ကောင်မလေးတွေကဆို ခပ်ရဲရဲ သူ့ကို စလာကြသည်။

စကြလေမပေါ့။ သူဌေးသားလို့ နာမည်ကြီးတဲ့သူက သိပ်လည်းသန့်ပြန့် စမတ်ကျလွန်းလှတာကိုး။

ဒီနေ့လည်း ထုံးစံအတိုင်းပင် ဧရာဝတီမြစ်ကမ်းဘေးက ချစ်သူလမ်းဆိုသော အသုပ်စုံဆိုင်သို့ သူ့ကားခေါင်းကို လှည့်ချလိုက်သည်။ သူ့သူငယ်ချင်းတွေမှာ ဆိုင်ကယ်ဆီကုန်တယ်ဟု ပွင့်ပွင့်လင်းလင်းပြောကာ သူ့ကားမှာပင် ကပ်စီးကြ၍ သူ့ကားလေးမှာ သီချင်းသံ၊ စကားပြောသံတွေနှင့် ဆူညံနေပေတော့သည်။

"ဟေ့ကောင် ပါဠိ ဆိုင်ရှေ့ကို ဖြတ်သာ မောင်းချလိုက်"

"ဟာ! သူများတွေကြည့်ကုန်ကြပယ်။ ဒီနားပဲ ထိုး

www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်တော့မယ်"

ဟုဆိုကာ ကားကို လမ်းဘေးချရပ်လိုက်သည်။

သက်နောင်၊ အာဝု၊ ကျော်ကြီးတို့ဆင်းသွားကြသည်။ သူက နောက်ဆုံးမှ ဆင်းလိုက်ကာ သူတို့ လေးယောက် ဧရာဝတီမြစ်ကမ်းဘေးကို အဖီလေးထွဲကာ ဆောက်ထားသော စင်မြင့်လေးမှာ ဝင်ထိုင်လိုက်သည်။ ဒီဆိုင်မှာ ထိုင်ရတာ သူ သိပ်နှစ်သက်ပါသည်။

လေ့ငယ်လေးတွေ လော့်ခတ်နေကြတဲ့ ဧရာဝတီမြစ်ပြင်ကြီးကိုလည်း တွေ့ရသလို လတ်ဆတ်သော ရေရဲ့ သင်းရနံ့လေးကိုလည်း ရှူရှိုက်ရသည်။ ပြီးတော့ အသုပ်ကလည်း သိပ်အရသာရှိသည်။

အာဝုက ထုံးစံအတိုင်း စီးကရက်တစ်ပွဲ မှာလိုက်သည်။

သက်နောင်ကတော့ စူပါပလိမ်းကို သူ့အတွက်ပါ ပေါင်း၍ နှစ်ခွက်မှာပြီး ကျော်ကြီးအတွက် ရှောက်သီးသုပ်ပါ မှာလိုက်သည်။

○———ရွှေပေသာ———○



"မင်း သိပ်အလိုက်သိတယ်။ ဒါကြောင့် ချစ်နေရတာ"

"သွားစမ်းပါ ကျော်ကြီးရာ။ ရုပ်ကြမ်းကြီးနဲ့"

"အဲ့ဒီရုပ်ကြမ်းကြီးကိုပဲ ကောင်မလေးတွေက နှစ်သက်လှပါချည်ရဲ့တဲ့"

"မျက်မမြင်ကျောင်းက ကောင်မလေးတွေ ထင်တယ်"

အာဝုစကားကြောင့် သူတို့ ကျော်ကြီးကို ဝိုင်းရယ်လိုက်ကြသည်။

"အာဝု မင်း ဒေါက်မဖြုတ်နဲ့"

"ငါ မဖြုတ်လည်း မင်းဒေါက်က ပြုတ်နေပြီးသားပါ"

အာဝုရဲ့ ဒုတိယစကားကြောင့် သက်နောင်၊ အာဝု၊ ကျော်ကြီးတို့က ခိုးခိုးခစ်ခစ် ရယ်လိုက်ကြလျှင် ပါဠိဟာသာ ဘာမှနားမလည်နိုင် ဖြစ်သွားရသည်။ ဒါကို သက်နောင်က သဘောပေါက်စွာနှင့် . . .

○———ရွှေပေသာ———○

www.burmeseclassic.com

www.burmeseclassic.com



"မင်း နားမလည်နိုင်ဖြစ်သွားပြီမို့လား။ ဒီလိုကွ ငါ့ကောင်ရ။ မနေ့ညက ငါတို့သုံးယောက် ကောင်မလေးတွေ အဆောင်ရှေ့မှာ ပါလာသွားဆိုတာ ကောင်မလေးတွေက အသံကောင်းတယ်ဆိုပြီး အဆောင်ထဲက တခဲနက် အားပေးကြတော့ ဒီကောင်က ပေါ်ပြူလာဖြစ်ချင်ဇောနဲ့ ဆိုင်ကယ်ပေါ် တက်ပြီး မတ်တတ်ထရပ်ပြတာ ဆိုင်ကယ်ဒေါက် ပြုတ်ထွက်သွားပြီး ဝိုးလိုးပက်လက်ပဲ။ အဆောင်ထဲက ကောင်မလေးတွေ ဝိုင်းဟားကြလို့ ထွက်ပြေးလိုက်ရတာ မောနေတာပဲ"

ဟုဆိုလိုက်မှ ပါဠိက သဘောပေါက်သွားရသည်။

"ငါ ဒီနေ့ မကျောပွဲနဲ့မယ်"

"ဟေ့ကောင် . . .ကျော်ကြီး ပေါက်ကရတော့ ထပ်မလုပ်နဲ့။ တစ်ရက်က နှစ်ရက်ဖြစ်ကုန်မယ်။ မင်းက ယုံရတာ မဟုတ်ဘူး"

"တော်စမ်းပါ သက်နောင်ရာ။ ဘာလဲ မင်းက သတ္တိကြောင်ချင်ပြီလား"

"အောင်မာ . . . ဖောက်ကြည့် ဇန္နုလသွေး တစ်ဝက်





တိတိပါတယ်"

ဟုဆိုကာ သက်နောင်က မခံချင်စိတ်နှင့် လက်မောင်းကို စားပွဲပေါ်ထောင်ပြလိုက်သည်။

"ဒါဆို မင်း ငါနဲ့လိုက်ရဲလား"

"ဒါမျိုးတော့ သက်နောင်ကို လာမစမ်းနဲ့။ အဝီစိထိလိုက်တယ်"

"အဲ့ဒီကိုတော့ မင်းပဲ သွား။ ငါ မပါဘူး"

"သဘောပြောတာပါကွာ"

"အာဂု . . . မင်းရော လိုက်မှာလား"

အာဂုက စီးကရက်သောက်ရင်း ခေါင်းညိတ်ပြလျှင် . . .

"ပါဠိ မင်းရော"

"ငါ ကောင်မလေးတွေနဲ့ မပတ်သက်ချင်ဘူး"

"ပါဠိ မင်း ဒီအရသာကို မသိသေးလို့ပါကွာ။ ဒီနေ့တော့ မင်း မလိုက်ချင်လည်း အတင်းခေါ်ရမှာပဲ"

"အတင်းခေါ်ဖို့ မလိုပါဘူးကွာ။ လိုက်ဆိုလည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှာပါ"

"ဒါဆို ဒီကအပြန် အဆောင်ကို ဝင်မယ်"

"အဆောင်နာမည်က ဘာလဲ"

"ရှောက်ပန်းသီး"

"ဘာ! ဒီအဆောင်နာမည် ငါ တစ်ခါမှ မကြားဖူးပါလား။ နာမည်က ခပ်ဆန်းဆန်းပဲ"

ပါဠိရဲ့တွေးဆဆစကားကြောင့် သူတို့သုံးယောက် ပြုံးစိစိဖြစ်သွားကြကုန်သည်။ ထိုအခါ သက်နောင်က . . .

"ဒီလိုကွာ . . . မင်းက ရန်ကုန်သားဆိုတော့ သိမှာမဟုတ်ဘူး။ ကျွဲကောသီးကို သိလား"

"အေး . . . သိတယ်"

"အဲ့ဒီကျွဲကောသီးကို ငါတို့ ချင်းပြည်နယ်က ရှောက်ပန်းသီးလို့ခေါ်တယ်။ မိန်းလမ်းပေါ်က Friend လက်ဖက်ရည်ဆိုင်ရဲ့ရှေ့မှာ ရှောက်ပန်းသီးတွေ ပွင့်ခဲ့ပြီး သီးနေတဲ့အဆောင်လေ။ အဲ့ဒီအဆောင်ကို ငါတို့က ကင်ပွန်းတပ်ပေးထားတာ ရှောက်ပန်းသီးလို့"



"သိပါဘူးကွာ။ မင်းတို့အထာတွေ စကားတွေက တွန့်လိမ်နေတော့ ငါက နားမလည်နိုင်ဖြစ်သွားရတာပေါ့"

"အေး . . . အဲ့ဒီအဆောင်သာ တန်းမောင်းကွာ။ အဆောင်ရှေ့မှာ ထိုးရပ်လိုက်။ အဲ့ဒီမှာ ငါ့ညီမဝမ်းကွဲတစ်ယောက် ရှိတယ်"

ဟု ကျော်ကြီးက ဆိုပြန်လျှင် ပါဠိက မှတ်သားထားလိုက်သည်။

သူတို့အားလုံး စားသောက်ပြီးကြချိန်မှာ . . .

"ကျော်ကြီး . . . ဒီနေ့ မင်းအလှည့်"

ဟု သက်နောင်က သတိပေးလိုက်သဖြင့် ကျော်ကြီးက ပိုက်ဆံရှင်းရန် စားပွဲထိုးကို ခေါ်လိုက်သည်။

"ရှုတ် . . . ရှုတ်"

ကျော်ကြီး ခေါ်လိုက်ပေမယ့် စားပွဲထိုးလေးက မကြားပါ။

"ရှုတ် . . . ရှုတ်"

ဒုတိယအကြိမ် ခေါ်လိုက်ပေမယ့် စားပွဲထိုးလေးက

www.burmeseclassic.com

www.burmeseclassic.com



ကြားပုံမပေါ်။ စားပွဲထိုးက မကြားဘဲ တရှုတ်ရှုတ်နှင့်ခေါ်နေသော ကျော်ကြီးရဲ့ ကြောင်တောင်တောင်ပုံစံကိုကြည့်ပြီး ရယ်ချင်လာ၍ သူတို့ ရယ်လိုက်မိကြသည်။

သက်နောင်က . . .

"ကျော်ကြီး မင်းရဲ့ရှုတ်က သိပ်ပျော့နေလို့ဖြစ်မယ်။ ငါ ခေါ်မယ်"

ဟုဆိုကာ သက်နောင်က အားယူပြီး . . .

"ရှုတ် . . . ရှုတ်"

"ရှုတ် . . . ရှုတ်"

သက်နောင် နှစ်ခါဆင့်ခေါ်ပေမယ့်လည်း စားပွဲထိုးလေးက လှည့်မကြည့်။ သက်နောင်မှာ ကြောင်တောင်တောင်နှင့် နုတ်ခမ်းကို စေ့ပိတ်၍နေလိုက်သည်။ စိတ်မရှည်ချင်လာမိ၍ အာဝုရော၊ ကျော်ကြီးရော၊ သက်နောင်ပါ . . .

"ရှုတ် . . . ရှုတ်"

ပြိုင်တူရှုတ်လိုက်ကြ၍ ကျယ်သွားပေမယ့် စားပွဲထိုးလေးက ကြားပုံမပေါ်။ စားပွဲထိုးက မကြားပေမယ့် တခြား





ဝိုင်းကလူတွေ ကြားသွားကြပြီး သူတို့ကို လှမ်းကြည့်၍ ပြုံးစိစိလုပ်နေကြတော့ အမြဲတည်တည်တင်းတင်းနေလာတဲ့ ပါဠိက မျက်နှာပူသွားရသည်။ သူတို့သုံးယောက်ကတော့ အမြဲဇရှုတ်ကျနေကြမို့ ခပ်တည်တည်ပင်။

ထိုစဉ် အားလုံးထက် ဇရှုတ်ကျသော ကျော်ကြီးက လက်နှစ်ဖက်ကို လေထဲမြှောက်ကာ . . .

"ကယ်ကြပါဗျို့"

ဟု အသံကျယ်ကြီးနှင့် အော်လိုက်လေသည်။

ထိုအခါမှ တစ်ဆိုင်လုံးမှ လူတွေကလည်း သူတို့ကို ဝိုင်းကြည့်လာကြသလို စားပွဲထိုးလေးကလည်း ကြားသွားပုံနှင့် ပြေးလာသည်။

"ဘာကြောင့်လဲ အစ်ကို။ ဘာကြောင့် ဘာကူညီရမလဲ"

ဟု ရေးကြီးသုတ်ပျာမေးလာသည်။

အဲ့ဒီတော့မှ ကျော်ကြီးက ခပ်တည်တည်လုပ်ကာ

"ဘာမှမဟုတ်ဘူး။ ပိုက်ဆံရှင်းပလို့။ မင်း သိပ်နား



www.burmeseclassic.com

www.burmeseclassic.com



လေးတယ်။ ဂျပန်နားသန့်ဆေး ဆောင်ထား။ ဟုတ်ပြီလား"

ဟု ခပ်တည်တည်နှင့် ပိတ်ပေါက်လျှင် စားပွဲထိုးလေးမှာ နားမလည်နိုင် ကြောင်တောင်တောင် ဖြစ်သွားရသည်။

အဆောင်ရှေ့မှာ တားကို ထိုးရပ်ပြီး တွန်းကို တပွမ်ပွမ်တီးနေပေမယ့် တစ်ယောက်မှ ထွက်မလာခဲ့ပါ။

"ဒီနေ့ တွတ်ပီကံမကောင်းပါလား။ ဂျပန်နားသန့်ဆေး ဆောင်ရမယ့် လူတွေနဲ့ချည်း တိုးနေပါလားနော်"

ဟု ကျော်ကြီးက ခပ်ငေါ့ငေါ့ပြောလိုက်လျှင် . . .

"ဟာ . . . မထူးပါဘူးကွာ။ ဟော့ကောင် ကျော်ကြီး မင်းညီမနာမည် ဘာခေါ်သလဲ"

"ခရေဖီ"

"ဒါဆို ငါတို့ ပြိုင်တူအော်မယ်"

"အိုကေ . . . ဝမ်း . . . တူး . . . သရီး . . . ခရေဖီ"

သူတို့သုံးယောက် ပြိုင်တူအော်လိုက်ကြ၍ အသံမှာ ဟိန်းပြီး ထွက်လာသည်။

o——ျပား၀ာ——o



ထိုစဉ် ဝရန်တာဘက် ကောင်မလေးတစ်ယောက် ထွက်ရပ်လာကာ ခါးမှာ လက်ထောက်ပြီး . . .

"ဘာ ခရေဖီမှ မရှိဘူး။ သဘောဖြူပဲ ရှိတယ်"

ဟု ခေါင်ကြီးအောင့်ကြီး အော်ကာ ပင်သွားသည်။

"ဟော့ကောင်တွေ သဘောဖြူတဲ့ကွ"

ကျော်ကြီးက ပြုံးစိစိနှင့်ပြောလျှင် တစ်ချိန်လုံး ငြိမ်နေတဲ့ ပါဠိက . . .

"နာမည်လေးတာ ချစ်စရာလေး"

ပါဠိရဲ့ထွက်ကျလာတဲ့ အမှတ်မထင်စကားကြောင့် သူတို့သုံးယောက် ပါဠိနား ဝိုင်းအုံလာကြကာ . . .

"ပါဠိ မင်း လှုပ်ရှားလာပြီလား"

"မဟုတ်ပါဘူးကွာ။ နာမည်ကြောင့်ပါ။ စွာမယ့်ပုံပေါ်တယ်နော်"

"သဘောဖြူ . . . မှတ်ထား ဒီနာမည် ခရေဖို့ကို ပါတ်ဆက်နိုင်းရမယ်"

o——ျပား၀ာ——o

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆက်ပြီးရင်တော့ ဟော့ကောင် ကျော်ကြီး အတ်လိုက်က မင်းလား ငါလား"

"တော်ကြပါတော့ကွာ။ ကြာလာရင် မိန်းတာလေး တွေ နပ်န်းပွဲ ကျင်းပကုန်တော့မယ်။ တစ်မြို့လုံးက ခပ်ချော ချောကောင်မလေးတွေအားလုံးကို မင်းတို့ပဲ အကုန်ကြိုက် လိုက်တော့"

အာဝုက ငေါ့ပြီးပြောလိုက်လျှင် သက်နောင်နှင့် ကျော်ကြီးမှာ တဟဲဟဲနှင့် ရယ်နေကြလေသည်။

မောင်းထွက်သွားသော ကားအမြီးလေးကို ကြည့် ပြီး သဘောဖြူ စိတ်တိုနေမိသည်။ ဘယ်လိုလူတွေမှန်းမသိ။ စည်းမဲ့ကမ်းမဲ့ ကားဟွန်းသံကြောင့် သူမ နီးသွားရသည်။ ဒါ ကြောင့် သူမ စိတ်ဆိုးမာန်ဆိုးနှင့် အော်ပစ်လိုက်မိတာပင်။

သူမ ဆက်အိပ်လို့လည်း မရတော့ပြီမို့ ခုတင်ပေါ် မှာသာ ငုတ်တုတ်ထိုင်နေမိတော့သည်။ စောစောက လေး ယောက်ရဲ့မျက်နှာကိုသာ မြင်မိပြီး ရင်ထဲမှာ တနုံ့နုံ့နဲ့ ခံစား နေရသည်။





"ဟား! သွားပါပြီ"

သူမ လန့်ကာ အာမေဋိတ်သံထွက်လိုက်မိသည်။ အဲ့ဒါမှ ပြဿနာပဲ။ မီးခဲမှ တာကယ့်မီးခဲ ရဲရဲပင်။

ခုနက လေးယောက်ထဲမှာ ခရေဇီရဲ့အင်္ကိုဆိုသူ ပါတယ်ဆိုတာ သူမ ဖြည်းဖြည်းချင်း စဉ်းစားကြည့်မှ အတွေး ပေါ်လာသည်။ အဲ့ဒီပုဂ္ဂိုလ်သာ ခရေဇီကို ပြန်ပြောလို့က တော့ အားနာစရာတွေ့ဖြစ်ကုန်ပါပြီ။ ဒုက္ခပါပဲ။

ခရေဇီက ချောသည်။ မာနကြီးသည်။ ဒါပေမယ့် သူမအပေါ်တော့ အလွန်ပင် ကောင်းလှပါသည်။ သူမနဲ့ ခရေ ဇီမှာ ငယ်ငယ်တည်းက သူငယ်ချင်းတွေပင်။ ခရေဇီမှာ ချမ်း သာသလောက် သူမကတော့ ဆင်းရဲနုံချာလွန်းလှသည်။ သူ့မရဲ့ ကျောင်းစရိတ်တော်တော်များများကို ခရေဇီက ထောက်ပံ့ပေးတယ်ဆိုလည်း မမှားပေ။ ခရေဇီက ဟာန မင်းသမီးဟု နာမည်ကြီးပါသော်လည်း သူမအပေါ်တော့ ခု ချိန်ထိ မာနမကြီးခဲ့ဘူးပါ။ ကြီးကြီးကျယ်ကျယ် မဆက်ဆံ ပေးရုံမက အဖေဆောင်၏ ထမင်းလခတွေကိုပါ ဒိုင်ခံဖြေရှင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးတတ်ပါသေးသည်။ သူမက အားနာရလွန်း၍ ရတယ် မပေးပါနဲ့ဟု ပြောပေမယ့်လည်း လျှာမရှည်နဲ့ ဒါ ငါ ဆိုင် တစ်ခါ ထိုင်စာလောက်ပဲရှိတယ်ဟု အမြဲပြောလေ့ရှိသည်။

အမှန်က သဘောဖြူနဲ့ ခရေဇီတို့ရဲ့ဘဝက သိပ်ကို ခြားနားလွန်းလှသည်။ သဘောဖြူ ငယ်ငယ်တည်းက မိဘ နှစ်ပါး ဆုံးခဲ့ရပြီး ဖခင်၏ညီအစ်ကို တစ်ဝမ်းကွဲတော်သူ ဦးလေးဆီမှာသာ လက်တိုလက်တောင်း ကူလုပ်ရင်း ထမင်း စားခဲ့ရပါသည်။ ဦးလေးက သဘောကောင်းလွန်း၍ (၁၀) တန်းထိ ကျောင်းနေခဲ့ရသည်။ ကံကောင်းလွန်း၍လား ကြိုး စားလွန်း၍လား မသိ။ ကျူရှင်မယူပါဘဲနဲ့ (၁၀)တန်းကို နှစ် ချင်းပေါက် အောင်နိုင်ခဲ့ပြန်သည်။ ကံဆိုးစွာပဲ ဦးလေးက ရုတ်တရက် ငှက်ဖျားနှင့် ဆုံးသွားရာက ဘာမှသွေးမတော် သားမစပ်တဲ့ အဒေါ်ဖြစ်သူက သူမကို မကြည်ဖြူနိုင်တော့ ဘဲ သိသိသာသာရော မသိမသာပါ အိမ်ပေါ်မှ ဆင်းစေချင် တဲ့ အမူအရာမျိုး ပြလာသည်။

ဒါကို သိပ်မာနကြီးတဲ့ ခရေဇီက သိသွားပြီး





အဆောင်ငှားကာ ထားပေးသည်။ သူမက အားနာရလွန်း၍ မလုပ်ပါနှင့်ဟု ပြောလျှင်လည်း ခရေဇီက မခံချင်လွန်းလို့ဟု ပြောပါသည်။

ဒီအဆောင်ကို ရောက်တည်းက သူမဘဝ စာမျက် နှာသစ်က စတင်ခဲ့ပါသည်။ ဆွေမရှိ မျိုးမရှိ တစ်ကောင် ကြွက်ဘဝမို့ အားငယ်မိပေမယ့်လည်း ခရေဇီရဲ့ကျေးဇူး ကြောင့် အစစအရာရာ အဆင်ပြေခဲ့ရသည်။ သူမကလည်း လူငယ်တစ်ယောက်ရဲ့ မာန်မျိုးလည်းရှိသူဖြစ်ကာ သူများကို အားမကိုးဘဲ ကိုယ့်အားကိုယ်ကိုးချင်မိသည်။ ဒါကြောင့် မနက်ပိုင်းမှာ ရွှေတောင်ရှမ်းခေါက်ဆွဲဆိုင်မှာ စားပွဲထိုး ဝင် လုပ်ပြီး ညနေပိုင်းမှာတော့ စားသောက်ဆိုင်မှာ စားပွဲထိုး ဝင် လုပ်ခဲ့သည်။ ရသမျှ လခကို ချွေချွေတာတာနဲ့ သုံးစွဲနေ၍ အခုဆို အဆောင်ခ၊ ထမင်းခ၊ ကျောင်းစရိတ်ကအစ သူမ ဝင်ငွေနှင့် အဆင်ပြေနေပါပြီ။ အဆောင်မှူးကလည်း ဆင်းရဲ လွန်းသည့် သူမကို သနား၍ပဲလားမသိ ည(၉)နာရီမှ ပြန် လာတတ်တဲ့သူမကို စောင့်လေ့ရှိပါသည်။ သူမ ဒီလိုတွေ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်နေတာကို ခရေဖီ သိသွားသောအခါ မလုပ်နဲ့၊ ဒီလခလောက်တော့ ငါ ထုတ်နိုင်ပါတယ်ဟု ပြောသော်လည်း သူမက ခရေဖီကို နားလည်အောင် ရှင်းပြပြီး ကိုယ့်အားကိုယ်ကိုးပစ်လိုက်ပါသည်။

ခရေဖီက နည်းနည်းတော့ ထူးဆန်းပါသည်။

အိမ်ကြီး အိမ်ကောင်း အိပ်ခန်းကျယ်ကြီးတို့ ပစ်ပြီး အဆောင်မှာ နေဖူးသည်ရှိအောင်ဆိုပြီး သူမနှင့် ကပ်နေလာပါသည်။ သူမကလည်း ဒါကို ဝမ်းပန်းတသာ ကြိုဆိုခဲ့ပါသည်။ သူမအပေါ် သိပ်ကောင်းခဲ့တဲ့ ခရေဖီပဲလေ။

အိပ်ချင်မူးတူးနှင့် ခရေဖီရဲ့စည်သည်တွေကို အဲ့ဒီလိုကြီး ပြောမိလိုက်တဲ့အတွက် သူမ သိပ်စိတ်မကောင်းဖြစ်နေခဲ့ရပါသည်။

ဒုက္ခ။ အိပ်ချင်စိတ်ဖြစ်ပေါ်လာရင် တမူးရှူးထိုးဖြစ်တတ်တဲ့ သူမအကျင့်ကိုက ဆိုးလွန်းနေတာပါ။

ဆိုးဝါးမှန်းသိပေမယ့်လည်း အဲ့ဒီအကျင့်က ပြင်လို့မရ၊ အခုလည်း အဲ့ဒီအကျင့်ဆိုးကြီးကြောင့် ခရေဖီဆိုတဲ့





ကျေးဇူးရှင်မလေးကို အားနာရပြန်ပြီ။

သူမ ခေါင်းကိုသာ နှစ်ချက်ဆင့်ရိုက်ပြီး သက်ပြင်းပူကြီးကို မှုတ်ထုတ်မိတော့သည်။

ဆ



www.burmeseclassic.com

www.burmeseclassic.com



ကားသော့ကို လက်ညှိုးထိပ်မှာ လှည့်ကာ အိမ်ထဲကို ပေါ့ပါးသော ခြေလှမ်းတွေနဲ့ ဝင်လိုက်သည်။

"သားလေး သိပ်ပျော်နေပုံရတယ်။ မျက်နှာလေးကို ကြည်လင်လန်းဆန်းနေတာပဲ"

ဟု ကြီးမေက ကောက်ချက်ချလျှင် သူက ပြုံးမြမြလေးနှင့် အပေါ်ထပ်သို့ တက်မည်အပြုတွင် . . .

"လာပါဦး သားရယ်။ ထိုင်ပါဦး။ ကြီးမေနဲ့ စကားပြောရအောင်။ ကြီးမေမှာ သား တစ်စက္ကန့်မှ မနေမှာစိုးလို့ ဘာမှကို မပြောရဲရဘူး"

"ဟာ . . . ကြီးမေကလည်း"

ရှုမဝ



ဟုဆိုကာ ကြီးမေရဲ့ဘေးနားက ခုံလွတ်မှာ ထိုင်လိုက်သည်။

"ဘယ်လိုလဲ သား ကျောင်းတက်ရတာ အဆင်ပြေရဲ့လား"

"အင်း"

"လိုအပ်တာရှိရင် ကြီးမေကို ပြောနော်။ ကြီးမေ အားလုံး ဖြည့်ဆည်းပေးမယ်။ ကြီးမေပိုင်ဆိုင်သမျှအားလုံး သားပိုင်တာပဲ။ သား အခန်းထဲက စားပွဲပေါ်မှာ ဘဏ်စာအုပ်ထားထားတယ်။ သား ကြိုက်သလောက်သာ ထုတ်သုံး။ ဟုတ်ပြီလား"

"ရပါတယ်။ သား အဲ့ဒီလောက်ကြီး မလိုပါဘူး"

"အို . . . လိုလာတဲ့အခါ ရှိလေမပေါ့။ သားက မာနခဲလေးမို့ ကြီးမေဆီမှာ လက်ဖြန့်မှာ မဟုတ်လို့ ကြီးမေက စီစဉ်ထားပေးရတာ"

"သား ကျောင်းပြီးရင်တော့ အလုပ်တစ်ခုခု လုပ်ဖြစ်မှာပါ"

ရှုမဝ

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . သားရယ် ငယ်ငယ်ပဲရှိသေးတာကို၊ အေးဆေးပေါ့။ ပျော်ပျော်သာနေပါ"

"ဟော ကလေးတစ်ယောက်လို ပြောဖြန့်ပြီလား"

"ဩော် . . . ဆောရီး . . . ဒီပါးစပ်က အကျင့်ပါနေလို့ပါ"

ဟု ကိုယ့်ကိုယ်ကို အပြစ်တင်နေသည်ကို သူ ရယ်ချင်လာမိ၍ မရယ်မိအောင် ထိန်းရင်း အပေါ်ထပ်သို့ ပြေးတက်လိုက်သည်။

သူ အခန်းထဲဝင်ကာ ခဏနားပြီး ရေချိုးလိုက်သည်။ ရေအေးအေးရဲ့အတွေ့ကြောင့် လန်းဆန်းသွားရသည်။

မြစ်ကြီးနားရောက်တာ ကြာပြီဖြစ်၍ လမ်းတွေကို ကျွမ်းကျင်နေပါပြီ။ ကားနဲ့ပဲ အမြဲသွားလာနေရ၍ ပျင်းရိငြီးငွေ့လာတာကြောင့် ညနေခင်းလေးမို့ လမ်းလျှောက်ထွက်ဖို့ စိတ်ကူးမိလိုက်သည်။ ဒါကြောင့် အင်္ကျီကို ပေါ့ပေါ့ပါးပါးလေး ရွေးဝတ်ကာ လမ်းလျှောက်ထွက်ခဲ့လိုက်သည်။

●———မြွေဆော———●



သွားလာလှုပ်ရှားနေကြသော လူတွေကြားမှာ သူက ပေါ့ပါးစွာ သက်သောင့်သက်သာပင်။

လမ်းမကြီးပေါ်မှာ လျှောက်ရတာ ကြောင်တောင်တောင်နိုင်လွန်း၍ လမ်းသွယ်လေးထဲ ကွေ့ဝင်လိုက်သည်တွင် တစ်ဖက်မှ အရှိန်ပြင်းပြင်းနင်းလာတဲ့ စက်ဘီးကြောင့် သူ ရှောင်လိုက်သည်။

သူ ရှောင်လိုက်တဲ့ဘက်သို့ပဲ စက်ဘီးကလည်း လိုက်ရှောင်လိုက်သဖြင့် ဝုန်းဆို တိုက်မိသွားကြသည်။

စက်ဘီးသမားကလည်း စက်ဘီးတခြား လူတခြား လွင့်သွားသလို သူလည်း ဖင်ထိုင်လျက်လဲကျသွားလေသည်။

ရွှေပင်ပန်တိုလေးနှင့် ကောင်မလေးက သွက်လက်စွာပင် ကုန်းထလာပြီး သူ့ကို တွဲထူလာသည်။

"ဆောရီးပါ . . . သဘောဖြူ အရမ်းနောက်ကျနေလို့၊ ရှင် သိပ်နာသွားလား။ အို . . . ဒုက္ခပဲ တကယ် တောင်းပန်ပါတယ်"

●———မြွေဆော———●

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ သူ့ကိုတွဲထူလာသော ကောင်မလေးကို သူ လှမ်းကြည့်လိုက်သည်။ သူ့ရင်ထဲမှာ လှိုင်းဂယက်တာလေး ရိုက်ခတ်သွားသည်။ ဘာကြောင့်လဲ။ သဘောဖြူဆိုတဲ့ နာမည်လေးကြောင့်လား။ သူ မသိပါ။ သူ သိနေတာက ထို နာမည်လေးနှင့် ခပ်ဆတ်ဆတ်အော်လိုက်တဲ့ သူမအသံ စာစာလေးကိုပါ။

အဆောင်မှာ သူတို့ကိုအော်လိုက်တဲ့ မိန်းကလေး ပဲဆိုတာ အသံညက်ညက်ကလေးကြောင့် သူ ချက်ချင်း သိ လိုက်သည်။ သူမ၏ တံတောင်ဆစ်မှာ ပွန်းရှပြီး ညိုသကျည်း က ညိုမည်းနေ၍ သူမလည်း အတော်နာသွားမည်ဆိုတာ သူ ခန့်မှန်းမိလိုက်သည်။ နာသွားကြတာချင်းတူတူ သူမက မိန်းကလေးဖြစ်ပါရဲ့နဲ့ သူ့လိုယောက်ျား ရင့်မာကြီးကို လာတွဲ ထူနေသေးတာကြောင့် အဖြစ်အပျက်ကို နည်းနည်းတော့ ရယ်ချင်သွားရသည်။

သူ့ခြေထောက်က စက်ဘီးနှင့်ပွတ်မိ၍ အတော် နာသွားရသည်ဖြစ်ရကား သူမလေး လာတွဲထူတာတောင်

●——ရွှေဝေသာ——●



ခြေထောက်က မထောက်နိုင်သေးပါ။

"ခြေထောက် မျက်သွားတာ ထင်တယ်"

"ဟင် . . . ဒုက္ခပါပဲ။ အတော်နာနေလား။ ရှင် ဒီမှာ နေခဲ့ဦးနော်၊ လာ . . . သဘောဖြူ တွဲပေးမယ်။ ဟိုနားက ခုံမှာ ထိုင်နေနော်။ (၅)မိနစ်ပဲစောင့်။ သဘောဖြူ ဆေးဝယ် ခဲ့မယ်"

"ဟော့ . . . နေဦး အနာကျက်ဆေးနဲ့ မန်းဆေးပါ ဝယ်ခဲ့"

"ရှင် . . . ဩော် . . . အင်း"

သူမ နားမလည်နိုင်ဖြစ်သွားရသည်။ ဒီလူက ခြေ ထောက်မျက်သွားတာပဲ။ ထွန်းရွှေဝါတို့လိုမျိုးဟာ လူးရမှာ လေ။ ဘာကြောင့် အနာကျက်ဆေးနဲ့ မန်းဆေးဝယ်ခိုင်းတာ ပါလိမ့်။ သူမ စဉ်းစားမရ။ သို့ပေမယ့် လမ်းမှားသူက သူမပဲမို့ သူမှာတဲ့ဆေး ဝယ်ပေးလိုက်သည်။

"မင်း မြန်သားပဲ"

"ဒီလမ်းထွေက သဘောဖြူ ကျွမ်းပြီးသားပါ။ ရှင့်

●——ရွှေဝေသာ——●

www.burmeseclassic.com

www.burmeseclassic.com



ဒူးကို သဘောဖြူ နှိပ်ပေးလို့ရမလား။ ဟို . . . သဘောဖြူက များတဲ့လူဆိုတော့ တာဝန်ကျေချင်လို့ပါ။ ဆေးခန်းသွားရအောင်လည်း သဘောဖြူမှာ ပိုက်ဆံများများ မရှိလို့။ ခြေထောက်မျက်တာလောက်တော့ နည်းနည်း နှိပ်တတ်ပါတယ်"

ဟုဆိုကာ သူ့ခြေထောက်နား ထိုင်ချလိုက်သည်။

သူ ခွင့်ပြုရမှာလား၊ ခွင့်မပြုရဘူးလား ဝေခွဲမတတ်ဖြစ်နေစဉ်မှာပဲ သူမလေးက မရဲတရဲလေးနှင့် သူ့ခြေထောက်ကို ဖွဖွကိုင်လာပါသည်။

သူမစိတ်ထဲ လှုပ်ရှားနေမိသည်။ သူမ အမှားတစ်ချက်အတွက် တခြားလူမှာ ထိခိုက်နာကျင်သွားရ၍ ဒီအတွက် သူမမှာ တာဝန်လုံးလုံးရှိနေသည်။ အမျိုးသားမို့ တစ်ယောက်ဖြစ်နေ၍ သူမမှာ အခက်တွေ့နေရပါသည်။ နောက်ဆုံးမှာတော့ မျက်စိကို စုံမှိတ်ကာ သူ့ခြေအစုံကို ဆေးလူးပေးလိုက်မိတော့သည်။ သူ့အသားကို ကိုင်လိုက်ရတဲ့ အတွေ့ကြောင့်လည်း သူမ ရင်ဖိုသွားရသည်။ ဒါပေမဲ့





ဘာတတ်နိုင်တော့မှာလဲ။

သူ့ခြေထောက်ကို ဆေးလူးကာ နှိပ်နယ်ပေးနေတဲ့ သဘောဖြူဆိုတဲ့ ကောင်မလေးကို ကြည့်ရင်း သူ့ရင်ထဲကို ကရုဏာလှိုင်းဂယက်လေးတွေ တိုးဝင်လာရသည်။ ထို မိန်းကလေးကို ဒီလိုလေးကြည့်ခွင့်ရတာကိုပဲ သူက နှစ်သက်နေမိသလိုပင်။ ဒါကြောင့် သူလည်း ရပါတယ်ဟုမပြောဘဲ ငြိမ်ပြီး ခံယူနေလိုက်သည်။ ဒါ သူ အတွေ့ကြီးနေပြီလား။ သူမမှာလည်း သွားစရာရှိနိုင်ကောင်းတန်ရဲ့ဟု တွေးမိကာ . . .၊

"မင်းမှာ အရေးကြီးသွားစရာရှိရင် သွားပါ။ ကိုယ်က ရပါတယ်"

"အဲ့လိုလည်း မဟုတ်ဘူးလေ။ ခုလိုဖြစ်ရတာ သဘောဖြူကြောင့်ပါ။ သဘောဖြူမှာ တာဝန်ရှိပါတယ်။ ဒီနေ့ အလုပ်လည်း နောက်ကျတော့မယ့်အတူ မထူးတော့ပါဘူး"

"အလုပ်"

သူက စပ်စုချင်သွားကာ စကား ထောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အင်း . . . ဟုတ်တယ်။ သဘောဖြူက ဟိုနားလေးက စားသောက်ဆိုင်မှာ လုပ်တာ။ နောက်ကျရင် မန်နေဂျာက ဆူတယ်။ အဲ့တော့ မထူးတော့ဘူး တစ်ရက် ပျက်လိုက်တော့မယ်"

"ကိုယ် စိတ်မကောင်းပါဘူး"

"ရှင်က အဲ့လိုပြောလိုက်တော့ ဒီက သိပ်အားနာရပါတယ်။ ရှင် လမ်းလျှောက်နိုင်ပါ့မလား။ ဖြစ်နိုင်ရင် ရှင့်အိမ်ထိ လိုက်ပို့ပေးမယ်လေ"

"ကိုယ် တစ်ခုခုစားဖို့ ထွက်လာတာ"

ဟု သူပြောမိပြောရာ ပြောချလိုက်သည်။ အမှန်တော့ သူ့မှာ ဘာမှစားသောက်ဖို့ အစီအစဉ် မရှိ။ သူမလေးနှင့် စကားပြောရတာကို ပျော်ရွှင်မိ၍ ပြောလိုက်မိခြင်းရယ်ပါ။

သူ့စကားကြောင့် သူမက အားတုံ့အားနာပုံစံလေးနှင့် . . .





"ဒါဆို ရှင်စားချင်တဲ့ဆိုင်ကို လိုက်ပို့ပေးမယ်လေ"

"အဲ့ဒါဆို သိပ်အဆင်ပြေသွားတာပေ့ါ"

"ရှင် စက်ဘီးနားထိ လမ်းလျှောက်နိုင်ပါ့မလား။ ဩော် . . . ရတယ် စက်ဘီးကို ဒီနားလေးတွန်းခဲ့ပုံကမယ်"

ဟု ပြောပြောဆိုဆိုနှင့် စက်ဘီးကို တွန်းခဲ့လိုက်သည်။ သူမက စက်ဘီးပေါ်တက်လိုက်ပေမယ့်လည်း သူက မတက်သေးတာကြောင့် . . .

"တက်လေ"

ထိုအခါမှ သူက အနည်းငယ်ပြုံးယောင်ယောင်လေးနှင့် သူမနောက်က ကယ်ရီယာခုံမှာ ထိုင်လိုက်သည်။ ကောင်မလေးရဲ့ စက်ဘီးသေးသေးလေးက သူ့ခန္ဓာကိုယ်ကြီးကို မနိုင့်တနိုင်နှင့် ထမ်းပိုးထားရသည်။

သူက အားနာမှုမဖြစ်မိဘဲ ပြုံးစိစိနှင့်ပင် လိုက်စီးနေသေးသည်။ သေးသေးညှက်ညှက်နှင့် ဖြူသွယ်သွယ် မိန်းကလေးတစ်ယောက်က သူ့လို မြင့်မြင့်မားမား ထွားထွားကျိုင်းကျိုင်းနှင့် ယောက်ျားရင့်မာကြီးကို စက်ဘီးပေါ် တင်



www.burmeseclassic.com

www.burmeseclassic.com



နင်းနေ၍ ဆိတ်ကလေးက ဆင်ကြီးကို ချီနေသလိုဖြစ်နေရ၏။ အမှန်တော့ သူခြေထောက်လည်း ဘယ်လောက်မှ မနာတော့ပါ။ ကောင်မလေး နှိပ်ပေးတာပဲကောင်းနေ၍လား မသိ သူခြေထောက်ထောက်နိုင်နေပါပြီ။ သို့ပေမယ့် သူ ကောင်မလေးကို သက်သက်ညှဉ်းဆဲချင်နေ၍ ဟန်ဆောင်နေလိုက်သည်။

"ရှင် . . . ဘယ်ဆိုင်သွားမှာလဲ"

ကောင်မလေးက ရုတ်တရက် မေးလာတော့လည်း သူမှာ အဖြေမရှိပါ။ ဘာကြောင့်လဲဆိုတော့ အစောတုန်းကမှ သူ့မှာ စားသောက်ဖို့ အစီအစဉ်ရှိမနေခဲ့တာကိုး။

"အွန် . . . အဲ"

"ဘာ . . . သဘောဖြူ မကြားရဘူး။ ကျယ်ကျယ်ပြော"

သူက ဘာမှမပြောရသေးဘဲ သူမက ဘာကြားနေရဦးမှာလဲ။ သူ့စိတ်ထဲ ရယ်ချင်သလိုလည်း ဖြစ်လာမိတာ ဒီလောက် အပြစ်ကင်းစင်ပြီး တုံးအတဲ့မိန်းကလေးကိုလည်း





စချင်လာမိ၍အရွဲ့တိုက်ပြီး . . .

"ကိုယ်က ဒီက မဟုတ်ဘူး။ မြစ်ကြီးနားမှာ ဘာ ကောင်းမှန်း မသိဘူး။ ကောင်းတဲ့ဆိုင် လိုက်ပို့ပေး"

"အို . . . ဒီလောက်ကြီးလည်း နားမကန်းပါဘူး"

သူမက မကျေမနပ်ကလေးနှင့် ပွစိပွစိလေး ပြောလာပြန်၍ သူက သဘောကျကာ ရယ်လိုက်မိသည်။ ဘာကြောင့်မှန်းမသိ ဒီကောင်မလေးကို အဲ့လိုလေး စရတာ သူ ပျော်နေမိသည်။ ဝရန်တာကနေ ခပ်ဆတ်ဆတ်ကလေး အော်လိုက်တည်းက ဒီကောင်မလေးကို သူ စိတ်ဝင်စားသွားမိခဲ့တာပါ။ အခုတော့လည်း တိုက်တိုက်ဆိုင်ဆိုင်ပင် အမှတ်မထင် ကြုံကြုံဖန်ဖန် ဆုံတတ်ပြန်သေးသည်။

ကောင်မလေးက လမ်းချိုးသေးသေးလေးထဲ ချိုးဝင်ပြီး ဆိုင်ရှေ့မှာ ရပ်လိုက်သည်။

"ရှင် ဆင်းနိုင်ရဲ့လား"

"ဆင်းနိုင်မယ် မထင်ဘူး။ အား . . . နာတယ်"

သူ ဟန်ဆောင်ကာ အော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အော်သံကြောင့် ကောင်မလေးမှာ ပျာသွားရကာ . . .

"အို . . . ဒုက္ခပဲ၊ သဘောဖြူကို တွဲလာ။"

သူမက မချင့်မရဲလေးပြောလိုက်တာပေမယ့် သူက မလုံတလုံလေး ပြုံးပြီး လက်တာမ်းပေးလိုက်သည်။

အမှန်တော့ သူ့ခြေထောက်က ကောင်းနေပါပြီ။ ဟန်မဆောင်တတ်သော သူက မနည်းဟန်လုပ်နေရ၍ သိပ်မပီပြင်လှပါ။ သူ တမင်ဟန်လုပ်နေတယ်ဆိုတာ တခြားလူတွေ အလွယ်တကူသိနိုင်ပေမယ့် သဘောဖြူဆိုတဲ့ ငတုံးမလေးတော့ နည်းနည်းမှ ရိပ်မိပုံမရပါ။

"ဒီဆိုင်က အမဲလုံး သိပ်ကောင်းတာ။ သဘောဖြူ ရှင့်အတွက် တစ်ပွဲမှာပေးလိုက်မယ်နော်"

"မင်းရော"

"ဟွန့်အွန်း"

"မင်းအတွက်ရော မှာလိုက်ပါ။ ကိုယ် တစ်ယောက်တည်းကြီးကျတော့ မစားတတ်ဘူး"



"ဟင် . . . သဘောဖြူက ပြန်လို့မရသေးဘူးလား"

"မင်း ကိုယ့်ကိုနာကျင်အောင်လုပ်ထားတာပဲ။ အိမ်ရောက်တဲ့ထိတော့ မင်း တာဝန်ယူသင့်တာပေါ့ကွ။ နှစ်ပွဲ မှာလိုက်။ ကိုယ်ရှင်းမှာပါ"

"ဟာ . . . ရပါတယ်။ အားနာ . . ."

"ကိုယ်က အဲ့လို အားနာတာတို့ ဟန်ဆောင်တာတို့ဆိုတာကို သိပ်မုန်းတာ"

ဟု သူကပြောလိုက်လျှင် သူမ မျက်လုံးလေးတွေ လင်းလက်သွားပြီး အမဲလုံး နှစ်ပွဲမှာလိုက်သည်။

"မင်း ဒီနေ့ ကိုယ့်ကြောင့် အလုပ်ပျက်သွားရတာပေါ့"

"ရှင့်ကြောင့်ချည်းတော့ မဟုတ်ပါဘူး။ သဘောဖြူ နမော်နမဲ့နိုင်တာကြောင့်လည်း ပါပါတယ်"

"မင်း အဲ့လိုအလုပ်ပျက်တော့ ဘယ်လောက် နစ်နာသွားလဲ၊ ဆောရီးကွာ . . . ကိုယ် သိပ်စိတ်စုလွှန်းသွားတယ်"

"ရပါတယ်။ ဘယ်လိုမှမထင်ပါဘူး။ တစ်ရက်ပျက်

www.burmeseclassic.com

www.burmeseclassic.com



ရင် ၁၃၀၀/ နစ်နာတယ်"

သူမက ပြုံးပြုံးလေးပြောလိုက်လျှင် သူ့ရင်ထဲ ထိနိုက်သွားရသည်။

ဘုရားရေ သူမ ဘာတွေပြောနေမိပါလိမ့်၊ အခုမှ တွေ့တဲ့ယောက်ျားတစ်ယောက်ကို အဲ့လိုကြီး မပွင့်လင်းသင့်ဘူးလေ။ ဘာတွေဖြစ်နေတာလဲ။ သိပ်လှုပ်ရှားနေတဲ့ရင်အစုံကိုလည်း အသိဉာဏ်တစ်ခုနှင့် ထိန်းချုပ်နေမိသည်။ သို့ပေမယ့် မရပါ။ သူ့အကြည့်တစ်ချက်မှာပင် ပရမ်းပတာရင်ခုန်နေသည့် သူမနှလုံးသားကြောင့် အခက်တွေ့နေရပါသည်၊

အသားလုံးနှစ်ပွဲချလာ၍ အာရုံတွေကို စုစည်းပြီး ခေါင်းမဖော်စတမ်း စားသောက်လိုက်ရာ ခဏတွင်းပင် ကုန်သွားသည်၊ ကုန်သွားတော့မှ သူ့ကို မော့ကြည့်မိလိုက်ရာ သူက သူမကို မျက်လုံးပြူးကြီးနဲ့ စိုက်ကြည့်နေ၍ သူမမှာ အားတုံ့ အားနာဖြစ်သွားရသည်။ ဒုက္ခပါပဲ၊ သူမ ဘယ်လိုတွေဖြစ်နေတာလဲ။ အခြားယောက်ျားလေးရှေ့မှာ အစားစားတာကို အနည်းငယ် ဟန်လေးတော့ ဆောင်သင့်သည်လေ၊ အခု





တော့ ပန်းကန်ထဲမှာ ဟင်းရည်တစ်ပေါက်တောင် ကျန်မနေတော့။ သူမ နည်းနည်းတော့ ရှက်သွားမိပြန်ပါသည်။

"ဝဝပ်ယူဦးမလား"

"ဟာ ... ဟင့်အင်း ... ဟို ... အား ... ဝသွားပြီ။ ဗိုက်တင်းသွားပြီ"

ဒုက္ခပဲ၊ သူမ ဘာတွေဖြစ်နေရတာလဲ။ အမှားချည်းထပ်နေပါလားနော်၊

"မင်းဆိုင်ရွေးတာ တော်တယ်"

ဟု သူကချီးမွမ်းကာ ဘောင်းဘီအိတ်ထဲမှ ပိုက်ဆံနိုက်၍ ရှင်းလိုက်သည်၊

"ရှင့်ကို ဘယ်ပို့ပေးရမလဲ"

"မင်းအဆောင်ပြန်နောက်ကျနေမယ်။ ရှေ့နားလေးမှာပဲ ရပ်လိုက်တော့"

ဟုဆိုလာ၍ သူမက သူပြောတဲ့နေရာမှာပဲ ရပ်သွားပြီ။

"သဘောဖြူ သွားတော့မယ်။ ဪ ... ဒီမှာ ရှင့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အနာကျက်ဆေးနဲ့ မန်းဆေး"

"အဲ့ဒါ မင်းအတွက်။ အ‌ဆောင်ရောက်ရင် အဲ့ဒါ လူး ပြီးမှ အိပ်။ မနက်ကျရင် သက်သာသွားလိမ့်မယ်"

ဟု သူကဆိုသဖြင့် သူမ ကြောင်တောင်တောင်နှင့် ဆေးတွေကို အိတ်ထဲ ပြန်ထည့်ကာ စက်ဘီးနင်းပြီး လာခဲ့ လိုက်ပြန်သည်။

စက်ဘီးသာနင်းနေရပေမယ့် ထိုလူရဲ့မျက်နှာ ခပ် ချောချောက သူမအာရုံထဲမှာ နှောင့်ယှက်နေသည်။

"အဆောင်ပြန်နောက်ကျနေပါ့မယ်"

"အဆောင်ရောက်ရင် အဲ့ဒါတွေ လူးပြီးမှ အိပ်"

ဟာ ဒါ့ဆို ငါ အဆောင်မှာနေတာ သူ သိနေတာ လား။

ဟာ မှားပြန်ပြီ။ သူ့နာမည် ဘာကြောင့်မမေးလိုက် တာပါလိမ့်။ နောက်ရော သူနဲ့ထပ်တွေ့နိုင်ဦးမှာလား။ ဟာ မဖြစ်ဘူး။ နာမည်လေးတော့ သိဖို့လိုတယ်ဟု သူမ တွေးမိ ကာ စက်ဘီးကို ပြန်ကွေ့ချလိုက်သည်။

ရွှေပဒေသာ



သို့ပေမယ့် ထိုပုဂ္ဂိုလ်လေးက သူမ ချထားပေးခဲ့ သော နေရာမှာ ရှိမနေတော့ပါ။ သူမ ရင်ထဲ ဝမ်းနည်းသလို လွမ်းသလို ခံစားလိုက်ရသည်။ ထိုပုဂ္ဂိုလ်ခပ်ချောချောလေး ရဲ့ အပြုံးကို သူမ သိပ်နှစ်သက်သွားမိသည်။

သူမလို အညတရ ဆင်းရဲသားမလေးကို ကြင်ကြင် နာနာ ပြုံးပြမည့် ကိုလူချောလည်း ရှိနေသေးတာကြောင့် သူမ ရင်ထဲ ကြည်နူးပီတိလေးဖြစ်မိပါသည်။

သူမ အလုပ်လုပ်ရသော စားသောက်ဆိုင်မှာဆို သူမကို ရွံရှာက်ဖိုးဝေဝေနှင့်သာ ကြည့်တတ်ကြသည် မဟုတ် ပါလား။

ထိုပုဂ္ဂိုလ်လေးရဲ့ အပြုံး ကြည်ကြည်နဲ့ အကြည့်နုနု လေးတွေကို သူမ နှစ်ခြိုက်မိသွားရသည်။

ထိုသို့ မရိုးမသားလေးတွေးမိလိုက်တိုင်း သူမ ရင်ထဲ ရှက်စိတ်လေး ဖွေးဖွေး ပေါ်သွားရတော့သည်။

ရွှေပဒေသာ

www.burmeseclassic.com

www.burmeseclassic.com



မနေ့က စက်ဘီးနှင့်ပွတ်မိထားသောကြောင့် ခြေထောက် နည်းနည်းနာနေသေး၍ သူ မနက်စောစော ထပြေးဖို့ စိတ်ကူးလိုက်သည်။ သူ စက်ဘီးတိုက်မိထားတဲ့ကိစ္စကို ကြီးမေ မသိပါ။ သိများသိလို့ဖြစ်တော့ ဟဲဟဲဆတ်ဖြစ်နေဦးတော့မည်။ ပေါ့ပေါ့ပါးပါး ဝတ်စုံကို ရွေးဝတ်ကာ အားကစားဖိနပ် အဖြူရောင်ကိုစီး၍ မပြေးခင် သွေးပူလေ့ကျင့်ခန်းအဖြစ် ခုန်လိုက်သည်။

"သား ဒီနေ့ အစောကြီးပါလား"

"ရာသီဥတုနည်းနည်းအေးတော့ ပြေးကျင့်မလားလို့"





"ကျန်းမာရေးအတွက် ကောင်းတာပေါ့။ လမ်းမှာ ဆိုင်ကယ်တွေ သိပ်ပေါတာ။ သတိထားဦးနော်"

ဟု ကြီးမေက သူ့ကို လှမ်းမှာနေသေးသည်။

ကမ်းနားလမ်းဘက် ဖြတ်ဝင်ကာ ပေါ့ပေါ့ပါးပါးနှင့် တရွေ့ရွေ့ ပြေးလိုက်သည်။ လမ်းမှာ သူလိုပဲ အပြေးလေ့ကျင့်နေသူ၊ ကျန်းမာရေးအတွက် လမ်းလျှောက်နေသူ၊ လေကောင်းလေသန့် ရှူနေသူ အချို့ကို တွေ့ရသည်။

လတ်ဆတ်သော လေထုရဲ့ သင်းရနံ့ကြောင့် သူ အထူးပင် စိတ်ကြည်လင်လန်းဆန်းနေရသည်။

အချိန်အတော်လေး ဖြုန်းပြီးချိန်မှာ အိမ်ပြန်လမ်းကို လှည့်လိုက်သည်။ ရွှေတောင်ရှမ်းခေါက်ဆွဲဟု ရေးထားသော ဆိုင်းဘုတ်ကို မထင်မှတ်ဘဲ တွေ့လိုက်ရစဉ်မှာ ကြီးမေ ပြောဖူးတဲ့စကားကို အမှတ်ရလိုက်သည်။ ရွှေတောင် ရှမ်းခေါက်ဆွဲက သိပ်စားလို့ကောင်းတာဟု ကြီးမေ ပြောဖူးတာကို သူ နားစွန်နားဖျား ကြားဖူးခဲ့သည်။ ရှမ်းခေါက်ဆွဲဆိုတာကို စားကြည့်ဦးမှပဲ။ သူ ထိုဆိုင်လေးထဲ ဝင်လိုက်တာနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူမက သူ့နားလာကပ်ကာ . . .

"အစုတော့လည်း ခြေထောက်က အကောင်းကြီး ပဲ"

ရင်းနှီးနေသော အသံတစ်ခုကြောင့် သူ မော့ကြည့်လိုက်သည်။

"သဘောဖြူ"

သူ သိပ်အံ့ဩသွားမိသည်။ အစုတော့လည်း သူမက စားပွဲထိုးဝတ်စုံလေးနှင့်။

"သူများကတော့ သူ တော်တော်နာသွားတယ် ထင်ပြီး စိတ်မကောင်းလိုက်ရတာ"

သူမက ပြုံးစုစုလေး ပြောလိုက်၍ သူက မလုံမလဲဖြစ်သွားရကာ ဟက်ခနဲ ရယ်လိုက်သည်။

"ဘာသုံးဆောင်မလဲ"

"မင်းက အစားအစာရွေးတာ သိပ်တော်ပါတယ်။ ချချင်ရာသာ ချ"

သူ ပြောချလိုက်တော့ သူမလေးက သူ့ရှေ့မှ လှစ်





ခနဲ ပျောက်သွားပြန်သည်။

ခဏအကြာမှာ အငွေ့တထောင်းထောင်း ထနေသော ကြက်ပေါင်းခေါက်ဆွဲ တစ်ပွဲ လာချပေးပါသည်။ အပြစ်ကင်းလှသည့် သူမလေးမျက်နှာကို သူ ခပ်ပြုံးပြုံးလေး ကြည့်ကာ ခေါက်ဆွဲပန်းကန်ကို တူနှင့် ရောမွှေကာစားလိုက်သည်။

အရသာက တစ်မျိုးလေး ထူးခြားနေတာကြောင့် နှစ်သက်သွားရသည်။ အလုပ်သိပ်လုပ်သော ထိုမိန်းကလေးကိုလည်း သူ စိတ်ဝင်စားသွားရသည်။ ထိုမိန်းကလေးက အဆောင်သူတစ်ယောက်ဖြစ်နေလို့ရော စကားပြောဆိုပုံ အနေအထားကြောင့်ပါ တက္ကသိုလ်ကျောင်းသူတစ်ယောက် ဖြစ်လိမ့်မယ်ဆိုတာ သူ သိနေပါသည်။ သို့ပေမယ့် သူမက ညနေခင်းရော မနက်ခင်းပါ အလုပ်တွေနဲ့ချည်းမို့ သူ စဉ်းစားရ ကျပ်သွားသည်။

အစာစားနေပေမယ့်လည်း ထိုမိန်းကလေးအကြောင်းက ခေါင်းထဲမှာ ပြွတ်သိပ်နေခဲ့သည်။ သူကိုယ်သူတောင် နား



www.burmeseclassic.com

www.burmeseclassic.com



မလည်နိုင် ဖြစ်သွားရပြန်သည်။ သူဘယ်တုန်းကမှ တခြား လူတစ်ယောက်အကြောင်း စိတ်မဝင်စားခဲ့ဖူးလို့ပါ။

သို့ပေမယ့် သူ ထိုမိန်းကလေးအကြောင်း စဉ်းစား ကြည့်ရတာကို ပျော်နေမိသလိုပင်။

အတွေးအချို့နှင့် ကောင်မလေးကို ခိုးကြည့်လိုက် တော့ စိတ်ပါလက်ပါ စားပွဲတွေ သုတ်လိုက်၊ စားသူလာရင် မေးလိုက်၊ ငွေရှင်းလျှင် ယူပြီး ကောင်တာမှာ အပ်လိုက်နှင့် သွက်လက်စွာပင် လှုပ်ရှားနေပေသည်။ သိပ်တော်သော သူမကို စိတ်ထဲမှ ကျိတ်၍ ချီးကျူးမိလိုက်သည်။

သူမက လုံမပျိုလေးတစ်ယောက်ဖြစ်ပြီး ဘာ ကြောင့် အလုပ်တွေကို လောဘတကြီး လုပ်နေလဲဆိုတာ သူ သဘောမပေါက်နိုင်ပါ။

သူ တွေ့ဖူးသမျှ မိန်းကလေးတွေဟာ အလှအပ အကြောင်းနှင့် ပိုက်ဆံရှိပြီး ရုပ်ချောတဲ့ကောင်လေးတွေ အကြောင်းသာ စိတ်ဝင်စားတတ်ကြ၍ သူမလေးကတော့ သူ့အတွက် သိပ်ကိုထူးဆန်းနေပါသည်။ သူနဲ့တွေ့လိုက်





တိုင်း ဆံပင်ရှည်ရှည်များကို ကြိုးနှင့် ခပ်ကြပ်ကြပ် ချည်ထား ပြီး ရှော့ပင်နီတိုလေးများကိုသာ ရိုးရှင်းစွာ ဝတ်ဆင်ထား တတ်သည်။

သဘောကျဖွယ်ဆိုသော နာမည်လေးနှင့်လိုက်ဖက်စွာ ပင် ဖြူဖြူဝင်းဝင်းနှင့် အပြစ်ကင်းစွာ ရိုးရိုးရှင်းရှင်းမို့ သူ့မျက် ဝန်းထဲမှာ ကြည့်လို့ကောင်းနေသည်။

သူ သူမလေးကို ခိုးခိုးကြည့်ရင်းဖြင့်ပင် တစ်မျိုး လေး တိမ်းညွှတ်သွားမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရေ ဒီနေ့ ကြီးမေကို ဈေးပို့ပေးနိုင်မလား"

"ဘာကြောင့်လဲ။ ဒီနေ့မှ ထူးထူးဆန်းဆန်း"

"ကချင်ပြည်နယ်လာတုန်း ကချင်စာကို ကြီးမေ ကိုယ်တိုင် သားကို ချက်ကျွေးချင်လွန်းလို့"

ဟု ကြီးမေက ခပ်ပြုံးပြုံးလေးပြောလျှင် သူက ငြင်း မနေတော့ဘဲ ကြီးမေကို ဈေးသို့ လိုက်ပို့ဖြစ်သွားသည်။

ကြီးမေက ကြာဦးမှာမို့ သူ ကားကက်စက်ဖွင့်ကာ သီချင်းနှင့် ငြိမ့်နေလိုက်သည်။ ဈေးလမ်းဖြစ်နေ၍ လူတွေ က ရှုပ်ယှက်ခတ်ကာ သွားလာလှုပ်ရှားနေကြသည်။ သူက တော့ ကားထဲမှာ ဖိမ်နှင့် သီချင်းလေးနှင့် ငြိမ့်နေသည်။ ထို



စဉ် ပတ်ဝန်းကျင်က ရုတ်တရက် မှိုင်းညို့သွားပြီး အလင်း ရောင်တို့ မှေးမှိန်ဖျော့တော့သွားရသည်။ ကောင်းကင်ယံမှ ဂလိန်း ဂလိန်းနှင့် အသံများ ဆူညံစွာ ထွက်ပေါ်လာ၍ မိုးရွာ တော့မည်ကို သူ သိလိုက်သည်။

အလွန်စေ့စပ်သေချာလှသော ကြီးမေက ထီးကိုင် သွားတာတွေ့ရ၍ သူ ကြီးမေအတွက် ထူးခြားပြီး ပူမနေမိ တော့ပါ။ မိုးက ထင်ထားသည်ထက် ပိုမှောင်သွားကာ ကောင်းကင်ယံမှလည်း မိုးခြိမ်းသံတွေ ဆူညံသွားပြီး မိုးစက် မိုးပေါက်လုံးကြီးများက ချက်ချင်းဆိုသလို အလုအယက် ခုန်ဆင်းလာကြသည်။

ထိုစဉ် သူ့မြင်ကွင်းထဲသို့ အနီရောင်စက်ဘီးလေး နှင့် အဖြူရောင်ကောင်မလေးတစ်ယောက် တိုးဝင်လာ သည်။ မိန်းကလေးမှာ မိုးခြိမ်းသံကို သိပ်ကြောက်နေ၍ ထင် သည်။ စက်ဘီးကို မိုးရေထဲ ကြုံသလိုပစ်ထားကာ နားနှစ် ဖက်ကို ပိတ်ပြီး မိုးရေထဲမှာ အဆောင်းလည်းမပါဘဲ အုတ် နံရံကို မှီကပ်ကာ တုန်ယင်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သဘောဖြူဆိုသော သူ့ရဲ့သူ့ရဲ့ကောင်းမလေးနှင့် တူနေ၍ စူးစိုက်စွာစိုက်ကြည့်လိုက်သည်။ မှန်သည်။ သဘောဖြူပါပဲ။ သူနဲ့ ခါတိုင်းတွေ့နေကျ သူမရဲ့ပုံမှာ သွက်လက်ပြီး ရဲရင့်ဖျတ်လတ်နေသည်။ အခုတော့ . . .

သိပ်ကြောက်နေပုံရသော သူမလေးကို သူ ဖေးမချင်မိသွားကာ ထီး ခပ်ကြီးကြီးယူပြီး ကားပေါ်မှ ဆင်းလိုက်သည်။ သူ ခြေလှမ်းကျဲကြီးများနှင့် သူမနား အမြန်ဆုံးသွားကာ တုန်ယင်နေသော သူမကိုယ်လေးကို လုံသွားအောင် ထီးမိုးပေးလိုက်သည်။

မိုးစက်မိုးပေါက်တွေ သူမကိုယ်ပေါ် ထပ်ပြီး ကျမလာတော့၍ သူမ မျက်လုံးများကို ဖွင့်ကြည့်လိုက်တော့ သူမကို ကြင်နာစွာ စိုက်ကြည့်နေခဲ့သော မျက်ဝန်းတစ်စုံကြောင့် သူမရဲ့ကြောက်လန့်ခြင်းစိတ်နေရာမှာ အံ့သြခြင်းတို့ ပျံ့နှံ့နေရာယူသွားသည်။ သူက ကိုင်ထားသော ထီးကို သူမကို လှမ်းပေးပြီး လဲကျနေသော သူမရဲ့စက်ဘီးနီနီလေးကို တည့်မတ်ပေးလိုက်သည်။ အဲ့ဒီချိန်ထိ သူမမှာ သူပေးထား





သော ထီးကို ကိုင်ကာ ငြိမ်သက်မိနေခဲ့ပင်။

သူက သူမရဲ့စက်ဘီးလေးကို သူမနား တွန်းပေးလိုက်သည်။ ထိုစဉ် . . .

"ဂလိန်း . . . ဂျိမ်း"

မိုးခြိမ်းသံက ကြောက်မက်ဖွယ်ရာ ထွက်ပေါ်လာ၍ သူမ ကိုင်ထားမိသော ထီးကို လွှတ်ချကာ အနီးနားရှိ သူ့ကို ပြေးဖက်ကာ အားကိုးပစ်လိုက်သည်။

ဘုရားရေ . . . သူမ ဘယ်အချိန်ကများ သူစိမ်းယောကျာ်းလေးတစ်ယောက်ကို အားကိုးမိသွားပါလိမ့်။

အသားလေးတွေပင် တုန်အောင်ကြောက်လန့်နေသော သူမကို သူ အသာအယာလေး ပွေ့ဖက်ထားမိလိုက်သည်။

သူတို့နှစ်ယောက်လုံး မိုးရေတွေနှင့် ရွှဲနစ်နေ၍ သူ့ရဲ့အပေါ်ဝတ် ဂျာကင်ကိုချွတ်ကာ အမိုးသဖွယ် ဆောင်းလိုက်သည်။ မိုးက ပိုမိုသည်းလာသဖြင့် နှစ်ယောက်လုံး မလုံကြတော့မယ့်တူတူ သူမကိုသာ လုံသွားအောင် ခြုံပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ သူမပခုံးလေးကို ဖွဖွဆုပ်ကိုင်ကာ မိုးလုံသော နေရာရောက်သည်ထိ ခေါ်ဝင်လိုက်သည်။

သူမမှာ မိုးရေတွေ ရွှဲနစ်နေ၍ ချမ်းနေပုံရကာ နှုတ်ခမ်းလေးတွေပင် ပြာရီတုန်ယင်နေသည်။ သူ ထိုကောင်မလေးကို ဘာမှပြောမနေတော့ဘဲ သူမလက်ကိုသာ ပိုင်စိုးပိုင်နင်းဆွဲကာ အဝတ်အစားရောင်းသော မြို့မဈေး(၁)ထဲသို့ ဝင်လိုက်သည်။ ပြီးနောက် မိန်းကလေးဝတ်ချည်း ရောင်းသော အင်္ကျီအဝတ်အစားဆိုင်ရှေ့မှာရပ်လိုက်ပြီး သူမနှင့် သင့်တော်ရာကို ရွေးကာ ငွေချေလိုက်သည်။ သူမက ချမ်းလွန်းနေ၍ တုန်ယင်စွာပင် သူ ပေးသော အဝတ်အစားတွေကို ယူ၍ အဝတ်လဲခန်းထဲ ဝင်သွားလိုက်သည်။ သူမ အဝတ်လဲခန်းထဲမှ ထွက်လာတော့ သူ ရှိမနေတော့ပါ။ ဆိုင်ရှင်အမျိုးသမီးက သူမကို စာလေးတစ်စောင် လာပေးသည်။ သူမ နားမလည်နိုင်စွာပင် စာလေးကို ဖွင့်ဖတ်လိုက်တော့. .

"သဘောဖြူ

မိုးရွာနေတုန်း။ မိုးတိတ်မှပဲပြန်တော့"



ဟုသာ ခပ်တိုတိုလေးရေးထားသည်။ သူက လူသာ ချောတာမဟုတ်ဘူး။ လက်ရေးလေးကလည်း ညီညာပိရိလှပါသည်၊ သူရေးထားသောစာလေးမှာ တိုတိုတိလေးဆိုပေမယ့် သူမ နှလုံးသားကို တုပ္ပုရှိန်းမြသွားစေပါသည်။ ထိုမုဂ္ဂိုလ်လေးရဲ့နှလုံးခုန်သံကိုလည်း သူမ ကြားယောင်မိနေဆဲပင်။

သူမကလည်း မထင်မှတ်ဘဲဖြစ်ပျက်သွားရတာကြောင့် ရှက်အမ်းအမ်းလေးနှင့် မချင့်မရဲလေး ခံစားရကာ ဦးခေါင်းကို နှစ်ချက်ဆင့်ရိုက်ချလိုက်မိတော့သည်။

မိုးခြိမ်းသံကို သေမလောက်ကြောက်တဲ့ သူမကိုယ်သူမပဲ အပြစ်တင်ရပေတော့မည်။ သို့သော် သူမနှလုံးသားက ခဏဘာဖြစ်ရပ်လေးအတွက် ကျေနပ်ပီတိဖြစ်နေရသလိုပင်။ အမှုချိန်ထိ ရှင်နှန်မပြေနိုင်ခဲ့သေးပေမယ့် မိုးကစဲသွား၍ ဆိုင်ထဲမှထွက်ကာ သူမကိုယ်တိုင် ပစ်ချခဲ့သော သူ့ရဲ့ထီးလေးကို ကောက်ဆောင်းပြီး အပြုံးပွင့်လေးများ ဆင်ကာ သူ ထောင်ထားပေးခဲ့သော သူမရဲ့စက်ဘီးနီနီလေးကို

www.burmeseclassic.com

www.burmeseclassic.com



သွက်လက်စွာ နှင်းလိုက်သည်။

သူမကို ကားပေါ်မှ လူတစ်ယောက်ကြည့်ပြီး ပြုံးနေခဲ့မယ်လို့ သူမ လုံးဝ ထင်ထားပုံမပေါ်။





သူမ တိုထဝ်ချွန်းမိုးလေးရှောချခဲ့သောနေ့လေးကို မမေ့နိုင်ပါ၊ မမေ့နိုင်အောင်ဘဲ မိုးမင်းသားလေးက ပြုစားသွားခဲ့သည် မဟုတ်ပါလား။ သူ့ရဲ့အကြင်နာမျက်ဝန်းလေးများကိုလည်း မေ့မရနိုင်အောင်ပင် မှတ်မှတ်ရရ ရှိနေခဲ့သည်။ သူ့မျက်ဝန်းအစုံလေးနှင့်အတူ သူ့ပုံရိပ်လေးများကို အတွေးထဲမြင်ယောင်မိလျှင်ပင် သူမရဲ့ ရင်အစုံက တဒိန်းဒိန်းနှင့် ပွင့်ထွက်မတတ် ခုန်လှုပ်နေတတ်ပေပြီ။

သူမဟာ မြို့တောင်ပေါက်အရွယ် (၁၆)နှစ်သမီးလေး မဟုတ်ပေမယ့်လည်း သူနဲ့ပတ်သတ်လာလျှင် မိုက်ရူးရဲဆန်စွာပင် တစ်ဖက်သတ် ရင်ခုန်နေတတ်ခဲ့ပါပြီ။ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဩရှရှ အသံကြည်ကြည်လေးကို ကြားချင်နေမိတဲ့ သူမရဲ့ ရင်ခုန်သံအသစ်စက်စက်လေးများကို သူမကိုယ်၌ပင် မယုံကြည်ချင်မိတော့။

သူမ သူ့ကိုတွေ့ချင်မြင်ချင်လွန်းတဲ့ အာရုံခံစားမှုလေးကို မထိန်းချုပ်နိုင်ခဲ့တဲ့အဆုံးမှာတော့ သူနဲ့ တွေ့နိုင်မယ်ထင်ရတဲ့နေရာလေးများကို မှန်းဆကာ ရှာပုံတော်ဖွင့်နေမိပါသည်။

သို့သော် အချိန်သာ ကုန်သွားရသည်။ အခြေအနေက ဘာမှထူးခြားမလာ၍ စိတ်မလုံမလဲဖြင့်သာ နောက်ကြောင်းပြန်လှည့်ခဲ့ရသည်။

လမ်းမှာချည်းသာ တွေ့ဖူးပြီး အမည်မသိသူလေးကို စွဲလမ်းနေမိတဲ့ သူမစိတ်က ရူး၍ပဲဖြစ်လိမ့်မည်ဟု ကိုယ့်ကိုယ်ကို အပြစ်တင်လိုက်မိသည်။

သူမက ဘဝသမားစစ်စစ်ဖြစ်တာမို့ စိတ်ကူးယဉ်ခဲ့မိတဲ့ အာရုံခံစားမှုကို အဝေးဆုံးရောက်အောင် မောင်းထုတ်ပစ်လိုက်သည်။ သို့သော် အကြင်နာမျက်ဝန်းလေးက နလုံး



သားမှာ တံဆိပ်နှိပ်ပြီးသားမို့ အခက်တွေ့ရပါသည်။

ဒီလောက်နူးညံ့လွန်းတဲ့ နလုံးသားကို ဆွဲထုတ်ပြီး မီးသဂြိုဟ်ပစ်မည်ဟု ကြုံးဝါးပစ်ကာ အဆောင်ဝင်းထဲ စက်ဘီးကို ကွေ့ဝင်မည်ပြုတော့ အဆောင်တံခါးဝမှာ ရပ်ထားသော မော်ဒယ်လ်အမြင့်စား ကားကြီးကြောင့် သူမမျက်ဝန်းလေးများ ပြူးကျယ်ဝိုင်းစက်သွားရသည်။

သူမတို့အဆောင်က အဆောင်သူတွေကလည်း ဘယ်ဆိုးလို့လဲ။ ဒီလိုကားအကောင်းစားမျိုးနှင့် ဧည့်သည်လည်း ရှိသားပဲဟုသာ ခပ်ရိုးရိုးလေးတွေးပေးမိလိုက်သည်။

"သဘောဖြူ . . . ခဏ"

အဆောင်ထဲ ဝင်လုဆဲဆဲ သူမ ခြေလှမ်းတွေက ခရေဇီရဲ့အသံစူးစူးအောက်မှာ ရပ်တန့်သွားရသည်။ ထုံးစံအတိုင်း ခရေဇီက သူမသူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးဦးမည် ထင်ပါရဲ့။

သူမ ခရေဇီဘေးမှာ ကျုံ့ကျုံ့လေး ဝင်ရပ်တော့ . .

"ဒါ ငါ့အစ်ကိုဝမ်းကွဲ ရဲရင့်ကျော်စွာတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ခရေဇီက မိတ်ဆက်ပေးသဖြင့် သူမက စိတ်မပါ လက်မပါနှင့် အားနာပါးနာ ပြုံးပြလိုက်ရသည်။

"ငါတို့အဆောင်မှာ သဘောဖြူဆိုတာရှိလား မိတ်ဆက်ပေးပါဆိုလို့။ နင် ဟိုနေ့က အော်လွှတ်လိုက်တာ သူတို့လေ"

"ဟာ . . . ဟုတ်လား။ အားနာလိုက်တာ။ တကယ် အားနာတာပါ"

"အဲ့ဒါ သဘောဖြူအကျင့်ပဲ။ အိပ်ချင်မူးတူးဆိုရင် လုပ်မိလုပ်ရာပဲ"

ခရေဇီက ဝင်ထောက်သည်တွင် သူမ ပို၍ အားနာ သွားရသည်။

"မှတ်ထားပါ။ လမ်းတွေ့လည်း ခေါ်လို့ရတာပေါ့။ သူငယ်ချင်းတွေနဲ့လည်း မိတ်ဆက်ပေးရဦးမယ်။ သူက အာဝုတဲ့၊ ဒီမြစ်ကြီးနားကပဲ။ သူက သက်နောင်တဲ့။ ပူတာအို သား။ သူ့က ရန်ကုန်သား ပါဋ္ဌိတဲ့"

မိတ်ဆက်ပေးသမျှကို သူမ ခေါင်းညိတ်နှုတ်ဆက်





နေသည်ဖြစ်ရာ ပါဋ္ဌိဆိုသော ပုဂ္ဂိုလ်လေးရှေ့မှာတော့ သူမ အကြည့်တွေက ရပ်တန့်သွားရတော့သည်။ မယုံကြည်နိုင် ခြင်း များစွာဖြင့် သူမ မျက်လုံးလေး ပြူးကျယ်ဝိုင်းစက်သွား တော့သည်။

သူမသာ သိပ်အံ့ဩတုန်လှုပ်သွားရပေမယ့် သူမ ရဲ့ မိုးမင်းသားလေးကတော့ ဘာမှမထူးဆန်းသလို ခပ်တည် တည်ပင်။ သူမကို လုံးဝမသိခဲ့လေဟန်ပြုနေသည်။

သူမစိတ်ထဲ ဖဝေဖဝါဖြစ်သွားရသည်။ ဘာကြောင့် လဲ။ ဒါ သူမကို မမှတ်မိတာတော့ လုံးဝမဖြစ်နိုင်။ သူငယ်ချင်း တွေကြားမှာ ရပ်မလုတဲ့ ဆင်းရဲသား သူမနဲ့ သိနေတယ်ဆို တာ ပြောရမှာ ရှက်လို့လား။ သူမ ဘာမှ မတွေးတတ်တော့။ သူ့ပုံစံက ဒီလိုကြီးကျယ်ပုံလည်း မပေါ်။ ဒါဆို ဘာလဲ။

သူမ မဖြစ်စဖူး သိမ်ငယ်စိတ်ကလေးများတောင် ရင်ထဲတိုးဝင်လာရသည်။ မတွေ့ရပြန်တော့လည်း လိုက်ရှာ ရတယ်။ တကယ်တမ်း တွေ့ရပြန်တော့လည်း . . .

ဟာ. . .ဘာတွေလဲ၊ တော်တော်ခံရခိုးတဲ့ဝေဒနာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမအတွေးတွေ ဘယ်လောက်ထိ ကျယ်ပြော သွားမိသည်မသိ။

"ဖြူမ . . . နင်ရော လိုက်ခဲ့ပါလား"

သူမနာမည်ခေါ်၍ ခရေဇီတာ အသံစာစာလေးနှင့် ပြောလိုက်တော့မှ သူမက အိပ်မက်မှ လန့်နိုးလာသူတစ်ဦး နယ် . . .

"ငါ ခေါင်းနည်းနည်းကိုက်လို့ မလိုက်တော့ဘူး"

"အေး . . . ဒါဆို နင် နားလိုက်ဦး၊ ငါကတော့ အပြင် ခဏလိုက်သွားဦးမယ်"

ဟုဆိုကာ ခရေဇီက သွက်လက်ချက်ချာစွာပင် ပြောကာ ကားအကောင်းစားကြီးနောက် ပါသွားခဲ့သည်။ အာဝ၊ သက်နောင်နှင့် ကျော်စွာတို့မှာ ပြုံးမြဲမြဲလေးနှင့် သူမ ကို နှုတ်ဆက်ကြသော်လည်း သူမရဲ့ မိုးမင်းသားကတော့ တစ်ချက်ပင် လှည့်ကြည့်မသွားခဲ့ပါ။ တားကို ပါဒ္ဒီဆိုသော သူမရဲ့ မိုးမင်းသားလေးက မောင်းသွား၍ ဘဝတွေက သိပ် အလှမ်းကွာဝေးသွားသလို ခံစားလိုက်ရပြီး သည်းဘာသည်း ထန်





ထန် ဝမ်းနည်းမိသလိုနှင့် ရင်ထဲမှာ ကွဲရှနာကျင်နေရသည်။

ဒါဆို သူက သူဌေးသားကလေးပေါ့။ သူမနဲ့လမ်းမှာ တွေ့နေကြ ကိုလူစိမ်းမဟုတ်တော့သလိုပင်။ သူမအပေါ် ရင်းနှီးကြင်နာမှုမျိုးလည်း မရှိတော့။ ပြော်... သူလို ဥစ္စာပေါ ရုပ်ချောလူတစ်ယောက်က အညာကရွာနားတစ်ပွင့်ကို အမြတ် တနိုးနဲ့ ငုံနမ်းပါ့မလား။ သူ့ဘေးမှာ ခရေဇီလို လှပတဲ့ နှင်းဆီ ရဲရဲများက ဗိုင်းရုံနေခဲ့မှာပဲလေဟုသာ ခပ်လေးလေး တွေး ပစ်မိတော့ ရင်ထဲက ခံစားချက်က နည်းနည်းအရောင် ဖျော့ သွားသယောင်။

ခရေဇီပြန်ရောက်လာတော့ ပါဒ္ဒီရဲ့အကြောင်းများ ကိုသာ တခမ်းတနားဖွဲ့ဆိုပြနေခဲ့ပါသည်။ အထူးသဖြင့် ပါဒ္ဒီ ရဲ့ ချမ်းသာမှုများကိုပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပါဠိက သူ့ရဲ့အမြဲစတိုင်လ်အတိုင်း သေဘာ့ကို လက်ညှိုးထိပ်မှာလှည့်ကာ အိမ်ထဲ ဝင်လာသည်။

"သား . . . ဒီနေ့ စောလှချည်လား"

ကြီးမေက သူ့ကို နှုတ်ဆက်စကားပြောလာ၍ သူ ကြီးမေကို ပြုံးရုံလေး ဝတ်ကျေတမ်းကျေ နှုတ်ဆက်ပြီး အဝတ်အစားများကိုသာ လဲ၍ ထစ်ဖန် ပြန်၍အပြင်ထွက်မည် ပြုတော့ . . .

"ဟင် . . . မနားသေးဘူးလား"

"ဟွန့်အွန်း . . . အဓိကသွားစရာက အခုမှစတာ"

"ဟင်"





"ကြီးမေ နားမလည်သေးပါဘူး"

"ဟင်း . . . ငါ့သားတော့ မြစ်ကြီးနားမှာ ပျော်နေပြီနဲ့တူတယ်"

ကြီးမေက သူ့ကို စသလိုပြောလာ၍ သူ ကျေနပ်စွာ ပြုံးလိုက်သည်။ သူက စကားများများမပြောတတ်သူမို့ ကြီးမေကတော့ သူ့အကျင့်ကို သိပြီးသားဖြစ်၍ ထွက်သွားသော တူတော်မောင်ကိုသာ ပြုံးပြီးကြည့်နေလိုက်သည်။

သူ ဦးတည်ထွက်လာသည်က စီတာပူရပ်ကွက်ထဲသို့ပါ။ ခေါင်းကိုက်နေတဲ့လူနာမလေးကို ဆေးသွားပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ၊ ဘာကြောင့်မှန်းတော့ မသိ။ သူက သူမအပေါ်တော့ စိတ်ပူတတ်နေပါပြီ။ ဒါကြောင့်လည်း ဆေးဝယ်လာခဲ့မိပြီ မဟုတ်ပါလား။ တစ်ခါမှ ဒီလိုကြီး လူတစ်ယောက်ကို ဂရုမစိုက်ခဲ့ဖူး၍ ရှက်သလိုလိုတော့ ဖြစ်မိသားပင်။

သူကားက စီတာပူရပ်ကွက်ထဲကို ချိုးကွေ့လိုက်သည်တွင် စက်ဘီးနီနီလေးကို စိတ်မပါစွာ နင်းနေသော



www.burmeseclassic.com

www.burmeseclassic.com



ရှော့ပင်နိတိုလေးနှင့် သူမကို ဘွားခနဲဆိုသလို တွေ့လိုက်ရသည်။ သူ့ကို သတိထားမိပုံမပေါ်သော သူမနောက်သို့ ကားကို ကွေ့ချပြီး လိုက်လိုက်သည်။ ဆိုင်ကယ်တွေ ရှုပ်နေတာမို့ ရုတ်တရက် ကွေ့လို့မရဘဲ အချိန်ကြန့်ကြာသွားရသည်။ ကားကွေ့ပြီးချိန်မှာတော့ သူမရဲ့အကျီစလေးကိုတောင် မတွေ့ရတော့၍ စိတ် ကသိကအောင့်ဖြစ်သွားရသည်၊

"ဟိုနားက စားသောက်ဆိုင်မှာ အလုပ်လုပ်တာ"

ဟု ရိုးရိုးရှင်းရှင်းနဲ့ ပွင့်ပွင့်လင်းလင်းပြောခဲ့ဖူးတဲ့ သူမ အသံလေးကို ကြားယောင်မိပြီး ပြုံးလိုက်သည်။

သေချာသည်။ သူတားဦးတည်ရာမှာ သူမ အလုပ်လုပ်တယ်ဆိုသော စားသောက်ဆိုင်သို့ပဲ ဖြစ်လိမ့်မည်။ သူ ဆေးထုပ်ကြီးကိုကိုင်ကာ ကားပေါ်မှ ဆင်းလိုက်သည်။ ပြီးမှ ချောင်ကျကျ စားပွဲတစ်ခုကို ရွေးပြီးထိုင်လိုက်သည်၊ သူ ထိုင်ပြီးတာနှင့် စားပွဲထိုးဝတ်စုံလေးနှင့် သူမ နောက်ဖေးခန်းထဲမှ ထွက်လာကာ သူ့စားပွဲနားကပ်လာသည်။

သူ့ကို မီနူးစာအုပ်လေး လှမ်းတိုးပေးရင်း . . .

ရှုဒေသာ



"ဟင် . . . ရှင်"

"ဟင် . . . ကိုယ့်ရှပ်က အဲ့လောက်တောင်ပဲ ကြောက်စရာကောင်းနေပြီလား"

သူမ လုံးဝနားမလည်နိုင်တော့၊ အခုကျပြန်တော့လည်း သူမနဲ့တွေ့နေကျ ကိုလူစိမ်းတစ်ယောက်လို ရင်းရင်းနှီးနှီးပင်။

သူမက သတိလေးနှင့် စိတ်တစ်ခုလုံးကို ယန်းချုပ်ကာ . . .

"ဟို . . . ဟို . . . ဘာ . . . ဘာများသုံးဆောင်မလဲ"

"မင်းက အစားအသောက်ရွေးတာ သိပ်တော်ပါတယ်။ ထုံးစံအတိုင်း သင့်တော်ရာပေါ့"

"ရှင် . . . အဲ . . . ဟုတ်တဲ့"

သူ့ရှေ့မှာ အုံ့အုံ့အဲအဲနှင့်ဖြစ်နေသော သူမလေးကို သူ လှစ်ခနဲ ပြုံးလိုက်မိပါသည်။

နောက်ခဏတော့မှ သူမက ဇန်းကလေးမ၍ ထွက်လာကာ သူ့ရှေ့မှာ ပန်းကန်တွေကို စီရရီချပေးလာသည်။

ရှုဒေသာ

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကိုယ်နဲ့အတူစားဖို့ မဖိတ်တော့ဘူးနော်"

သူ့ရဲ့အပြုံးချိုချိုကြောင့် သူမ ရင်ခုန်ချင်သွားသည်။ ညော့သည်က စားသောက်နေပြီမို့ သူမက လှည့်ထွက်ဖို့ ပြင်စဉ် . . .

"ခေါင်းကိုက်တယ်ဆို နားနေသင့်တာပေါ့"

"ကျွန်မက ရှင်တို့လို သူဌေးမဟုတ်ဘူး"

သူမ စိတ်ပေါက်ပေါက်နှင့် ပြောလိုက်သည်ဖြစ်ရာ အသံမှာ အနည်းငယ် မာသွားသည်။ သူ စိတ်ဆိုသွားမည်ဟု ထင်ထားသော်လည်း သူက ပြုံးစိစိလေးလုပ်နေသေးသည်။

သူက ညစ်ကျယ်ကျယ်ပြောလိုက်သည်။ အမှန် တကယ်တော့ သူက အစာစားနေချိန်မှာ လူတစ်ယောက် စောင့်နေတာမျိုး ကိန်းကြီးခန်းကြီးကို မကြိုက်ပါ။ သူမကိုမှ သက်သက်ညှဉ်းဆဲချင်၍ ပြောလိုက်တာပင်။

သူမက မကျေမနပ်လေးနှင့် သူ့ဘေးမှာ ကျုံ့ကျုံ့လေး လာရပ်နေမှ သူက ညစ်ကျယ်ကျယ်ပြုံးလိုက်မိသည်၊

သူက စားသောက်ပြီးချိန်မှာ ရေနွေးပေးဆိုသောပုံစံ





မျိုး မေးဆတ်ပြလာ၍ သူမမှာ မလွဲသာ မရှောင်သာပင် မကျေမနပ်လေးနှင့် ရေနွေးပေးရပြန်သည်။

သူမက မကျေမနပ်လေးနှင့် လုပ်ပေးနေပေမယ့် လည်း သူကတော့ ကျေကျေနပ်နပ်ကြီးပင် ပြုံးစိစိလုပ်နေ သေးသည်။

သူက စားသောက်ပြီး၍ ဘေ ထောင်းတာ ငွေရှင်း တော့ သူမမှာ မျက်လုံးလေးဝိုင်းပြီးမှသာ သူ့ကို ကြည့်နေမိ တော့သည်။ ခြော် . . . သူကျတော့လည်း ချမ်းသာလိုက် တာ။ ငွေတွေကို အိတ်ထဲမှာ အထပ်လိုက်ပင်။ သူ့ကိုသာ ငွေ ဘယ်ကရတာလဲမေးရင် အိတ်ထဲက ရတာလို့များ ဖြေလေ မလား။

"ဟိတ် . . . ဘာငေးနေတာလဲ"

သူက သူမကို လန့်သွားအောင် တော ပြောလိုက် တော့မှ သူမက သူ့ကို အထိတ်တလန့်နှင့် မော့ကြည့်ဖော်ရ လာသည်။ သူက ငွေရှင်းကာ လှည့်ထွက်သွားတော့မှ သူ စားထားသမျှကို ရှင်းလင်းသိမ်းဆည်းမည်ပြုတော့ သူ ကျန်



www.burmeseclassic.com

www.burmeseclassic.com



ရစ် ထားခဲ့သော အထုပ်တစ်ထုပ်ကိုပေးရန် အပြေးလေး သူ့နောက်ကို လိုက်လိုက်သည်။

ကံကောင်းချင်တော့ ကားစက်နှိုးထားရုံ ရှိပါသေးသည်။

"ဒီမှာ"

သူမရဲ့အော်သံစူးစူးကြောင့် သူက လှည့်ကြည့်လာတော့ သူမက အထုပ်ကို ထောင်ပြလိုက်သည်။

"ဒီမှာ ရှင့်ပစ္စည်းကျန်ခဲ့ပို့"

"ကျန်ခဲ့တာ မဟုတ်ဘူး။ တမင်ထားခဲ့တာ။ အဲ့ဒါ ကိုယ့်ပစ္စည်း မဟုတ်တော့ဘူး။ မင်းအတွက်"

ဟုပင် ခပ်ပြုံးပြုံးလေးပြောကာ ကားမောင်းထွက်သွားတော့သည်။ သူမမှာ နားမလည်နိုင်ဖြစ်သွားကာ အထုပ်ကို ပျာပျာသလဲ ဖွင့်လိုက်တော့ ခေါင်းကိုက်ပျောက်ဆေး အချို့နှင့် ရှူဆေး၊ ခေါင်းကိုက်ရင် စည်းချည်တဲ့ ဆေးပတ်တီး အချို့ ဖြစ်နေသည်။

ပါဠိရယ် ဘာတွေလဲ။ ရှင် ရှူးနေတာမဟုတ်ရင်



ကျွန်မ ရှူးရပါတော့မယ်ဟုသာ အော်ပြောချင်လိုက်မိတော့သည်။

ဂရုမစိုက်တဲ့ အေးစက်စက်အပြုအမူကြောင့် သူမမှာ ရင်နှင့်မဆန့်အောင် ခံစားခဲ့ရပါသည်။ အခုတော့လည်း ကြေကွဲခံစားရတာတွေ မှန်သမျှ အရှုံးကြီးလိုပင်။

သူ့လုပ်ပုံကလည်း ကြည့်ဦးလေ။ အခုပဲ ဂရုမစိုက်သလိုနှင့်။ ပြီးတော့ သူမက နမော်နမဲ့ပါးစပ်ထဲရှိရာ ပြောလိုက်တဲ့ စကားကို အတည်ယူပြီး ဂရုစိုက်ပြသွားလေရဲ့။

သူမ သူပေးသွားသော ဆေးတစ်ထုပ်ကို ကိုင်ပြီးမှသာ ဆောက်တည်ရာမဲ့ တွေးတောနေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ပျင်းပျင်းရှိတာနှင့် အာဝုကိုဝင်ခေါ်ပြီး ဧရာဝတီမြစ်ကမ်းဘေးရှိ ဆုတောင်းပြည့်ဘုရားဝင်းအပြင်ဘက်ရှိ ခုံတန်းလေးတွေမှာ ထိုင်နေမိပါသည်။ အာဝုနှင့် သူ တည်ငြိမ်နေသော မြစ်ရေပြင်ကြီးနှင့်အတူ ငြိမ်သက်နေကြသည်။ သဘာဝရဲ့အနှစ်သာရကို ဘူးဖော်ခံစားချင်ရင် တိတ်ဆိတ်နေရမယ်မဟုတ်လား။

"ဘယ်လိုလဲ ပါဋ္ဌိ မြစ်ကြီးနားမှာ ပျော်သွားပြီလား"

"ဒီလိုပါပဲ။ ငါက ဘယ်နေရာနေနေ အပျော်ကြီး မဖြစ်တတ်ပါဘူး"

"ကောင်းပါတယ်။ မပျော်တတ်တော့ ဝမ်းမနည်းရ





ဘူးပေါ့"

"ဒါပေမဲ့ မြစ်ကြီးနားက ရှုခင်း တော်တော် ကောင်းတာတော့ ငါ လက်ခံတယ်။ ဒါနဲ့ အာဝု ဟိုဘက်က ဟိုတယ်က အသစ်ဆောက်ထားသလိုပဲနော်။ နည်းနည်း လန်းနေတယ်"

"ဟုတ်တယ် . . မကြာသေးဘူး။ ရန်ကုန်သားဖြစ်တဲ့ မင်းက ငါတို့မြစ်ကြီးနားကို ရိုးမွမ်းခန်းဖွင့်ပေးနေလို့ ငါက ငြိမ်နေတာ။ အရင်က ဒီနေရာမှာ ဒီလိုမသာယာဘူးကွ။ အခု ဟိုတယ်ဆောက်ထားတဲ့နေရာမှာဆို ချုံပုတ်တွေကြီးပဲ။ အတွဲတွေကလည်း ပေါသလားမမေးနဲ့။ ငါရယ်၊ သက်နောင်ရယ်၊ ကျော်ကြီးရယ်ဆို အတွဲချောင်းနေကျနေရာတွေပေါ့ဟား . . . ဟား . . . အခုတော့လည်း မထင်ရဘူးနော်။ ရှင်းသန့်နေပြီ။ ချစ်သူလမ်း အသုပ်ဆိုင်နေရာဆို ကိုင်းပင်တွေနဲ့ အုံ့ဆိုင်းနေတာ တောနက်ကြီးကျနေတာပဲ။ ဒီလမ်းနာမည်ကို ဘာ့ကြောင့်လဲ မင်း သိလား"

"ဟင်အင်း . . . မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူလမ်းတဲ့ . . . ဟား . . . ဟား . . . ချစ်သူလမ်းမှာ ချစ်သူလမ်း အသုပ်ဆိုင်ဘဲဝင်ပြီး အချစ်သုပ်လေးတွေစားရင်း ချစ်စကားဆိုကြတယ်ပေါ့ကွာ . . . ဟား . . . ဟား မင်းလည်း သတိထားဦးနော်။ ချစ်သူလေး ဘာလေးရရင် ချစ်သူလမ်းလာဖို့ မမေ့နဲ့"

"အာဂ . . . မင်း မိန်းကလေးတစ်ယောက်ကို ချစ်ဖူးလား"

"အဆန်းပါလား။ ကျောက်ရုပ်က အချစ်အကြောင်း မေးလို့။ တကယ်တော့ ငါလည်း လေသာကျယ်နေတာ။ အချစ်နဲ့နဖူးတွေ့ ဒူးတွေ့ ရင်မဆိုင်ဖူးဘူး"

"လူတစ်ယောက်ကို ချစ်မိရင် ဘယ်လိုခံစားရတာလဲ မသိဘူးနော်"

"ဒါတော့ ငါလည်း မသိဘူး။ ဒါပေမဲ့ ငါဖတ်ဖူးသမျှစာတွေထဲမှာတော့ ချစ်ရင် အမြဲမြင်ချင်တယ်၊ စိုးရိမ်တယ်၊ တမ်းတတယ်၊ တခြားလူတွေနဲ့ ကွဲပြားစွာ ခံစားရတယ်တဲ့"



"အွန် . . . အဲ့ဒါဆိုရင် ငါ တစ်ယောက်ယောက်ကို ချစ်မိသွားပြီထင်တယ်"

"ဘာ . . . ဘယ်သူလဲ။ ဘယ်မှာကလဲ၊ နာမည် ဘယ်လိုခေါ်သလဲ၊ မိတ်ဆက်ပေးကွာ။ ချောသလား၊ မင်းက တောင် စိတ်ဝင်စားပြီဆိုတော့ ချောမှာပေါ့"

"အချစ်က ချောတာလှတာနဲ့ မဆိုင်ဘူးလို့ ထင်တယ်။ မင်းတို့အမြင်နဲ့တော့ ငါ မသိဘူး။ သူက ငါ့မျက်လုံးထဲမှာတော့ အရမ်းလှတယ်။ သူက သိပ်ဖြူစင်ရိုးသားတယ်"

"ဒါဆိုရင်တော့ မင်း သူ့ကိုချစ်သွားတာ သေချာပြီ။ ရည်းစားသာ တော်ပစ်လိုက်တော့"

"ဒါပေမဲ့ ငါ စိုးရိမ်တယ်။ သူ ငါ့ကို ပြန်ချစ်ပါ့မလားလို့"

"မင်းကို မြင်းရင်တော့ အဲ့ဒီမိန်းကလေးက ရှုးလို့ပဲ။ သတ္တိရှိစမ်းပါကွာ"

"အချစ်ရဲ့ဆန်းကြယ်မှုကို ငါ လက်ခံသွားပြီ။ ငါ ဘယ်တုန်းကမှ အဲ့လို တွေးမှုပြီး မကြောက်ဖူးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အချစ် . . . အချစ် . . . ဟား . . . ဟား"

သူတို့ပြုံးစိစိနှင့် ရယ်မိလိုက်ကြသည်။

"ဝိုး . . . ဟိုး . . . ဟိုး"

ဟု ကျော်ကြီးရဲ့ ငှက်ဆိုးထိုးသံလိုလို ညာသံပေးသောအသံကို ကြားရ၍ အသံလာရာဘက် လှည့်ကြည့်လိုက်ကြသည်။

သက်နောင်နှင့် ကျော်ကြီးက ဆိုင်ကယ်ကိုယ်စီ မောင်းနေကြပြီး မိန်းကလေးတစ်ယောက်စီကို တင်ထားသေးသည်။ သူတို့ထိုင်နေသောနေရာမှာ လမ်းမနှင့် တော်တော်ဝေးတာကြောင့် ကောင်မလေးတွေဟာ ဘယ်သူ ဘယ်ဝါဖြစ်လိမ့်မလဲဆိုတာ အတတ်မပြောနိုင်ပါ။ ကျော်ကြီးနှင့် သက်နောင်က ချစ်သူလမ်းဘက် လက်ညှိုးညွှန်ပြ၍ သူနှင့် အာဝုက သဘောပေါက်စွာပင် လက်ယမ်းပြလိုက်သည်။

"ငါတို့ ဒီမှာရှိနေတာ သူတို့ ဘယ်လိုသိလဲမသိဘူး"

"ဝင်ပေါက်မှာ မင်းကားကြီးက ရှင်းနေတာပဲ"

"ဆောရီး . . . ငါ မေ့သွားတယ်"



"လာ . . . သွားစို့။ သူတို့နောက်လိုက်ရအောင်။ သူတို့ ဘယ်ကကောင်မလေးတွေ မ,လာကြလဲမသိဘူး"

ဟု အာဝုဆိုကာ သူတို့ကားရပ်ထားရာသို့ သွားပြီး မောင်းထွက်ခဲ့ကြသည်။

ချစ်သူလမ်းဆိုသော အသုပ်ဆိုင်သို့ ရောက်တော့ ကျော်ကြီးက သူတို့ကို လက်ယမ်းပြကာ ခေါ်လိုက်၍ ရောဝတီမြစ်ပြင်ကြီးကို အဖီဆွဲပြီး ဆောက်ထားတဲ့ စင်မြင့်လေးထက်သို့ သူနှင့် အာဝု တက်လာလိုက်သည်။

မိန်းကလေးတွေရဲ့ဘေးနား ခုံလွတ်လေးမှာ သူနဲ့ အာဝု ဝင်ထိုင်လိုက်ကြသည်။ ထိုအခါကျမှ ထိုမိန်းကလေးနှစ်ယောက်ဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ သူတို့ သိသွားကြသည်။ သဘောဖြူဆိုသော မိန်းကလေးမှာ သူ့ကို ပြုံးတူးကြောင်တောင်လေးနှင့် ကြည့်နေလိမ့်မည်ဆိုတာ သူ သိနေသော်လည်း သူမကို လုံးဝ ဂရုမစိုက်သော မသိသော ပုံနှင့် သူမဘေးမှာသာ ဝင်ထိုင်လိုက်သည်။

ခဏအကြာမှာ ဇရုတ်ကျသော သူတို့ကို မှတ်မိနေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ စားပွဲထိုးလေးက ပြုံးတုံ့တုံ့နဲ့ ရောက်လာ၍ သက်နောင်က . . .

"ထမင်းသုပ် နှစ်ပွဲ၊ ရှောက်သီးသုပ်၊ စုပါပလိမ်း သုံးခွက်၊ လက်ဖက်သုပ်၊ မြင်းခွာရွက်သုပ် မြန်မြန်ကွာ"

ဟု သွက်သွက်လက်လက် မှာလိုက်သည်။

"ဒီပိုင်းကို မြူမ ရှင်းမှာကွ။ ဒီနေ့ သူ လခထုတ်မှာလေ။ ခရေဖီနဲ့နှစ်ယောက်တည်းသွားဖို့ ကြံနေတာ။ ဘယ်ရမလဲ ငါတို့နှစ်ကောင်လည်း အနံ့ခံကောင်းတယ်လေ"

ဟု ကျော်ကြီးက ထုံးစံအတိုင်း သူပြောချင်ရာ ပြောကာ ရေကို မော့ချလိုက်သည်။ ကျော်ကြီးစကားကြောင့် ပါဠိက သဘောဖြူကို ကြည့်လိုက်သည်။ သဘောဖြူဆိုသော သူမက ပြုံးတူးကြောင်တောင်လေးပင် မကြည့်နိုင်တော့ဘဲ နဖူးထက်မှာ ချွေးစေးလေးများပင် စို့တက်လာပါသည်။ ပြီးတော့ သူမရဲ့ကျောပိုးအိတ်ထဲမှ ပိုက်ဆံအိတ်ပါးချပ်ချပ်ကို ခုံအောက်ထဲတွင် လျှို၍ ထုတ်ကြည့်နေသည်။ သူ သဘောပေါက်လိုက်သည်။ သူမမှာ ပိုက်ဆံအလုံအလောက် ပါမလာ





ဘူးဆိုတာကိုပေါ့။ သူ ကျော်ကြီးကို နည်းနည်းတော့ တင်းသွားရသည်။ ကျော်ကြီးက ထုံးစံအတိုင်း လူတစ်ဖက်သားအခြေအနေကို အကဲမခတ်ဘဲ အတင်းဖွတ်ကျွေးနိုင်းမြန်ပြီ ထင်ပါရဲ့။ ဒါ ကျော်ကြီးက ပျော်တတ်၍ ကျွေးနိုင်းတာဆိုပေမယ့် သဘောဖြူနဲ့ပတ်သက်လာတော့ သူအနည်းငယ် တင်းသွားပါသည်။ သူမမှာ စိုးရိမ်လွန်လား မလွန်လား နဖူးစလေးမှာ ချွေးစေးလေးတွေနှင့် သနားစရာပဲ ကောင်းနေသေးတော့သည်။

ချလာသမျှကို ကျော်ကြီး၊ သက်နောင်၊ အာဝုနှင့် ခရေဖီတို့က စကားဖောင်ဖွဲ့ရင်း စားနေကြပေမယ့် သူမလေးကတော့ မစားနိုင် မသောက်နိုင် အကြမ်းရေကိုပင် တုန်ယင်စွာ သောက်နေသေးသည်။ သူကလည်း ကရုဏာလေးကြောင့် ဘယ်လိုပါဝင်ဖြေရှင်းပေးရမှန်း မသိတော့။

သူ နောက်ဆုံးမှာ ဘာမှစဉ်းစားမနေတော့ဘဲ သူ့အိတ်ထဲမှ ပိုက်ဆံကိုထုတ်ကာ သူမရဲ့ ကျောပိုးအိတ်လေးထဲ မသိမသာနှင့် အတင်းဖွတ်ထည့်ပေးလိုက်သည်။ သူလုပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



ကို မည်သူမှ မသိလိုက်ကြပေမယ့် ကာယကံရှင်ဖြစ်နေတဲ့ သူမက သိသွားကာ သူ့ကို အားတုံ့အားနာဟန်လေးနှင့် ကျေးဇူးတင်ကြောင်း ပြောနေသယောင်ပင်။ သူက ဘာမှ မသိသလို စောစောကပဲ ဘာမှမလုပ်လိုက်သလို ဘာသိ ဘာသာပင်။

သူမ ခုမှ အသက်ရှူချောင်သွားရသည်။

ထိုအခါမှ သက်နောင်ကလည်း ပိုက်ဆံရှင်းဖို့ ခေါ် လိုက်သဖြင့် သူမက ပါဠီငွေနဲ့သာ သက်သက်သာသာ ရှင်း ပေးလိုက်သည်။

သဘောဖြူဆိုတဲ့ သူမက သက်နောင်ရဲ့ဆိုင်ကယ် နောက်မှာ လိုက်စီးရင်း သူ့ကို လှည့်ကြည့် လှည့်ကြည့်နှင့် ပါသွားရသည်။

ပိုက်ဆံလည်း များများမရှိဘဲနဲ့ သူများကို မုန့်လိုက် ကျွေးချင်သေးသည့် ငတုံးမလေးကို သူ သဘောအကျကြီး ကျနေမိသည်။

"ပါဠီ မင်း ဘာတွေပြုံးနေတာလဲ"





"ဘာမှမဟုတ်ဘူး။ သဘောဖြူကို သဘောကျလို့"

"ဟုတ်တယ်နော်။ ကောင်မလေးက အလှကြီးထဲ က မဟုတ်ပေမယ့် ကြည့်ကြည့်စင်စင်လေးဆိုတော့ ချစ် စရာလေး။ ငါတောင် ကြံ့ရမလားလို့ စဉ်းစားနေတာ"

"အာဂ . . . မင်းကတော့ လုပ်ပြီ။ အိုင်တွေ့တိုင်း ခြေဆေးချင်နေတာပဲ။ ဆေးသင့်မသင့် စဉ်းစားဦး"

"သဘောပြောတာပါကွာ။ မင်းမျက်နှာကြီးက လည်း သုန်မှုန်နေတာပဲ"

သဘောဖြူနဲ့ပတ်သက်ရင် သူ့မျက်နှာက အဲ့ လောက်ထိပဲ သိသာသွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ အတန်းတက်မယ်ဆိုသော ဆုံးဖြတ်ချက်နဲ့ အတူ အာဝုကို ဝင်ခေါ်ပြီး လာခဲ့သည်။ ကားကက်စက်သံတာ ဆူညံနေ၍ အာဝုက သံစဉ်တွေကြား ငြိမ့်နေခဲ့သည်၊ သူက ကားကို တံ့ ဆဲ ၊ ‌ လိုက်တော့ အာဝု မျက်လုံးကြီး ပွင့်လာကာ . . .

"သရဲတွေလို့လား ပါဠိ"

"ခရေဇီနဲ့ သဘောဖြူကို ဝင်ခေါ်ရမလားလို့"

"ကောင်းတယ်။ ဟွန်းတီးလိုက်။ ငါ အခဆောင်ထဲ ဝင်ခေါ်လိုက်မယ်"

အာဝုက ပြောပြောဆိုဆိုနှင့် ဆင်းကာ ဝင်သွား





သည်။ သိပ်မကြာပါ။ အာဝုနဲ့အတူ ခရေဇီရော သဘောဖြူ ပါ ပါလာသည်။ အာဝုက ရှေ့ခန်းက သူ့ဘေးခုံမှာ ဝင်ထိုင် လိုက်သဖြင့် သူမတို့နှစ်ယောက်က နောက်ခန်းတံခါးကို ကိုယ်စီဖွင့်ကာ ဝင်လိုက်ကြသည်။

သဘောဖြူဆိုတဲ့ သူမလေးက သူ့ကို နောက်မှ စိုး စိုးကြည့်နေတာကို သူ နောက်ကြည့်မှန်မှတစ်ဆင့် မြင်နေရ သည်။ သူက ထိုကောင်မလေးကို တွေ့လိုက်ရရင်ကို အလို လိုနေရင်း စိတ်ထဲမှာ ပျော်နေတတ်ပါပြီ။

ကျောင်းဝင်းထဲ သူ့ကားလေး ဝင်လိုက်သည်နှင့် မျက်လုံးများက သူ့ကားလေးဆီသို့သာ ရောက်လာနိုင်သည်။

ခ  လူအများရဲ့ အာရုံစိုက်ခြင်းခံထားရသူပီပီ မျက်နှာကို ခိုးမော့ ထားသည်။ ဒီလိုမာနမျက်နှာမျိုးနှင့်မှ ခရေဇီရဲ့အလှက ပို၍ ပီပြင်သည်မဟုတ်ရပါလား။ ခရေဇီက သူဌေးကြီး ဦးဝင်းဝံနဲ့၏တစ်ဦးတည်းသော သမီး။ အလှဘုရင် မလေးအဖြစ် နာမည်ကြီးလှသူပါ။ ခရေဇီက ဆိုင်ကယ်ကို အမျိုးမျိုး ပြောင်းစီးတတ်ကာ တစ်ခါတစ်ရံမှာ ကားပင် စီး



www.burmeseclassic.com

www.burmeseclassic.com



တတ်သေးသည်။ ဒါကလည်း ခရေဖီရဲ့အလှမှာ လုံးကြီးတင်လိုက်သည့် ပါဝါတစ်မျိုးပင်ပဲလား။ ခရေဖီဆိုတာနဲ့ လူတကာ ယောက်ျားတကာတို့က သည်းသည်းလှုပ် ဂရုစိုက်ပြလာကတ်ကြတော့လည်း ခရေဖီက ဒီလိုမာနကြီးတတ်နေတာ သိပ်အဆန်းကြီး မဟုတ်တော့ပါ။

ကျော်ကြီးနှင့် သက်နောင်တို့ ကောင်မလေးတစ်သိုက်နှင့်အတူ တွေ့လိုက်ရ၍ ပါဠိုက ကားဟွန်းသံပေးလိုက်သည်။ ကန်တင်းဘက် လိုက်ခဲ့ဆိုတဲ့ အဓိပ္ပာယ်မျိုးပေါ့။ ဒါကို သူတို့ကလည်း သိနေသည့်အလား လက်ယမ်းပြလာသည်။

ဒီနေ့တော့ သူမနဲ့ ခရေဖီက သူတို့လေးယောက်နှင့်အတူ တစ်နေ့လုံးရှိဖြစ်သွားတော့သည်။ အခုလိုကျပြန်တော့လည်း သူမနဲ့သူတို့က ငယ်သူငယ်ချင်းတွေလို ရင်းနှီးကျွမ်းဝင်သွားရတော့သည်။ အချိန်တိုတိုအတွင်း ဒီလောက်ထိ ခင်မင်သွားရတာကတော့ တုံးအတဲ့ သူမကို အစအနောက်သန်တဲ့ သက်နောင်နှင့် ကျော်ကြီးက အချိန်မပြတ် စနောက်နေကြခြင်းကြောင့်ပဲ ဖြစ်သည်။





သူမတို့ အဆောင်ပြန်ရောက်တော့ သိပ်ထူးဆန်းတဲ့ စကားအချို့ကို ခရေဖီက ဆိုလာသည်။

"ဖြူမ နင် ပါဠိုကို ဘယ်လိုမြင်လဲ"

"ပါဠိုလို့ပဲ မြင်တာပေါ့"

"ဩော် . . . နင်ကလည်း တုံးလိုက်တာ။ ငါ့အပေါ်လက်ဆဲရေးကို ပြောတာ"

"ဟင့်အင်း . . . ငါ မသိဘူး"

"ငါကတော့ ပါဠိုကို စိတ်ဝင်စားသွားပြီ"

"အဆန်းပါလား။ နင်နဲ့လိုက်ဖက်မယ့်လူ ဒီကမ္ဘာပေါ်မှာ မရှိသေးဘူးဆို"

"အခု ရှိသွားပြီ။ အဲ့ဒါ ပါဠိုပဲ။ သူက တည်ကြည်တယ်။ ခန့်ညားတယ်၊ ပြီးတော့ ငါနဲ့ဂုဏ်ချင်းလည်း ညီတယ်။ ဘယ်အရာကိုမှ စိတ်ဝင်စားမှုမရှိတဲ့ သူ့ရဲ့စတိုင်လ်ကိုငါ သဘောကျတယ်၊ သူဟာ ငါ့ရဲ့စံတွေနဲ့ အကိုက်ညီဆုံးယောက်ျားတစ်ယောက်ပဲ။ သူ ပရိုပို့စ်လုပ်လာရင်တော့ ငါကပေါင်းညီတ်ဖို့ အဆင်သင့်ပဲ။ ဘယ်လိုလဲ ဖြူမ။ ငါနဲ့ပါဠို လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ရဲ့လား"

ဒီစကားကို ခရေဇီက ရက်ကိုးရက်ကန်းပုံစံလေးနှင့် ခပ်ရဲရဲပြောချလိုက်ပေမယ့် သူမ ရင်အစုံကို ဆွဲဆန့်ကိုင်ပေါ့ သလို ခံစားလိုက်ရသည်။ သူမ မျက်ဝန်းထက်မှာ ဘာလို့ အရေကြည်တွေ ဝေ့သီလာရသလဲ။

တုန်အက်အက်ဖြစ်ချင်နေသော အသံတို့ကို ထိန်းလိုက်ရင်း . . .

"လိုက်ဖက်ပါတယ်။ နင်တို့နှစ်ယောက်က ကမ္ဘာမှာ အလိုက်ဖက်ဆုံး စုံတွဲဖြစ်မှာပါ"

သူမက အသက်မဲ့စွာ ပြောချလိုက်သည်။

သူမစကားကြောင့် ခရေဇီရဲ့မျက်နှာမှာ လပြည့်ဝန်းကြီးလို ဝင်းပသွားရပေမယ့် သူမရင်ထဲမှာတော့ ထိရှကွဲအက်သံတွေ ဆူညံ၍ နေခဲ့ပါပြီ။

အမှန်တကယ်ဆို သူမကလည်း သူမ အလွန်ပင်။ ပါဦလိုလူတစ်ယောက်ကို သူမ စိတ်ကူးမယဉ်သင့်ဘူးလေ။ ရုပ်ရှင်တွေထဲမှာပဲ ကြည့်ကြည့်၊ အပြင်က သဘာဝ သရုပ်



ပြင်မှာပဲကြည့်ကြည့် မိုးနဲ့မြေ ဇာတ်သိမ်းတွေဟာ ဘယ်မှာများ လှပဖူးခဲ့လို့လဲ။ အမှန်ဆို ပါဦကို စိတ်ကူးမင်းသားလေးအဖြစ်တောင် ဘဝထဲ မသွင်းသင့်ဘူးလေ။ အို . . . ငါ ဘာတွေ စဉ်းစားနေတာပါလိမ့်။ ပါဦကရော ငါ့လိုမိန်းကလေးကို စိတ်ဝင်စားမှာမို့လား။ ငါက လှတယ်ဆိုလည်း ထားပါတော့။ ခရေဇီလို မှန်နေအောင် အပြစ်ပြောစရာမရှိဘဲ ပြီးပြည့်စုံတဲ့ မိန်းကလေးတစ်ယောက်ကိုကျော်ပြီး သူမကို မြင်ခဲ့မှာတော့ မဟုတ်တာ သေချာနေသည်။ ပါဦက ဒီလို သူမကို အရေးပေးပြီး ဆက်ဆံတယ်ဆိုတာလည်း သူမဘဝလေးကို စာနာလို့ သူမကို ခင်မိလို့လည်း ဖြစ်နိုင်တာပဲ။ ပါဦနဲ့ သူမ လားလားမျှမအပ်စပ်ဘူးဟု တထစ်ချ ယူဆကာ အတွေးတွေကို ဝေးရာသို့ မောင်းထုတ်ပစ်လိုက်သည်။ သို့သော် သူမရဲ့နှလုံးသားထဲမှာ ပါဦက ဆူးတစ်ချောင်းလို နှစ်ဝင်နေခဲ့ပြီလေ။

ဘာပဲဖြစ်ဖြစ် နောက်ဆို ပါဦကို မတွေ့အောင် ရတတ်နိုင်ဆုံး ရှောင်နေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

အဲ့လိုမှမဟုတ်ရင် သူမပဲ ခံစားရလိမ့်မယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ပါဋ္ဌိက ခရေဇီကို သဘောကျသွားမယ်ဆိုတာ သူမ ကောင်းကောင်းကြီး လက်ခံထားမိသည်။



သူမ အဲ့ဒီလိုဆုံးဖြတ်ပြီးသည့်နောက်ပိုင်းမှာ ပါဋ္ဌိ အပါအဝင် ခရေဇီကိုပါ ရှောင်ဖယ်နေမိပါတော့သည်။ ဒါကို တခြားလူတွေက သတိမထားမိကြသော်လည်း ပါဋ္ဌိက သတိထားမိလာခဲ့သော အချိန်မှာတော့ သူမအလုပ်လုပ်ရာ စားသောက်ဆိုင်သို့ လိုက်လာကာ သူမကို တည့်တည့်ကြီး ပင် စိုက်ကြည့်ပြီး . . .

"မင်း ဘာဖြစ်လို့ ကိုယ့်ကို ရှောင်နေရတာလဲ" ဟု ပင် မေးလာခဲ့ပါသည်။

သူမက ဘာသိဘာသာနှင့် စကားအမျိုးမျိုး လွှဲချကာ အလုပ်ကိုအကြောင်းပြု၍ သိသိသာသာပင် ရှောင်ဖယ်



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည်။ ပြေးသောသူနောက် လိုက်လေ့ရှိ၏ဟူသော စကားက သူမတို့ကို ပြောထားသည် ထင်သည်။ သူမက တမင်တကာ ရှောင်နေကာမှ ပါဠိက သိသိသာသာပင် ရှေ့တိုးလာခဲ့သည်။ သည်ပုံအတိုင်းဆို သူမနှလုံးသားက ခံနိုင်ရည်မှ ရှိပါတော့မလား။

ခုလည်းကြည့်ဦးလေ။ သူမ အလုပ်လုပ်တဲ့ ရွှေတောင်ဆိုသော ရှမ်းခေါက်ဆွဲဆိုင်သို့ အားကစားဝတ်စုံလေးနှင့် ရောက်နေခဲ့ပြန်ပါပြီ။ သို့သော် အစားအစာကို သူမမဟုတ်တဲ့ အခြားတစ်ယောက်က သွားချပေးတာမို့ သူမက တမင်ပင် အလုပ်ရှုပ်ပြနေလိုက်သည်။ ဒါကို သူ့မျက်နှာကြီး ဘုန်မှုန်ကာ ထပြန်သွားပြန်သည်။ သူမ စိတ်မကောင်းဖြစ်ရပေမယ့်လည်း ဒီလိုတွေ ကြုံရဖန်များလာတော့လည်း နေသားကျသွားခဲ့ပါပြီ။ အခုဆိုရင် ပါဠိနဲ့ တွေ့တွေ့ဆိုင်ဆိုင်မပြောဖြစ်ကြတာ ကြာသွားခဲ့ပါပြီ။

ထိုအတွင်း ခရေဗီနှင့် ပါဠိက ပိုရင်းနှီးသွားပုံရသည်။ ခရေဗီရဲ့နှုတ်ခမ်းထက်မှာ ပါဠိကြီး မိုးမှုန်နေရသည်။ ထိုအခါ





မျိုးတွေမှာဆို သူမက နှလုံးသားနဲ့ နားမထောင်ဘဲ နားနဲ့သာ ဝတ္တရားကျေ နားထောင်ပေးလေ့ရှိလာသည်။

ပါဠိနဲ့ပတ်သက်လာရင် သူမ ရင်ထဲမှာ တင်းကျပ်ကျပ်ကြီးနှင့် နေထိုင်မကောင်းဖြစ်လွန်းရ၍ စိတ်ပြေ လက်ပျောက် ဆုတောင်းပြည့်ဘုရားဘက် ထွက်လာခဲ့ပါသည်။

သူမရဲ့စက်ဘီးနီနီလေးကို ဘုရားဝင်းအပြင်ဘက်မှာ သော့ခတ်ထားခဲ့ပြီး ဘုရားရှိခိုးကာ စိတ်အေးချမ်းကြည်စင်စေရန်အတွက် ဘုရားကို ရေ သပ္ပာယ်လိုက်သည်။ စိတ်ထဲမှာ နောက်ကျိနေပြီး ပါဠိကို သတိရသလိုလိုနှင့် ခံစားလာရ၍ ပါဠိထိုင်ခဲ့ဖူးသော ခုံတန်းလေးပေါ်မှာ ရော်ဝတီမြစ်ပြင်ကြီးကို ငေးမောရင်း ထိုင်လိုက်မိသည်။ ထိုအချိန်မှာ ကောင်းကင်တစ်ခုလုံး ရုတ်တရက် အုံ့မှိုင်းသွားပြီး ဂျလိမ်း . . . ဂျိမ်းနှင့် အသံတွေ ဆူညံလာပါသည်။ အသံတို့က ကြောက်ခမန်းလိလိကြီးတွေမို့ သူမက နားနှစ်ဖက်ကို ပိတ်ပြီး တုန်ယင်ကာ နံရံကိုမှီပြီး ငုတ်တုတ်ထိုင်ချလိုက်တော့သည်။ သူမရင်ထဲမှာ တလုပ်လှုပ်နှင့် သိပ်ကြောက်နေမိသည်။ ပိတ်ထားမိသော



www.burmeseclassic.com

www.burmeseclassic.com



နားနှစ်ဖက်ကို ထပ်မဖွင့်ရဲသလို၊ လျှပ်ရောင်တွေကို အသည်းအေးလွန်း၍ မျက်လုံးကိုလည်း ဖွင့်မကြည့်ရဲပါ။ ဘယ်ဘဝက ပါရမီမှန်းမသိ။ မိုးခြိမ်းသံကို အသည်းပေါက်မတတ် ကြောက်ရပါသည်။ မိုးရွာတော့မယ်ဆိုတာ သိနေပေမယ့် ခြေထောက်တွေဟာ မိုးလုံရာသို့ ပြေးမသွားနိုင်ခဲ့တာ သူမရဲ့ အားနည်းချက်ပါ။ ထိုစဉ် သူမရဲ့ခန္ဓာကိုယ်လေးပေါ်သို့ မိုးစက်ကလေးတွေ ခုန်ဆင်းလာသည်။ ခဏအတွင်းမှာပင် တစ်ကိုယ်လုံး ရွှဲစိုသွားရသည်။ မိုးခြိမ်းသံတွေ တိတ်သွားပြီအထင်နှင့် သူမ နားနှစ်ဖက်ကို ဖွင့်ချလိုက်ချိန်တွင် . . .

"ဂျိမ်း . . . ဂလိန်း"

ဆိုသော ကြောက်မက်ဖွယ်အသံဆိုးကြီးကြောင့် သူမ ကြောက်ကြောက်လန့်လန့်နှင့် နားနှစ်ဖက်ကို ပြန်၍ ပိတ်ပစ်လိုက်မိပြန်သည်။ ထိုစဉ် သူမကိုယ်ပေါ်သို့ မိုးပေါက်ကလေးတွေ ထပ်မကျလာတော့၍ သူမက မိုးတိတ်ပြီအထင်နှင့် ထရပ်လိုက်သည်။ သူမရှေ့တွင် မားမားကြီးရပ်နေသော တောင့်တောင့်တင်းတင်း ခန္ဓာကိုယ် ဖြောင့်ဖြောင့်ကြီး





ကြောင့် သူမ လန့်သွားရသည်။ ဘုရားရေ . . . ပါဠိပါလား။ သူ့မျက်လုံးတွေက ဘာကြောင့် သူမကို ပေါက်ထွက်မတတ် ကြည့်နေရတာလဲ။

ပတ်ဝန်းကျင်မှာတော့ မိုးက မစဲသေးပါ။ သည်းသည်းထန်ထန် ရွာသွန်းဆဲ။ ပါဠိက ထီးအကြီးကြီးနှင့် မိုးထားပေး၍ သူမတို့ လုံခြုံနေခြင်းရယ်ပါ။ ပါဠိက သူမကို မျက်ဝန်းထဲမှ ပျောက်သွားမှာစိုးသည့်အလား စူးစူးစိုက်စိုက် ကြည့်နေခဲ့သလို သူမကလည်း ခုလိုနီးနီးကပ်ကပ် မမြင်ရတာ ကြာပြီဖြစ်တဲ့ ပါဠိရဲ့မျက်နှာ ခပ်ချောချောကိုသာ တဒင်္ဂလေး ငေးကြည့်နေမိသည်။ ပါဠိရယ် ရှင့်ကို ဒီလိုလေးပဲ အမြဲငေးနေရရင် ဘယ်လောက်ကောင်းလိမ့်မလဲ။ သဘောဖြူလေ ရှင့်ကို ငေးကြည့်ခွင့်ရရင်ပဲ ကျေနပ်နေပါပြီ။

မိုးကလည်း သည်းသည်ထက် ပိုသည်းလာ၍ ထီးက သူမတို့နှစ်ကိုယ်စာ မလုံနိုင်တော့ပါ။ သူ့ကို မမြင်ဖူးသူတစ်ယောက်လို ငေးကြောင်ပြီး ကြည့်နေသော သူမရဲ့လက်အေးစက်စက်ကိုသာ ဆွဲကိုင်ပြီး မိုးလုံသောနေရာ ကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



ကျဉ်းလေးကို ဝင်ခိုလိုက်သည်။ မိုးက ဘယ်အပြိုးနှင့်မှန်း မသိ သည်းသည်းမဲမဲပင် ရွာချနေသေးသည့်အတွက် အေးစက်စက် လေထုက သူမကို တုန်ယင်လာစေပါသည်။ မိုးရေတွေ ရွှဲနစ်နေသော သူမကိုယ်ခန္ဓာလေးပေါ်သို့ သူ့ရဲ့အပေါ်ဝတ်ဂျာကင်ကို ချွတ်ကာ လွှမ်းခြုံပေးလိုက်သည်။ ပါဠိရဲ့အပြုအမူလေးကြောင့် သူမက ရင်တုန်သွားရသည်။ သိပ်ချမ်းနေလွန်းသည့်အတွက် မငြင်းပယ်မိပါ။

ပါဠိက ဖေးတစောင်းလေး တွေ့နေရသော သူမမျက်နှာကို မသိမသာလေး ခိုးကြည့်နေသည်။ ဒါကို သူမ သိနေသော်လည်း နှစ်သက်မိလာ၍ ပါဠိကောင်းကောင်း ကြည့်ခွင့်ရအောင် သူမ အကြည့်တွေကို အဝေးဆီသို့ ပို့ထားလိုက်သည်။ သူမတို့ အခုချိန်ထိ ဘာစကားတစ်ခွန်းမှ မဆိုဖြစ်ကြသေးပေမယ့် ရင်ထဲမှာတော့ နှလုံးသားတွေ ကျွမ်းထိုး မိုးပျံဖြစ် နေကုန်ရပါသည်။

ဒီလို တော့တော့ဆိုင်ဆိုင် တွေ့ကြပြန်တော့လည်း ဘယ်လိုအကြောင်းပြချက်နှင့်မှ ဖြေရှင်းပြကြစရာမလိုတော့





သလိုပင် တစ်ယောက်ကို တစ်ယောက် တတ်သိနားလည်သွားကြသယောင်ပင်။

"ဟို . . . ပါဠိရဲ့ဂျာကင်တစ်ထည် သဘောဖြူဆီမှာ ရှိပြီးသားလေ။ သဘောဖြူ သေချာလျှော်ထားပါတယ်။ မပေးဖြစ်သေးတာ"

"ဘယ်သူက လိုက်တောင်းနေလို့လဲ"

ဘုတောတောစကားက မကျေမနပ်လေး ထွက်ကျလာသည်။

"ကျေးဇူးတင်ပါတယ်"

"ဘာကိုလဲ"

"အားလုံးအတွက်ပါ။ အင်္ကျီမိုးလည်း ပြန်ပေးချင်တယ်။ ပါဠိ မကြိုက်မှာ စိုးလို့ပါ"

"မင်းအတွေးတွေ သိင်ရော်နေပြီ သဘောဖြူ။ ကိုယ် မင်းကို စိတ်မဆိုးချင်ဘူး။ ကိုယ်မင်းကို စိတ်တိုရလွန်းလို့ တစ်ခုခုပြောမိမယ်ကြံတိုင်း မင်းမျက်နှာကို မြင်ရင် ဒေါသတွေက ပျောက်ပျောက်သွားရလွန်းလို့ မင်း သက်သာနေ



www.burmeseclassic.com

www.burmeseclassic.com



တာ။ ပြောစမ်းပါဦး မင်း အခုတလော ကိုယ့်ကို ဘာကြောင့် ရှောင်နေတာလဲ”

“ဘယ်မှာရှောင်လို့လဲ”

“မင်း မလိမ်တတ်ဘဲ မလိမ်နဲ့ သဘောဖြူ။ မင်းက ဒီလိုလုပ်တော့ ကိုယ်က အရူးကြီးလုံးလုံးဖြစ်နေရတယ်ဆိုတာရော မင်း သိရဲ့လား။ ဟမ်း . . . ကိုယ်က မင်းမတွေ့အပ်တဲ့လူလား။ ဘာလဲ ကိုယ်က မင်းနဲ့တွေ့ဖို့ မထိုက်တန်လို့လား”

“မဟုတ်ဘူး။ အဲ့လို မဟုတ်ပါဘူး”

“ဒါဆို ပြောလေ။ မင်း ဘာကြောင့် ကိုယ့်ကို ရှောင်နေတာလဲ”

“ဟင့်အင်း . . . ဟင့်အင်း”

ဟုသာ သူမပြောနိုင်တော့သည်။ မျက်ရည်ဥကြီးတွေက သူမပါးပြင်ပေါ် ခုန်ဆင်း၍ လာခဲ့ပါပြီ။

“မင်း . . . အဲ့လိုမငိုနဲ့။ မင်းမျက်ရည်တွေက ကိုယ့်ကို သိပ်ခံစားရစေတယ်”



ဟုသာ ခပ်အက်အက်ပြောပြီး သူ့မျက်ရည်တွေကို လက်နှင့် ခပ်ကြမ်းကြမ်း သုတ်ပေးလိုက်သည်။

“ကိုယ် တောင်းပန်ပါတယ်။ ကိုယ့်ဘဝမှာ ပထမဆုံးအကြိမ် တောင်းပန်မိခြင်းပါ။ မင်းကိုယ့်ကြောင့် ငိုနေတာလား”

သူမကို တယုတယကြင်ကြင်နာနာ မေးလာတဲ့ သူ့မျက်ဝန်းလေးတွေကို သူမက ဘယ်လိုနှလုံးသားနဲ့ ကျောခိုင်းရပါ့မလဲ။

“မင်း နောက်ဆို ကိုယ့်ကို အဲ့လိုမရှောင်ပါနဲ့ကွာ။ ကိုယ်အရမ်း ခံစားရတယ်။ ကိုယ် မင်းကို နေ့တိုင်းတွေ့ချင်တယ်။ စကားပြောချင်တယ်။ ကိုယ် မင်းနဲ့ စကားပြောရရင် ပျော်တယ်။ မင်းက ကိုယ့်ကို အဲ့လိုကြီးရှောင်နေတော့ ကိုယ် တစ်ယောက်ယောက်ကို ရန်လုပ်ချင်နေတယ်။ ပြီးတော့ ဘာလိုသလိုလိုနဲ့ နေလို့ထိုင်လို့ မကောင်းဘူး”

ထိုစကားက နည်းနည်းလေးဆိုပေမယ့် ယိုင်နဲ့နဲ့ သူမနှလုံးသားက လဲကျလုလု ယိမ်းထိုးသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ သဘောဖြူ သံယောဇဉ်အဖြစ်မိဆုံး သော လူတစ်ယောက်ဟာ ရှင်ပါပဲ ပါဋ္ဌိ"

သူမ သက်ပြင်းမောကိုရှိုက်ရင်း . . .

"သဘောဖြူလေ အမေဆိုတာကိုလည်း မသိ သလို၊ အဖေ့ကိုလည်း မမှတ်မိဘူး။ အမေက ချောသလား မသိဘူးနော်။ သဘောဖြူ သိပ်ငယ်သေးတော့ မမှတ်မိဘူး။ အမေ့ကို သိပ်မှတ်မိချင်တာပဲ။ သဘောဖြူရဲ့စိတ်ကူးထဲမှာ ပုံဖော်ကြည့်နေမိတဲ့ အမေက ခပ်ချောချော အမျိုးသမီး တစ် ယောက်ပဲ။ သဘောဖြူကို သမီးလို့လည်း ခေါ်တယ်။ ကြင် ကြင်နာနာလည်း ဆက်ဆံတယ်။ အဖေ့အတွက် အမေရယ် သဘောဖြူရယ် မီးဖိုခန်းမှာ ချက်ပြုတ်နေကြတယ်။ ပြီးတော့ သဘောဖြူ ငိုရင် အမေက မျက်ရည်တွေကို သုတ်ပေး တယ်။ အမေက သိပ်ချောတာပဲ။ သဘောဖြူဆိုတဲ့ နာမည် လေးကို သဘောဖြူသိပ်ကြိုက်ပဲ သိလား။ အဲ့ဒါ အဖေ့ရဲ့ တစ်ခုတည်းသော အမွေလေ။ ဦးလေးက ပြောတယ်။ အဲ့ဒီ နာမည်လေးကို အဖေကိုယ်တိုင်ရွေးပေးခဲ့တာတဲ့။ သဘော





ဖြူ အရမ်းပျော်တယ်။ မမှတ်မိတဲ့ အဖေ့ကိုလည်း ကျေးဇူး တင်တယ်။ အဖေနဲ့အမေ့ကို မမှတ်မိတဲ့အတွက်လည်း တောင်းပန်နေမိတယ်"

ဝေ့တက်လာသော မျက်ရည်ကြည်များကို ပုတ် ခတ်လိုက်ပြီး . . .

"ဘာတွေပြောနေမိလဲ မသိဘူး"

"မင်း ငိုချင်တယ် မဟုတ်လား။ ကိုယ့်ကို မှီပြီး ငို လိုက်ပါ။ ကိုယ် အဝေးကိုပဲ ကြည့်နေပါ့မယ်"

ထိုအခါမှ ပါမစ်ရသွားသူတစ်ယောက်နယ် သူမက ပျုံးပွဲချငိုရှိုက်လိုက်မိပါတော့သည်။ .

သူက သူမရဲ့ပခုံးစွန်းတစ်ဖက်ကို ဖွဖွလေး ဆုပ် ကိုင်ပေးပြီး နှစ်သိမ့်ပေးသည်။ သူမ ဘာဖြစ်လို့များ ဒီနေ့မှ ဝလောက်ကြီး ခံစားသွားရတာလဲ။ ပါဋ္ဌိရှေ့မှာ သူမက ဒီလို ငိုးတော့ မဖြစ်သင့်ဘူးလေဟု အသိဉာဏ်တစ်ခုနှင့် ဆင်ခြင် ပာ . . .

"ရှင်ဟာလေ သဘောဖြူအပေါ်မှာ အကောင်းပေး



www.burmeseclassic.com

www.burmeseclassic.com



ဆုံး လူပဲ"

"ဒါဆို နောက်ရှောင်မနေရဘူး။ ကိုယ်က မင်း ဝမ်းနည်းနေတဲ့အခါ နှစ်သိမ့်ပေးမယ်။ မင်း ငိုချင်ရင် ပခုံးခဏငှားပေးမယ်။ မင်းက နတ်ပန်းလေးဆို ကိုယ်က ဘီလူးကြီးလုပ်မယ်"

ကဲ . . . သူမမှာ ငြင်းဆန်နိုင်စရာ ခွန်အားတို့ပျောက်ဆုံးကုန်ရပါပြီ။

သူမက နှစ်ခြိုက်စွာပင် ခေါင်းညိတ်လိုက်မိတော့သည်။



လေလေးချွန်ကာ ကားသော့ကို လက်ညှိုးထိပ်မှာလှည့်ရင်း အိမ်ထဲဝင်လိုက်တော့ ကြီးမေနှင့် ရွှန်းရွှန်းဝေအောင် စကားပြောနေသော ခရေဇီကြောင့် သူ အံ့ဩသွားရသည်။

"သားတောင် ပြန်လာပြီကိုး။ လာထိုင်ပါဦးကွယ်။ သားနဲ့ခရေဇီက သူငယ်ချင်းတွေဆို"

"ခရေဇီက ဘယ်လိုလုပ်"

"ဩော် . . . သားက မသိသေးဘဲကိုး။ ခရေဇီက ပိုဘက်ခြံက ဦးစပ်ဝါနွံရဲ့ တစ်ဦးတည်းသော သမီးလေ"

ဒီအခါမှ သူ သဘောပေါက်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . သူငယ်ချင်းနှစ်ယောက် စကားပြောနှင့်ကြဦး။ ကြီးမေ လုပ်စရာလေး မပြတ်သေးလို့"

ဟုဆိုကာ ကြီးမေက ပြောပြောဆိုဆိုနှင့် ထထွက်သွားသည်။ ဒီတော့မှ ခရေဇီက . . .

"ငါ အဆောင်ကနေထွက်ခဲ့ပြီလေ။ အဆောင်မှာ နေရတာ ထင်သလောက်လည်း ပျော်ဖို့ မကောင်းပါဘူး။ ကျဉ်းတယ်။ မိန်းကလေးတွေ စုနေကြတော့ စကားများတယ်"

မဆီမဆိုင် ခရေဇီရဲ့စကားကြောင့် အဆောင်သူဖြစ်တဲ့ သဘောဖြူကို စိတ်ပူသွားမိသည်။

ဒီနေ့က ခရေဇီနဲ့ သူ စကားအကော်လေး ပြောဖြစ်သွားကြသည်။ ခရေဇီက တော်တော်လှပြီး အဆင့်အတန်းရှိတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ သူ လက်ခံပါသည်။ ခရေဇီက သူ့ကို ရေလာမြောင်းပေးစကားများ ဆိုလာပါသော်လည်း သူ ရှေ့ဆက်မတက်ပါ။ အဲ့ဒါ ခရေဇီကို သူ ရင်မခုန်မိလို့ပါပဲ။

သူ့နှလုံးသားစိတ်အာရုံတစ်ခုလုံးကို သဘောဖြူရဲ့



ပုံရိပ်တွေက စိုးမိုးဒနခဲ့ပါသည်။ သဘောဖြူက ချစ်စရာကောင်းသည်။ အပြစ်ကင်းစင်သည်။ ပြီးတော့ သူ့နှလုံးသားကို နိုးထရှင်သန်စေသည်။ အချစ်မှာ ဘာပကာသနမှ မပါဘူးဆိုတာ သူ ရိုးရိုးလေး လက်ခံမိသွားပါသည်။

ခရေဇီပြန်သွားပြီးတော့ သူ ရေမိုးချိုးကာ အသစ်လွင်ဆုံး အဝတ်အစားကို ဝတ်လိုက်ပြီး ကတ္တီပါဘူးအသေးလေးကို အင်္ကျီအိတ်ကပ်ထဲထည့်ကာ အပေါ်ဝတ်ဂျာကင်တစ်ထည်ကို ထပ်ဝတ်လိုက်သည်။ ရှင်းသန့်နေသော သူ့မျက်နှာကို မှန်ထဲပြန်ကြည့်ကာ ကျေကျေနပ်နပ်ကြီး ပြုံးလိုက်သည်။

သူကားကို စိတာပူရပ်ကွက်ထဲသို့ ဦးတည်ကာ မောင်းလိုက်သည်။ ပြီးတော့ သူမလေးရဲ့အဆောင်ပေါက်ဝရှေ့တည့်တည့်မှာ ရပ်ကာ စောင့်နေလိုက်သည်။ သူ ကြာကြာ မစောင့်လိုက်ရပါ။ သဘောဖြူ စက်ဘီးလေးတွန်းပြီး ထွက်လာသည်။

"ဟိတ်"

www.burmeseclassic.com

www.burmeseclassic.com



"အမလေး"

"အလုပ်သွားမလို့လား"

"အင်း"

"မင်း ဒီနေ့ အလုပ်လာမယ်လို့ သူတို့တွေ ထင်မှာ မဟုတ်ဘူး။ ဟဲ . . . ဟဲ . . . ကိုယ် မင်းအတွက် ခွင့်တင်ခဲ့တယ်"

ထူးဆန်းတဲ့ သူ့ကို သူမက တအံ့တဩလေး ကြည့်နေလိုက်သည်။

"အဲ့ဒီလို မျက်လုံးပြူးလေးနဲ့ကြည့်ရင် ကိုယ် သိပ်အသည်းယားတယ်"

သူက ရွှတ်နောက်နောက်ကလေး ပြောလျှင် သူမက ရင်ခုန်ချင်သွားသည်။ သူက ဘာမပြော ညာမပြောနှင့် သူမလက်ထဲမှ စက်ဘီးကို လက်လွှဲယူလိုက်ပြီး အဆောင်ဝင်းထဲကို ထိုးထည့်ထားကာ သူမကို ကားပေါ်တက်ဆိုသော အမူအရာနှင့် ကားတံခါးကို ဆွဲဖွင့်ပေးလိုက်သည်။ သူမမှာသာ နားမလည်နိုင်လွန်း၍ ကြောင်နစွာ ရပ်နေမိဆဲ။ ဒါကိုပဲ





သူက စိတ်မရှည်နိုင်စွာ သူမရဲ့လက်ကို ခပ်ကြမ်းကြမ်း ဆွဲပြီး ကားပေါ်တက်စေလိုက်သည်။

ကားပေါ်ရောက်တော့ သူက ပြုံးပြုံးလေး စိုက်ကြည့်ပြီး . . .

"အဲ့ဒီနေရာမှာ ထိုင်ရတာ မင်း ပထမဆုံးပဲ"

ဟု သူက ပဟေဠိဆန်ဆန် ပြောပြန်သည်။

ထူးဆန်းသော သူ့အပြုအမူကို သူမ နည်းနည်းတော့ အံ့အားသင့်မိပါသည်။ ကားလေးမှာ တဖြည်းဖြည်းနှင့် မြို့ပြင်ဘက်ကို ရောက်လာတော့ သူမ ပိုနားမလည်နိုင်ဖြစ်သွားရသည်။

"ပါဦ"

"ဘယ်ကိုလဲလို့မေးချင်တာ မဟုတ်လား။ ကိုယ် ဖြေမှာပါ။ ရော်ဘွန်ကိုလေ"

"ဟင်"

နားမလည်နိုင်တာကြီး ထပ်သွားရသည်။ ရော်ဘွန်ဆိုတာမျိုးက ခရစ်ယာန်ဘာသာဝင်တွေ ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com



သမ္မပြုတဲ့အခါမျိုးတို့၊ အတွဲတွေ အပျော်အပါးသွားတာမျိုးတို့အတွက်သာ စိတ်အပန်းဖြေစရာ သာယာတဲ့နေရာလေးပါ။ အခုတော့ သူက ဘာအတွက် . . .

ရော်ဘွန်ကိုရောက်တော့ သူက ကားပေါ်မှ အမြန်ဆုံးဆင်းကာ သူမဘက် ကားတံခါးကို လာဖွင့်ပေးသည်။ ရုတ်တရက် ကြည်နူးသွားတဲ့ သူ့အပြုအမူအတွက် သူမမှာ မနေတတ် မထိုင်တတ်ဖြစ်သွားရသည်။ သူက ကျောက်ကျုပ် အိတ်အဖြူလေးကိုလည်း ဆွဲကာ စင်မြင့်ပေါ်သာခေါင် အဆောက်အဦကြီးဆီသို့ ဦးဆောင်လိုက်သည်။ သူမမှာသာ နားမလည်နိုင်စွာပင် သူ့နောက်မှ ခပ်ရှိရှိ လိုက်ပါသွားရသည်။

သူက အိတ်ဖြူဖြူလေးထဲမှ ဘူးဝိုင်းဝိုင်းကြီးကို ထုတ်ကာ ဖွင့်လိုက်တော့ လှပတဲ့ ကိတ်မုန့်တစ်လုံး ထွက်ကျလာသည်။

"Happy Birthday

သဘောဖြူ"

ရှေ့သို့



ဟု ရောင်စုံစာလုံးလေး ရေးထွင်းထားသည်။

သူမ သိပ်အံ့ဩသွားရသည်။ ဟုတ်သားပဲ။ ဒီနေ့ သူမမွေးနေ့ပဲ၊ ကြည့်စမ်း သူမ မေ့နေလိုက်တာ။ သူမကိုယ်တိုင်ပင် သတိမရသော သူမရဲ့မွေးနေ့ကို သူက ဘယ်က ဘယ်လို . . .

"အံ့ဩနေပြန်ပြီလား။ မင်းက သိပ်ရိုးစင်းတာပဲ။ စိတ်ထဲက ခံစားချက်က မျက်နှာမှာ အထင်းကြီး ပေါ်နေတယ်။ ဟန်ပန်မရှိဘူး။ မအံ့ဩပါနဲ့။ ကိုယ်က မင်းအကြောင်းတွေ တော်တော်များများ သိထားပြီးသားပါ။ မင်းက ပန်းနုရောင် ကြိုက်တယ်။ ကိတ်မုန့်ကို နှစ်သက်တယ်။ မိုးခြိမ်းသံကို သေမှာထက် ကြောက်တယ်ဆိုတာက အစပေါ့။ ကျောင်းသားရေးရာဌာနရှိနေတော့ မင်းမွေးနေ့က စုံစမ်းဖို့ မခက်ခဲပါဘူး"

"သူများကို အံ့ဩအောင်လုပ်တတ်တဲ့နေရာမှာတော့ ရှင်က ဆရာကြီးပဲ"

သူမရဲ့ထောပနာပြုသံလေးကို သူက တဟဲဟဲ

ရှေ့သို့

www.burmeseclassic.com

www.burmeseclassic.com



ရယ်ရင်း . . .

"ဘယ်လိုလဲ မွေးနေ့ရှင် . . . ကိတ်မုန့်ကို ဒီအတိုင်းပဲ ကြည့်နေတော့မှာလား"

သူမက ဒီတော့မှ ကိတ်မုန့်ကို သတိရသွားကာ ခွဲလိုက်သည်။ လက်ခုပ်တီးမယ့်လူမရှိတဲ့ သူမရဲ့မွေးနေ့ပွဲက တိတ်ဆိတ်လို့ရယ်ပါ။ သူမက မွေးနေ့ကိတ်ကို ဇွန်းလေးကော်လိုက်ပြီး သူ့ကို ခွံ့ကျွေးလိုက်သည်။ သူက ကျေနပ်ပီတိများစွာနှင့် စားလိုက်ပြီး သူမကို ရွှန်းရွှန်းစားစားကြီး ကြည့်ကာ သူမရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။ သူမမှာ သူ့ရဲ့အပြုအမူအတွက် အံ့အားသင့်နေစဉ် သူက အိတ်ကပ်ထဲမှ ကတ္တီပါဘူးလေးကို ထုတ်လိုက်ပြီး သူမထံ လှမ်းပေးလိုက်သည်။

"ကိုယ့်ရင်ထဲမှာ တိကျတဲ့အဖြေက ရှိနှင့်ပြီးသားပါ။ ကိုယ် မင်းကို ချစ်တယ်။ အချစ်အကြောင်းကို ဖွဲ့နွဲ့ပြီး မတင်စားတတ်ပေမယ့် ကိုယ် မင်းကို တကယ်ချစ်ရတာပါ။ မင်းကို တစ်နေ့မမြင်ရရင် ကိုယ် မနေတတ်ဘူး။ သေချာပါတယ် ကိုယ် မင်းကို သိပ်ချစ်နေပြီ"

ရှေ့သော



တရစပ်ပြောလာတဲ့ သူ့စကားလုံးတွေကြောင့် သူမ နှလုံးသားနုနုလေးမှာ ကျွမ်းထိုးမိုးပျံနှင့် တဒိန်းဒိန်း လှုပ်ရှားနေရတော့သည်။

"မင်း ကိုယ့်ကို အဲ့ဒီလိုကြီးကြည့်မနေနဲ့။ တစ်ခုခုတော့ ပြန်ပြောဦးလေ။ မင်း ကိုယ့်ကို ခံစားရအောင်တော့ မလုပ်နဲ့ကွာ။ ကိုယ်က အများကြီးမျှော်လင့်ထားတာ။ မင်းကို တစ်နေ့နေ့မှာ လက်ထပ်ချင်တယ်။ မင်း လက်ခံမှာလား"

သူမမှာ စကားလုံးတို့ ပျောက်ဆုံးကုန်ရပါသည်။ သေချာသည်။ သူမမှာ ကြည်နူးရင်ခုန်ရလွန်းလို့ စကားလုံးတွေ ထွက်ကျမလာတော့တာပါ။ ဒါကို သူကလည်း မချင့်မရဲဖြစ်ရကာ . . .

"ကိုယ် ဒီလက်စွပ်ကို မင်းအတွက် သတ်မှတ်ထားတာ။ မင်း လက်ခံမှာလား"

သူ အားစေးစွာ မပြောရဲ ပြောရဲလေးနှင့် ပြောလိုက်ပြီး ရှက်ဝဲဝဲလေးနှင့် ခေါင်းငုံ့ထားလိုက်သည်။ အမှန်က တကယ်ဆို သူက ရဲရင့်တဲ့လူလေ။ သူမရှေ့မှာ ဘာကြောင့်

ရှေ့သော

www.burmeseclassic.com

www.burmeseclassic.com



အဲ့လိုဖြစ်သွားရတာလဲ။ အနည်းငယ်ရှက်နေပုံရသော သူ့ပုံစံကို သူမရင်ထဲ တစ်မျိုးလေး ခပ်အေးအေးခံစားသွားရကာ သူမရဲ့ဘယ်ဘက်လက်ကို ငုံ့နေသော သူ့မျက်နှာရှေ့သို့ ထိုးပေးလိုက်သည်။

ဒီတော့မှ သူက အရှက်ပြေသွားတဲ့ ကလေးငယ်တစ်ယောက်လို ဝမ်းသာအားရနှင့် ကတ္တီပါဘူးကို ဖွင့်တာ လက်စွပ်ကို သူမရဲ့လက်သူကြွယ်မှာ စတ်ဆင်ပေးလိုက်သည်။

"ရှင်က သိပ်တော်တာပဲ။ လက်အတိုင်းတို့ ယူပြီး ဝယ်လာတဲ့အတိုင်းပဲ"

"အဲ့ဒါ မင်းက ကိုယ့်ရဲ့ကြင်ဖော်ဖြစ်နေလို့ပေါ့"

"ဟင် . . . ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ အဲ့ဒါ ကိုယ့်ရဲ့လက်သန်းနဲ့တိုင်းပြီး ဝယ်လာတာ။ ကြင်ဖော်မှန်ရင် ယောကျ်ားလေးရဲ့လက်သန်းနဲ့ မိန်းကလေးရဲ့လက်သူကြွယ်က အတိုင်းအဆ တူရမယ်တဲ့"





"ဘာကြီးမှန်းလဲမသိဘူး"

"ရှက်သွားတာလား"

"ဘယ်မှာရှက်လို့လဲ"

"မလိမ်တတ်ဘဲ လိမ်ပြန်ပြီ"

ထိုစဉ် ရှက်တာရက်ဆိုသလို တောင်းကင်တစ်ခုလုံး အမှောင်ထီးကျသွားပြီး . . .

"ဂျိမ်း . . . ဂလိန်း"

"အမလေး"

မိုးခြိမ်းသံကြောင့် သူမမှာ လန့်ဖျပ်သွားရကာ သူမရှေ့မှာရှိသော သူ့ကို ကြောက်အားလန့်အားနှင့် ဖက်တွယ်ထားလိုက်သည်။ သူကလည်း သူမကို ဖွဖွလေး ဖက်တွယ်ထားတာ . . .

"သိပ်ကြောက်နေလား"

ဟု တိုးညင်းစွာမေးလာလျှင် သူမက ခေါင်းကလေးညိတ်ပြီး ဖြေလိုက်သည်။ မိုးခြိမ်းသံညံညံနှင့်အတူ မိုးစက်မိုးပေါက်လေးတွေ . . . ည်း စုန်ဆင်းလာသဖြင့် သူ့ရဲ့သန်မာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့လက်အစုံတို့နှင့် သူမကိုယ်လေးကို ထိန်းတာ မိုးလွတ်ရာသို့ ခေါ်လာလိုက်သည်။ မိုးရွာလာ၍ အေးစိမ့်စိမ့်လေးဖြစ်လာတာကြောင့် သူ့ရဲ့အပေါ်ဝတ်ဂျာကင်ကို ချွတ်ကာ သူမကိုယ်လေးပေါ် လွှမ်းခြုံပေးလိုက်သည်။

သူမက နွေးသွားရပေမယ့် အင်္ကျီလက်တိုလေးနှင့် သူက အေးနေပုံရ၍ သူ့ကို အင်္ကျီတစ်ဝက်ပေးကာ ခြုံစေလိုက်သည်။ သူကလည်း သဘောကျစွာ သူမရဲ့ပခုံးစွန်း တစ်ဖက်ကို လက်ဖြင့် အသာလေးဖိကပ်ထားပြီး သူမခေါင်းလေးကို သူ့ပခုံးပေါ် မှီကျစေလိုက်သည်။ ဒီတော့မှ အင်္ကျီတစ်ထည်ကို နှစ်ယောက်တူတူခြုံဖြစ်သွားကာ နှစ်ယောက်လုံး နွေးထွေးသွားရသည်။

"ကိုယ်နဲ့မင်းက ချစ်သူတွေဖြစ်သွားကြတာပေါ့နော်"

"သူနော်"

"ရှက်နေတာလား။ ဟား ... ဟား ... ရယ်ရအောင်နော်။ ကိုယ်က မင်းကိုပဲချစ်တယ်ပြောရတာ၊ မင်းက ကိုယ့်





ကို ပြန်လို့အဖြေမှမပေးသေးတာကိုး"

"အဲ့လိုမဟုတ်ရင် ဒီလိုမျိုး ဟာ ... ဘာကြီးမှန်း မသိဘူး"

"မရှက်ပါနဲ့။ ကိုယ်က ချစ်လို့စနေတာ။ ကိုယ်က မင်းကို ဖြူလေးလို့ခေါ်မယ်နော်၊ ကိုယ့်ကိုလည်း ပါဒ္ဒလို့ မခေါ်တော့နဲ့၊ သူစိမ်းဆန်တယ်"

"ဒါဆို ဘယ်လိုခေါ်ရမှာလဲ"

"ဖြူလေးရင်ထဲမှာရှိတဲ့ နာမ်စားကိုခေါ်ပေါ့"

"ဟီ ... ဟိ ... ရှက်စရာကြီး"

"ချစ်ရင် မရှက်ရဘူး ဖြူလေးရဲ့"

"ဒါဆိုရင် ကိုလို့ခေါ်မယ်နော်"

"ဟောဗျာ ... ရှက်နေပြန်တာလား"

ဟုဆိုကာ သူမမျက်နှာလေးကို ဆွဲမော့လိုက်ပြီး သူမ ပါးလေးကို မွှေးကြူလိုက်သည်။

"ဟာ ... ဘာကြီးမှန်း မသိဘူး"

သူမက မျက်ဝဲဝဲလေးနှင့် ခေါင်းကို ငုံ့ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . ရှက်နေပြန်ပြီလား။ ရှက်နေရင် ပြန်ပြီး တော့ . . ."

"သွား . . . ကို . . . မကောင်းဘူး"

ဟုဆိုကာ သူ့ရင်ဘတ်ကြီးကို ထုရိုက်လိုက်သည်။ ထိုစဉ် ကောင်းကင်ယံမှ . . .

"ဂျိမ်း . . . ဂလိန်း"

သူမက လန့်ကာ သူ့ကိုဖက်ထားပြန်ပါသေးသည်။

"ကြောက်နေတာလား။ မကြောက်ပါနဲ့။ သကြားမင်း စီးတဲ့ရထား ရှန်တိန်လုပ်နေတာပါ"

"ဟွန်း"

ကိုကဲ ခုလိုလည်း ထူးထူးဆန်းဆန်းလေး အရွှန်းဖောက်တတ်ပြန်ပါသေးသည်။

"ကိုယ် မိုးခြိမ်းသံလေးတွေကို သိပ်ကျေးဇူးတင် တယ် သိလား"

"ဟင် . . . ဘာဖြစ်လို့"

"မိုးစက်တွေကြောင့် ဖြူလေးကို ကိုယ် ချစ်မိသွား





တယ်။ ညစဉ်ညတိုင်း ကိုယ့်အိပ်မက်တွေကို မိုးမိုးထားတာ က မိုးရေတွေကြားထဲမှာ သိပ်ကြောက်နေတဲ့ ဖြူလေးရဲ့ပုံရိပ် ပဲ။ ဖြူလေးကို ကိုယ် အရမ်းချစ်တယ်။ ပြီးတော့ မိုးခြိမ်းသံ လေးတွေ၊ မိုးခြိမ်းသံလေးတွေသာ မရှိခဲ့ရင် ဖြူလေးကို ကိုယ် ခုလို ဖက်ထားခွင့်ရမှာ မဟုတ်ဘူး"

"ကျေးဇူးတင်ပါတယ် ကို"

"ဘာ့အတွက်လဲ"

"ဖြူလေးကို ချစ်ပေးလို့ပါ။ ကို့ရဲ့အချစ်ကို ဖြူလေး မေ့နိုင်ဘူးထင်ပြီး ဝမ်းနည်းခဲ့ဖူးတယ်"

"ကြည့်စမ်း . . . ကိုယ်တောင် မသိလိုက်ဘူး။ ဒါဆို ဖြူလေး ကိုယ့်ကို ချစ်တယ်လို့ပြောဖို့တော့ လိုလာပြီထင် တယ်"

"လိုသေးလို့လား ကိုရယ်။ ကို့ကို စစတွေ့ချင်း ကတည်းက ဖြူလေးတာ ရင်ခုန်ခဲ့ရတာပါ။ ပြီးတော့ ကို့ကို ထပ် ပြီ၊ ကျေးဇူးတင်တယ်။ ဖြူလေးမွေးနေ့လက်ဆောင် တစ်ခါ မှ မရဖူးဘူး။ ကိုပေးတဲ့ မွေးနေ့လက်ဆောင်ဟာ ဖြူလေး



www.burmeseclassic.com

www.burmeseclassic.com



အတွက် ပထမဆုံးပဲ"

"ဒါဆို ကိုယ် အပျော်တစ်ခုမှာ နောက်တစ်ဆင့် ထပ်ပျော်သွားပြန်ပြီ။ ကိုယ်က နည်းနည်းတော့ အတ္တကြီးတယ်။ ဘယ်နေရာမှာပဲဖြစ်ဖြစ် ပထမပဲဖြစ်ချင်တာ"

"ကို့ဆန္ဒ ပြည့်ဝမှာပါ။ ကိုက ဖြူလေးအတွက် ပထမဆုံးလူနဲ့ နောက်ဆုံးလူပါပဲ"

"ဖြူလေးကို သိပ်ချစ်တယ်"

ဟုဆိုကာ တိုးဖက်ထားလိုက်ပါတော့သည်။

အခုတော့ သူတို့ချစ်သူနှစ်ဦး အချစ်တွေအောက်မှာ နွေးထွေးပျော်ဝင်နေပေတော့သည်။



"ဘယ်လိုလဲ ပါဦး။ မင်း မနေ့က အတော်ခရီးရောက်ခဲ့ရဲ့လား"

"အခု မင်း ဘာကိုဆိုလိုတာလဲ"

"မင်း မနေ့က သဘောဖြူကို ကားပေါ်တင်ခေါ်သွားတာ ငါတွေ့တယ်။ မသင်္ကာလို့ နောက်ကလိုက်ကြည့်တာ။ ငါ မှန်းတာ မမှားဘူးဆိုရင် မင်းတို့ ဂျော်ဘွန်သွားတာပဲ ဖြစ်ရမယ်"

"မင်းကိုတော့ ငါ ညာလို့ရတော့မယ် မထင်ဘူး"

"ဘာလဲ။ မင်းက ငါတို့ကို ညာချင်သေးလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ"

ကျော်ကြီးနှင့် သက်နောင် မရောက်လာကြသေး၍ သူတို့နှစ်ယောက် ကန်တင်းမှာထိုင်ကာ စကားစမြည်ပြောနေကြခြင်းရယ်ပါ။

"မနေ့က သဘောဖြူရဲ့မွေးနေ့လေ။ မင်းက ငါ့ထက် ဦးသွားတာပေါ့ကွာ"

"ဘာ . . . ဒါဆို မင်းကလည်း"

"ငါ နောက်ဆုတ်လိုက်ပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ သဘောဖြူရဲ့မျက်လုံးတွေကို ငါ ဖတ်တတ်နေလို့ပဲ။ မင်း အဖြေရလိုက်ပြီ မဟုတ်လား"

"အွန်"

"သဘောဖြူက နာမည်နဲ့လိုက်အောင် တကယ် ရိုးသားဖြူစင်တာကွ။ မင်း ဂရုစိုက်ပေါ့ကွာ။ ငါကတော့ သူ့အပေါ် သူငယ်ချင်းကောင်းတစ်ယောက် ဖြစ်လာအောင် ကြိုးစားမှာပါ"

"သူ့ သိပ်ဖြူစင်လွန်းလို့လဲ ငါ ချစ်မိသွားတာ ထင်

●——ပျူငသော——●



တယ်"

"ငါ ရိပ်မိပါတယ်။ ပြီးတော့ ငါ ရိပ်မိနေတာ တစ်ခု ရှိသေးတယ်၊ အဲ့ဒါ ခရေဇီ မိတ်ဆက်ပေးမှ မင်းနဲ့သဘောဖြူ သိခဲ့ရတာ မဟုတ်ဘူးဆိုတာပဲ"

"မင်း သိပ်တော်တယ် အာဝ။ ဟုတ်တယ် ငါနဲ့ သဘောဖြူ အရင်တည်းက ရင်းနှီးပြီးသားပါ။ မင်း ဘယ်လို လုပ်သိလဲ"

"သဘောဖြူက သိပ်ဖြူစင်လွန်းတော့ ဟန်မဆောင်တတ်ဘူးလေ။ သူ့ကို ကြည့်လိုက်တာနဲ့ ခန့်မှန်းလို့ရတယ်။ ပြီးတော့ မင်းဆောင်းလေ့ရှိတဲ့ ထီးအမျိုးအစား သဘောဖြူမှာလည်း တွေ့ရတယ်"

"တော်ပြီးရင်း တော်ရင်းပါလား အာဝရ။ မင်းက အသေးစိတ် စောင့်ကြည့်နေတာပဲ"

"ဟာ . . . ဟောကောင်တွေ ဘာတွေစောင့်ကြည့်နေကြတာလဲ"

ဟု နှုတ်ခွန်းနားဖျားကြားသမျှကို ထောက်ပြီး ကျော်

●——ပျူငသော——●

www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် သက်နောင် ပေါ်လာကြသည်။

"မင်းတို့နှစ်ယောက်ကလည်း နောက်ကျလိုက်တာ။ အတန်းတက်ရဦးမယ်လေ"

"ထုံးစံအတိုင်းပေါ့ကွာ။ ကောင်မလေးချောတာမြင်ရင် မနေနိုင် မထိုင်နိုင်တာ ကျော်ကြီးရဲ့ဗီဇပဲ"

ဟု သက်နောင်က ရွှတ်နောက်နောက် ပြောလိုက်သည်တွင် ကျော်ကြီးမှာ ရှုံ့ရှုံ့ရွားရွား ဖြစ်သွားကာ . . .

"မင်းကရော မပါလို့လား"

"အရှေ့က တစ်မူးသာလှပ်မနေကြနဲ့။ မင်းတို့ နှစ်ယောက်လုံး အတူတူပါပဲ . . ."

"ဘာလဲ . . . အာဂု မင်းက မနာလိုချင်လာတော့ဘူးလား"

"ဘာမှလာညှိမနေနဲ့။ ဟိုကောင်မလေးက တစ်မျိုး၊ ဒီကောင်မလေးက တစ်မျိုးနဲ့ စိတ်ညစ်လွန်းလို့"

"ဟား . . . အဲဒါမှ ပျော်စရာ၊ အရသာကွ။ ဒါတွေမင်း နားမလည်သေးပါဘူး။ ခုချိန်မှာ ငါတို့က ရည်းစားဆိုပြီး



သတ်သတ်မှတ်မှတ် မရှိတော့ ကောင်မလေးတွေ အများကြီးက ငါတို့ကို ချစ်ကြတယ်လေ"

"နာဘူးကောင်တွေ"

အာဂုရဲ့ ပျစ်ပျစ်နှစ်နှစ် တေတပနာသံကို သူတို့တွေက တဟားဟားနှင့် ဝိုင်းရယ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူတွေဖြစ်သွားကြသော အထိမ်းအမှတ်အနေနှင့် သဘောဖြူကို တစ်ခုခု အမှတ်တရ ဝယ်ပေးမယ်ဆိုသော ရည်ရွယ်ချက်ကြောင့် သူမ အလှပ်လှပ်သော ရွှေတောင်ရှေ့မှာ ကားကို ထိုးရပ်လိုက်သည်၊ သူနှင့် သဘောဖြူရဲ့ ဆက်ဆံမှုကို ရိပ်မိနေကြသော ဆိုင်ရှင်နှင့် လုပ်ဖော်ကိုင်ဖက်များက သူ့ကို မြင်တော့ သဘောဖြူကို တီးတိုးစနေကြသည်။ ဒါကိုပဲ သူမက ရှက်ဝဲဝဲလေးနှင့် ခေါင်းကို သွင်သွင်ငုံ့ထားလိုက်သည်။ ရင်းနှီးနေပြီ ဖြစ်သော ဆိုင်ရှင်ကို သူက ပြုံးမြမြလေးနှင့် နှုတ်ဆက်လိုက်သည်။ ပါဠီမှာ ကြီးကျယ်ခမ်းနားသော ပါဝါမျိုးရှိတာကြောင့် ဆိုင်ရှင်မှာ ပါဠီရဲ့အပြုံးကို



လှိုက်လှိုက်လှဲလှဲ လက်ခံလိုက်သည်။

ခုတလောလေးမှ ဆိုင်ရှင်က သဘောဖြူကို ပို၍ အရေးပေးဆက်ဆံလာသလိုပင်။ ဒါ ပါဠီကြောင့်လား။

သူက ဆိုင်ရှင်နှင့် ဘာသွားပြောနေသည် မသိ။ ခဏအကြာမှာ ဆိုင်ရှင်က သူ့တစ်ယောက်တည်းကို အလုပ်ခဝင်းခွင့်ပြုလိုက်သည်။ လုပ်ဖော်ကိုင်ဖက်တွေကြားမှာမို့ သူမက မနေတတ်.မထိုင်တတ်ဖြစ်သွားရသော်လည်း သူမနဲ့ ပါဠီကို စချင်နေကြသော မျက်နှာပေးလေးတွေကြောင့် စိတ်သက်သာရာရသွားရသည်။

"ကားပေါ်တက်"

ဟုဆိုကာ ကားတံခါးကို ဖွင့်ပေးလာသည်။

"စက်ဘီးယူ . . ."

"မယူပါနဲ့ မင်းစက်ဘီးကို တစ်ယောက်ယောက် ပြန်ပို့ထားလိမ့်မယ်"

"ဘယ် . . . သွား . . ."

"ဆက်မမေးနဲ့"

www.burmeseclassic.com



ဟု သူကဆိုကာ သူမရဲ့လက်ဖျားလေးတွေကို ဆုပ်ကိုင်လိုက်သည်။

သူ့စကားကို သူမ စိတ်ခုချင်ပေမယ့်လည်း သူ့အပြုအမူလေးကြောင့် သူမ နှစ်သက်မှုဖြစ်ရပြန်သည်။

"ဖြူလေး . . . ခုချိန်မှာ ဘာကိုအလိုအပ်ဆုံးလဲ"

"ဟွန့် . . . ဘာကိုမေးတာလဲ"

"တစ်ခုခုစားချင်တာတို့၊ တစ်ခုခုဝယ်စရာရှိတာတို့"

"ကိုနဲ့ ပထမဆုံးတွေ့တဲ့နေ့ကလို အသားလုံး စားချင်တယ်။ ဝယ်စရာတော့ မရှိဘူး"

"ဟို . . . နှုတ်ခမ်းနီတို့ ဘာတို့ရော"

"ဟင့်အင်း . . . ဖြူလေးကမှ အဲ့ဒါတွေ မသုံးတတ်တာ"

"ဒါဆို အဝတ်အစားရော"

"ဟင့်အင်း . . . အဝတ်အစားက အများကြီးရှိနေတာ မကောင်းဘူး။ သယ်ရပိုးရတောင် ရှုပ်သေးတယ်။

---



ဖြူလေးက အဆောင်သူလေ။ အိမ်မှမရှိတာ"

ဆိုစကားလေးကြောင့် သူ ကရုဏာဖြစ်သွားရပါသော်လည်း . . .

"ဒါဆို ကိုယ် လက်ဆောင်ဝယ်ပေးချင်တယ်ဆိုရင် ဖြူလေး ဘာမျိုးကို လိုချင်သလဲ"

"ဟင့်အင်း . . . ကို့ကို ဖြူလေးချစ်တာ အဲ့လို လက်ဆောင်မျိုးတွေ လိုချင်လို့မှ မဟုတ်တာ"

"ဖြူလေးက အဲ့လို သူစိမ်းဆန်ဆန်ပြောရင် ကိုယ် တကယ် စိတ်မကောင်းဘူး"

ဟု သူက လေးပင်စွာ ခပ်တည်တည်ပင် ပြောချလိုက်သည်။

"ကို စိတ်ဆိုးသွားတာလား"

"မဆိုးပါဘူး"

သူ့အသံ ခပ်ပြတ်ပြတ်ကြောင့် သူမက စိတ်မကောင်း ဖြစ်သွားရတာ . . .

"ကို စိတ်ဆိုးနေပါတယ်"

---

www.burmeseclassic.com

www.burmeseclassic.com



သူ့ထံမှ ဘာတုံ့ပြန်သံမှ မကြားရတော့ပါ။ မျက်နှာကြီးကို မှုန်ကုပ်နေလိုက်သည်။ သေချာသည်။ သူ စိတ်ဆိုးသွားတာပေါ့။ သူမကလည်း သူမပင်။ ချစ်သူတွေကြားမှာ ဒီလိုစည်းချထားတဲ့ စကားလုံးကို မသုံးသင့်။

သူမက အပြစ်မကင်းသူတစ်ယောက်ပီပီ သူ့ပခုံးလေးကို ချွဲနွဲ့ပြီးမှီလိုက်ကာ ကို့ရဲ့ပါးပြင်တစ်ဖက်ကို နိုးနှမ်းလိုက်သည်။

"ကို ဖြူလေးကို ဝက်ဝံရုပ်ကြီးကြီးတစ်ရုပ် ဝယ်ပေးနော်"

သူမက စိတ်ဆိုးသူကို ချော့သလို ရှက်ဝဲဝဲလေး ပြောလိုက်လျှင် သူ့မျက်နှာကြီးက တည်တင်းနေရာမှ ရုတ်တရက်ဆိုသလို ပီပီပြင်ပြင်ကြီး ပြုံးလာသည်။

"အဲ့လိုမျိုးလေးတွေလည်း တတ်သားပဲ"

"ဘာကြီးမှန်းမသိဘူး။ မိန်းမကြီးကျလို့ သူများကို စိတ်ဆိုးနေလိုက်တာ"

"ကိုယ် သိသွားပြီ၊ ဒနောက်ဆို အဲ့လိုလေး မပြော





ခဲ့ဘာ စိတ်ဆိုးချင်ယောင်ဆောင်မှုထင်တယ်"

"ကိုနော် . . . ဒီတာ တကယ်ဟင်လို့ ခံစားလိုက်ရတာ။ ကိုသာ အဲ့လိုကြီး ကြာကြာနေရင် ဖြူလေး ငိုပစ်မိတော့မယ် . . . သိလား"

သူမက ပူပူအောင့်အောင့်လေး ပြောလိုက်ပေမယ့် သူက ကျေကျေနပ်နပ်ကြီးပင် ပြုံးနေသေးသည်။

ထိုစဉ် ဆိုင်ရှေ့သို့ရောက်လာ၍ ကားထိုးရပ်လိုက်သည်။ အငွေ့တထောင်းထောင်း ထနေသော အသားလုံးနှစ်ပွဲကို သူတို့ရှေ့ချပေးလာသည်။ သူတို့နှစ်ယောက် မြိန်ရေရှက်ရေ မြိန်တူစားလိုက်ကြရင်း . . .

"ကိုယ်တော့ ဒီအသားလုံးကိုရော မြစ်ကြီးနားမြို့ကြီးကိုပါ တစ်သက်လုံး သတိရနေတော့မှာပဲ"

"ဟွန် ဘာကြောင့်လဲ"

"ဒီကောင်မလေးကို လက်ဆောင်ပေးခဲ့လို့လေ"

ဟု သူက တစ်ခါတစ်ရံမှာလည်း တီတီတာတာ ပြောလာတတ်သေးသည်။ ဒါကြောင့်လည်း သူ့ကို သိပ်ချစ်



www.burmeseclassic.com

www.burmeseclassic.com



နေရတာပေါ့။

"မြူလေး အလုပ်ကြီးပဲ လုပ်မနေနဲ့ဦး၊ စာမေးပွဲတွေ နီးနေပြီ။ စာကျက်ဖို့လည်း မမေ့နဲ့ဦးနော်"

"အင်း"

"စာမေးပွဲဖြေပြီးတဲ့နောက်ဆုံးနေ့မှာ ဘယ်ကိုမှ ထွက်မသွားနဲ့ဦး။ ကိုယ် လာခေါ်မယ်"

"ဟင် . . . ဘယ်သွားမှာမို့လဲ"

"အဲ့ဒီနေ့တော့ သိမှာပေါ့"

"ဟွန့် . . . သူ့ကျတော့ လျှို့ဝှက်လိုက်တာ"

ဟု သူမက ပွစိပွစိလေးပြောလိုက်သည်။

သူက သိပ်ချစ်ဖို့ကောင်းတဲ့ချစ်သူလေးပါ။ တစ်ခါတစ်ရံ လျှို့ဝှက်မှုတွေနဲ့ သူမကို ရင်ခုန်စေသလို၊ တစ်ခါတစ်ရံမှာတော့လည်း ပီတိလေးဖြစ်အောင် ပေးစွမ်းနိုင်သည်။

သူ့အချစ်တွေနှင့် သူမကို ရင်ခုန်စိတ်လှုပ်ရှားစေ၍ သူမ နှလုံးသားလေးက နွေးထွေးပျော်ရွှင်နေရပါသည်၊

သူချစ်သူဖြစ်လိုက်ရတဲ့ သူမကိုယ် သူမ ကမ္ဘာမှာ



ကံအကောင်းဆုံးဖြစ်သူဟု ခံယူထားလိုက်သည်။

သူမက သူနဲ့မတွေ့ဆုံမီထိ ကံကောင်းသူဟု တစ်ခါမှ မယူဆခဲ့ပါ။ အခုတော့ ချစ်သူ မိုးမင်းသားလေးကြောင့် ဘဝမှာ လိုအပ်ချက်မရှိ အချစ်တို့နှင့်သာ ပြီးပြည့်စုံနေခဲ့သည်။

အရင်က မပြည့်စုံမှု လိုအပ်ချက်တွေ များစွာနှင့်သာ မေတ္တာကို ငတ်မွတ်တောင့်တခဲ့သော သူမက အခုတော့လည်း ပါဠိဆိုသော မိုးမင်းသားလေးသာ ရှိနေခဲ့ရင် အရာရာဘာ ပြီးပြည့်စုံနေတတ်ပါတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ပါဋ္ဌိနဲ့ နင်က မတန်ပါဘူး သခေါ်ဖြူ။ နင် အခု ချိန်မှာ နောက်ဆုတ်လိုက်မယ်ဆို နင် ခံစားရ သက်သာမယ်။ ဒါမှမဟုတ်ရင်တော့ နင် လူးလိမ့်နေအောင် ခံစားရလိမ့်မယ်။ မမီတဲ့ပန်းကို မလှမ်းချင်ပါနဲ့။ ကြီးမေက ပါဋ္ဌိနဲ့ငါ့ကို သဘော တူနေတာ။ ပါဋ္ဌိသာ မျက်စိပါတဲ့၊ ဦးနှောက်ရှိတဲ့လူဆိုရင် နင် နဲ့ငါရဲ့ ပကာသန၊ ရုပကာချင်းကို ခွဲခြားသိမြင်မှာပါ။ အဲ့တော့ သူငယ်ချင်းတစ်ယောက်အနေနဲ့ ငါ သတိပေးချင်တာက နင် နောက်ဆုတ်လိုက်ပါ သခေါ်ဖြူ"

မနက်က ခရေဖီ သူ့မထံလာ၍ ပြောသွားသည့်မှုကို သူမ နားထဲမှ မထွက်တော့။ ဒါ ဘာသဘောလဲ။



ခရေဖီက ပါဋ္ဌိအပေါ် တိမ်းညွတ်နေတာကိုလည်း သူမ သိသည်။ ပြီးတော့ ခရေဖီက သူမအပေါ် ကျေးဇူးရှိသူ။

သို့ပေမယ့် သူမက ချစ်သူကို ဥပေက္ခာပြုမှုနဲ့တော့ ခရေဖီရဲ့ ကျေးဇူးတရားကို မဆပ်ချင်။ အကယ်၍ ချစ်သူက သူမကို ဥပေက္ခာပြုပြီး ခရေဖီနောက်ပါသွားခဲ့မယ်ဆိုရင် တော့ သူမက ကြည်ဖြူစွာ ခွင့်ပြုမိမှာပင်။

သို့ပေမယ့် သူမရဲ့ချစ်သူ ကိုဟာ ဒီလို ခပ်ပေါ့ပေါ့ အမျိုးအစားထဲက မဟုတ်ဘူးဆိုတာ သူမ ယုံကြည်နေမိ သည်။ ခရေဖီကို ကြိုက်ချင်ရင် အစတည်းက နုံချာလှတဲ့ သူမကို ဂရုစိုက်တော့မှာပင် မဟုတ်။ သူမက မေတ္တာဝတ်ခဲ့ သူပီပီ ရှားရှားပါးပါးရထားတဲ့ ကိုရဲ့မေတ္တာစစ်ကိုတော့ စိမ်းကားစွာ ဥပေက္ခာမပြုရက်ပေ။ ကိုရဲ့ သစ္စာတွေကို လုံးလုံး ယုံကြည်နေမိသည်။ အချစ်စစ်မှန်ရင် အနှောင့်အယှက်ပေါ တတ်၏ ဟု လူတွေက ပြောတတ်ကြ၍ ဘယ်အနှောင့် အယှက်မျိုးမဆို သစ္စာနဲ့ ရဲရဲဝံ့ဝံ့ ရင်ဆိုင်မည်ဟု ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ စာမေးပွဲပြီးရက်မို့ ကို လာခေါ်၍ ကို့ဘားပေါ် ပါခဲ့ရပေမယ့် သူမ အာရုံတွေက ခရေဇီရဲ့ခြောက်လှန့်သံလို စကားတွေများ၌သာ ရစ်ဝဲနေရပါ၏။ ခရေဇီနဲ့ သူမနဲ့က မကင်းရာ မကင်းကြောင်း သူငယ်ချင်းရင်းချာကြီးတွေမို့ သူမ က အပြစ်ကျူးလွန်ထားမိသလို ခံစားနေရပါသည်။

"ဖြူလေး . . . ငြိမ်လှချည်လား"

ကို့ရဲ့သတိပေးသံကြားရတော့မှ သူမက အိပ်မက် မှ လန့်နိုးလာရသူတစ်ယောက်လို သတိဝင်ခဲ့ရသည်။

"စာအရမ်းကြိုးစားထားရလို့ အိပ်ရေးပျက်နေတာ လား"

သူက သူမကို ရှုတ်နှောက်နှောက်လေး ပြောလိုက် ပေမယ့် သူမကတော့ ကို့မျက်နှာ ချောချောကို လွမ်းဆွတ် စွာ ငေးမောနေလိုက်သည်။

"ကိုယ်က အရမ်းချောနေလို့လား"

သူက စနောက်ကာ ရယ်ကျဲကျဲလေး ပြောလိုက် ပေမယ့် . . .



"အင်း . . . ကိုက အရမ်းချောပါတယ်။ ကိုက တည် ကြည်တယ်၊ ခန့်ညားတယ်။ ကို့နားမှာ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်ခဲ့မှာပဲနော်"

"အွန်း . . . ဟုတ်တယ်၊ ဒါပေမယ့် ကိုယ်က မိုးခြိမ်း သံကို သေမလောက်ကြောက်တဲ့ ကောင်မလေးကိုပဲ ချစ် တယ်"

ကို့အပြောလေးကြောင့် သူမ ပျော်ရွှင်သွားရ သည်။

"ဥပမာ ကို့ကို အရမ်းချောပြီး၊ လူတွေရဲ့စိတ်ဝင်စား မှုကို ခံနေရတဲ့ ကိုတို့နဲ့ ဝုက်ရည်တူမိန်းကလေးတစ်ယောက် က မျှော်လင့်နေတယ်၊ ပြီးတော့ လူကြီးတွေကရော သဘော တူနေတယ်ဆိုရင်ရော"

"အဲ့ဒါ မင်း ကိုယ့်အချစ်တွေကို သက်သက်မယုံ ကြည်တာပဲ။ ကိုယ် မင်းကိုချစ်တယ်ဆိုတာ ဘာအရောင်မှ မပါဘူး၊ အချစ်မှာ အရောင်၊ အဆင်း၊ အနံ့၊ အရသာ မရှိဘူး။ အချစ်ဆိုတာ ရိုးရိုးလေးချစ်နေကြဖို့ပဲလိုတာ။ အမှန်ကို ပြော

www.burmeseclassic.com

www.burmeseclassic.com



ရရင် မင်းနဲ့ကိုယ့်ကြားမှာ ခြားလေသွားတာကို ကိုယ် မလိုချင်ဘူး။ အချစ်ဆိုတာ မျောက်တွေလို အသီးပေါ်တဲ့အပင်ကို ခုန်ကူးလို့ရတာ မဟုတ်ဘူး။ အချစ်စစ်ဆိုတာ ရင်ထဲမှာ တစ်ကြိမ်တည်း ဖြစ်ပေါ်လေ့ရှိတယ်။ အေး . . . ကိုယ့်ရင်ထဲမှာ ဖြစ်ပေါ်နေတာလည်း အချစ်ဆိုတာ မင်းနဲ့ပတ်သက်လို့ပဲရှိတယ်။ တခြားလူတစ်ယောက်အတွက် ကိုယ့်ရင်ထဲမှာ နေရာ မရှိဘူး။ အခုလည်း ဒီစကားပဲ။ နောင်နှစ်(၅၀)ကြာလည်း ဒီစကားပဲ။ အကယ်၍ မင်းက ကိုယ့်ကို စွန့်ခွာသွားခဲ့မယ်ဆိုရင်တောင် ကိုယ်က အသည်းကွဲသူတစ်ယောက်ပဲ ဖြစ်နေမယ်။ သေချာတယ်။ ကိုယ် နောက်တစ်ယောက်ကို ချစ်လို့ရမှာ မဟုတ်ဘူး။ အဲ့ဒါ ကိုယ့်ရဲ့သဘောပဲ။ လူငယ်တွေရဲ့ အချစ်ရေးရာမှာ အချင်းချင်း သိပ်ချစ်နေကြရင် ဘယ်မီဘအသိုင်းအဝိုင်းကမှ ထိုးဖောက်မဝင်ရောက်နိုင်ပါဘူး။ တကယ်လို့ ဒါတွေ ပါဝင်ရှုပ်ထွေးခဲ့ရင်တောင် မင်း ကိုယ့်ကို ယုံကြည်သင့်တယ်။ ကိုယ်က မင်းချစ်သူလေ"

သူက ခပ်ပြတ်ပြတ်ပင် နိုင်နိုင်မာမာဆိုလိုက်တော့



ကိုကို သံသယဝင်မိတဲ့ သူမကိုယ်သူမ အပြစ်တင်နေမိတော့သည်။

"ကို့အချစ်တွေကို မြူလေး ယုံပါတယ်။ မြူလေးက ကိုယ့်ကိုယ်ကို အားငယ်မိလို့ပါ"

"ဆောရီး . . . မြူလေး ကိုယ်စကားနည်းနည်း ကြမ်းသွားတယ်"

"ဟင့်အင်း . . . မြူလေး ကျေနပ်ပါတယ်။ ကို့စိတ်ရင်းကို ပွင့်ပွင့်လင်းလင်း သိရတဲ့အတွက် မြူလေး ပျော်ပါတယ်။ မြူလေးက ကိုယ့်ကိုယ်ကို ကံဆိုးမလို့ ခံယူထားတာ။ ကို့အချစ်တွေက မြူလေးကို ကံကောင်းသူလေးဖြစ်စေတာပါ"

ထိုအခါကျမှ သူ့မျက်နှာက ရေးရေးလေး ပြုံးယောင်သန်းလာရပြန်သည်။

"ဟင် . . . ကို . . . ဘယ်ကိုမောင်းနေတာလဲ"

ဒီတော့မှ သူမက ပတ်ဝန်းကျင်ကို သတိပြုမိသွားကာ မေးလိုက်သည်။

"မြစ်ဆုံကို"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဒါဆို အပြည့်မိုးချုပ်မှာပေါ့"

"ဘာလဲ . . . မလိုက်ချင်ဘူးလား"

"အဲ့ဒီလို မဟုတ်ပါဘူး"

သူမက ငြင်းလိုက်တော့မှ သူတာ ပြုံးစိစိလေး ဖြစ်သွားရပြန်သည်။

သူမက လမ်းတစ်လျှောက်လုံး စကားတွေပြောလိုက် ကို့မျက်နှာချောချောကို ငေးလိုက်နှင့် လာခဲ့ရာ မြစ်ဆုံကို ရောက်မှန်းမသိ ရောက်လာခဲ့သည်။ မြစ်ဆုံကို ရောက်တော့ သူမနဲ့သူက သဘာဝငါးကင်တွေ စားကြ၊ ရေကစားကြ၊ သဘာဝရှုခင်းတွေ ငေးကြနှင့် အချိန်တို့က တိုသွားရသလိုပင်။

နေဝင်လုလုအချိန်မှာပဲ ပြန်ဖို့ သတိရသွားကြသည်။

အပြန်လမ်းတစ်လျှောက်လုံးသည်း ချစ်စကားများကိုသာ ငြင်းခုန်၍ ပြန်ခဲ့ကြသည်ဖြစ်ရာ မိုးသိပ်ချုပ်သွားလို့ သိပ်ချုပ်သွားမှန်းပင် သတိမထားမိလိုက်ကြ။ ထိုစဉ် ကားက





ရုတ်တရက် ထိုးရပ်သွားရသည်။ သူက ကားစက်ကို အကြိမ်ကြိမ် နှိုးပြန်ပါသော်လည်း မထူးတော့ပြီ။

"ကို . . . ကားက ဘာဖြစ်တာလဲ"

"ကိုယ်လည်း မသိဘူး။ တစ်ခါမှ ဒီလိုမဖြစ်ဖူးပါဘူး။ ဖြူလေးသေးမှာ ဓာတ်မီးအသေးလေး ရှိတယ်၊ အဲ့ဒါ ကိုယ့်ကို ပေး။ ကိုယ် ဆင်းကြည့်လိုက်ဦးမယ်"

ဟုဆိုသဖြင့် သူမက ဓာတ်မီးလေးကို ရှာကာ လှမ်းပေးလိုက်သည်။ သူက စက်ဖုံးကို ဖွင့်ကာ ဟိုနှိုက် ဒီနှိုက် လုပ်နေသည်။

ထိုစဉ် ကောင်းကင်ယံမှ လင်းလက်နေတဲ့ ကြယ်တွေ ရုတ်တရက် ပျောက်သွားပြီး လျှပ်စစ်ရောင်လာခဲ့သည်။ လျှပ်ရောင်နှင့်အတူ မိုးခြိမ်းသံပါ ဂျုန်းဂျုန်း ဂျိမ်းဂျိမ်း ပါလာသည်။ မိုးခြိမ်းသံနှင့်အတူပင် မိုးစက်မိုးပေါက်လေးတွေ ခုန်ဆင်းလာရသည်၊ သူမှာ စကားတွင်းပင် တစ်ကိုယ်လုံး ရွှဲနစ်သွားရသည်။

သူမမှာ မိုးခြိမ်းသံကြောင့် မထွက်ရဲသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူမှာ မိုးရေတွေ ရွှဲကုန်၍ ကားနောက်ခန်းထဲမှ ထီးကို ယူကာ ချစ်သူအားကိုးနှင့် ကြောက်ကြောက်လန့်လန့်လေး ဆင်းခဲ့လိုက်သည်။

"ဟာ . . . မြှုလေး ဘာကြောင့်ဆင်းခဲ့ရတာလဲ။ မိုးရေတွေ စိုကုန်မှာပေါ့"

"ကိုလည်း ရွှဲစိုနေတာပဲ"

"ကိုယ်က အရေးမကြီးဘူး။ မြှုလေးကို စိတ်ပူလို့ ပြောတာ"

"ကို ကားက ဘာဖြစ်သွားတာလဲ"

"အားလုံးကောင်းတယ်။ ဆီပြတ်သွားတာပဲ ဖြစ်နိုင်တယ်။ ကိုယ် သတိလွှတ်သွားတာ။ မနက်က ဆီမဖြည့်ခဲ့မိဘူး"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"တခြားကားလာတာကိုပဲ မျှော်ရတော့မှာပေါ့"

"ဒီလိုကြီး မိုးချုပ်နေတော့ တခြားကားရော လာနိုင်သေးလို့လား။ ပြီးတော့ မိုးက ရွာသေး"





သူမက ရှုရှုအောင့်အောင့်လေး ပြောလိုက်သည်။

ထိုစဉ် ကောင်းကင်ယံမှ လျှပ်ရောင်အကြီးကြီး လက်သွားပြီး . . .

"ဂျိမ်း . . . ဂလိန်း"

ကြောက်မက်ဖွယ်အသံနက်ကြီးကြောင့် သူမလက်ထဲမှ ထီးကလေး လွှတ်ကျသွားကာ သူ့ကို အားကိုးတကြီး ဖက်တွယ်ထားမိတော့သည်။

မိုးခြိမ်းသံကို သိပ်ကြောက်သော သူမကို သူက ဖက်တွယ်ထားရင်း ကျန်လက်တစ်ဖက်နှင့် ထီးကိုကောက်လိုက်သည်။

"ကြည့်စမ်း . . . မိုးရေတွေ စိုကုန်ပြီ"

ဟု သူက ချစ်စနိုးလေးနှင့် ပြော၍ ကားစက်ဖုံးကို ပိတ်ကာ သူမကို ကားထဲဝင်စေလိုက်သည်။

အချိန်သာ ကုန်သွားခဲ့သည်။ ကားကြုံက ပေါ်မလာတော့ပါ။ မိုးကလည်း ဘယ်အပြုံးနှင့်မှန်းမသိ သည်းသည်းမဲမဲ ရွာချနေ၍ ရေမငွေ့စိုနေသော သူမနဲ့သူမှာ ချမ်း



www.burmeseclassic.com

www.burmeseclassic.com



တုန်၍ လာပါသည်။ တားထဲမှ မီးတိုဖွင့်ထား၍ အလင်းရောင်ရပေမယ့် အပူဓွမ်းအင်ကိုတော့ ကားမီးက မပေးနိုင်ပြန်ပါ။

"ကချင်ပြည်နယ်ရာသီဥတုက သိပ်အေးတယ်နော်"

"ကို ချမ်းနေပြီ မဟုတ်လား"

"ကိုယ့်ကိုသာပြောနေ ဖြူလေးလည်း ချမ်းနေတာပဲ မဟုတ်လား"

ထိုအခါမှ သူမတို့နှစ်ယောက် ပြိုင်တူရယ်မိလိုက်ကြသည်။

သူက မိုးရေတွေနှင့်စိုနေသော သူမဆံနွယ်လေးများကို လက်ချောင်းနှင့် အသာအယာ ထိုးဖွပေးနေသည်။

"ကိုယ်တို့ ဒီပုံစံအတိုင်းဆို အရှင်လတ်လတ်ကြီးငါးဖြစ်သွားကြတော့မယ်၊ မီးလှုံဒိုနေရာတစ်ခု ရှာမှ ဖြစ်မယ်"

ဟုဆိုကာ သူ ဦးဆောင်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။ သူက ဓာတ်မီးသေးသေးလေး၏ အလင်းရောင်နဲ့ သူမ ပခုံးလေးကို ခပ်ဖွဖွဆုပ်ကိုင်ကာ ဦးတည်လိုက်သည်၊



"ဖြူလေး သိပ်ကြောက်နေသလား"

"ဟင့်အင်း . . . ကိုရှိနေတာပဲ"

ချစ်သူက သူ့ကို လုံးဝအားကိုးထား၍ သူ ပို၍အင်အားတွေ ပြည့်သွားရသည်။

"ဖြူလေး . . . ဟိုးတောင်ထိပ်ပေါ်က တဲအိမ်လေး မဟုတ်လား"

လျှပ်ရောင်ကြောင့် တောင်ထိပ်ပေါ်မှ တဲအိမ်လေးကို ထင်ထင်ရှားရှားကြီး မြင်လိုက်ရသည်။

"လူရှိလား မသိဘူး။ ကိုယ်တို့ အဲဒီမှာ အကူအညီသွားတောင်းကြည့်ရအောင်"

ဟုဆိုကာ သူမလက်ကလေးကို ဆွဲပြီး လမ်းကျဉ်းလေးအတိုင်း ဓာတ်မီးရောင် မှိန်ပြပြလေးနှင့် တောင်ထိပ်ပေါ် တက်လာကြသည်။ မိုးက သည်းထန်စွာရွာနေ၍ လမ်းက ချော်နေတာကြောင့် ခရီးက ထင်သလောက်မပေါက်။

သူတို့တဲအိမ်လေးကို ရောက်သောအခါ လူတွေများ ရှိလေကြလေားဟု၊သော မျှော်လင့်ချက်နှင့် လှမ်းအော်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သေးသည်။ သို့ပေမယ့် ဘာသံမှ မကြားရသဖြင့် တံခါး ရွက်ကလေးကို တွန်းကာ ဝင်လိုက်သည်။ တကယ်ပဲ တဲအိမ် ထဲမှာ လူတွေ ရှိမနေကြပါ။

တဲအိမ်လေးမှာ ခဏတစ်ဖြုတ်လောက်သာ နား နေကြပုံပေါ်သည်။ အသုံးအဆောင်ပစ္စည်း ဘာတစ်ခုမှ မတွေ့ရပါ။ ကွပ်ပျစ်လေးတစ်ခုတာလွဲပြီး အခြားဘာမှ မရှိဘဲ ရှင်းလင်းနေသည်။ လေအက်မိုးအက်ကို ကာကွယ်နိုင်၍တော့ သူမတို့ ကံကောင်းသွားသည်။ သူက ဓာတ်မီးလေးနှင့် ဟိုရှာ ဒီရှာလုပ်တော့ ကွပ်ပျစ်လေးအောက်မှာ မီးခြစ် အစုတ်လေး တစ်လုံးကို တွေ့ရသည်။

သူက မီးဖိုလေးတစ်ခုလုပ်ကာ တုတ်တန်းလေး တစ်ခုပါ ဖန်တီးလိုက်သည်။ ထို့နောက် သူက အင်္ကျီကို ချွတ် ကာ တုတ်တန်းလေးပေါ် တင်လိုက်သည်။ အင်္ကျီ တော်တော် လေး ဖန့်သွားတော့မှ သူမကို လှမ်းပေးကာ . . .

"မြူလေး ကိုယ့်အင်္ကျီကို ဝတ်ထားလိုက်။ ကိုယ့် အင်္ကျီအရှည်ကြီးနဲ့ အကြီးကြီးပဲ။ မြူလေးတစ်ကိုယ်လုံးစာ





လုံပါတယ်။ မြူလေး အင်္ကျီတွေ မီးကင်ရအောင်။ တော်ကြာ မြူလေး အအေးမိလိမ့်မယ်"

"ဟို . . ."

"မရှက်ပါနဲ့။ ကျန်းမာရေးက အရေးကြီးတယ် မဟုတ်လား"

"ဒါဆို ကို ဟိုဘက်လှည့်နေ"

သူမက ရှက်ဲဲဲလေးပြောလာလျှင် သူက ပြုံးစိစိ လေး ဖြစ်သွားရသည်။

သူ လှည့်သွားတော့မှ သူမက ရေစိုထားသော အင်္ကျီကို တစ်ထည်ချင်းချွတ်ချကာ ဂျာကင်အင်္ကျီရှည်ရှည် ကို ဝတ်လိုက်သည်။ ကိုနဲ့ရဲ့ဂျာကင်က သူမ ဒူးနားထောက်ထိ ရှည်၍သာ တော်တော့သည်။ သူမက ရေစိုအဝတ်တွေကို မီးဖိုဘေးမှ တုတ်တန်းမှာ လှန်းလိုက်သည်။

အနွေးဓာတ်ရရှိစေရန် မီးဖိုဘေးနား ဝင်ထိုင်လိုက် သည်။ မီးရောင်အောက်မှာ ဝင်းနေကာ တစ်မျိုးလေးလှနေ သော သူမမျက်နှာ ပြည့်ဖောင်းဖောင်းလေးကို သူက ရှုန်း



www.burmeseclassic.com

www.burmeseclassic.com



ရှုန်းစားစားကြီး စိုက်ကြည့်နေလိုက်သည်။

ထိုနေ့က မိုးခြိမ်းသံကိုလည်း မကြားနိုင်ခဲ့သလို၊ မီးဖိုလေးရဲ့အလင်းရောင်ကိုလည်း မမြင်နိုင်ခဲ့ပါ။ တဲအိမ်လေးကတော့ ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်။





"သဘောဖြူ . . . မင်းကို တွေ့ချင်လို့တဲ့ မိန်းမကြီးတစ်ယောက်နဲ့ မိန်းကလေးချောချောတစ်ယောက်"

ဟု လုပ်ဖော်ကိုင်ဖက်များက ဆိုလာ၍ သူမ စဉ်းစားကြည့်လိုက်သည်။ ဘယ်သူတွေလဲဆိုတာ ခန့်မှန်းလို့ မရ။

သူမက စဉ်းစားလို့မရတာကြောင့် လာပြောသော လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းကို ပြန်မေးလိုက်ပြန်သည်။

"ဘယ်လိုပုံမျိုးလဲ"

"မိန်းမကြီးကတော့ ခပ်သန့်သန့်ပဲ။ ဘော့စ်ထင်တယ်။ ကောင်မလေးကလည်း အပျံစားပဲ။ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ချောတယ်"

သူမ ပိုစဉ်းစားရကြပ်သွားသည်။

"သူတို့ ဘယ်မှာလဲ"

"သီးသန့်ခန်း (၂)မှာ"

ဒီနေ့ သူမက အနောက်ဘက်ဆောင်မှာ တာဝန်ကျသည်ဖြစ်၍ အရှေ့ဘက်ပိုင်းက အဖြစ်အပျက်ကို မသိလိုက်ပါ။ ညှော်သည်လာရင်လည်း အရှေ့ဘက်မှ လာတာတ်တာမို့ သူမဆီလာတာ ဘယ်သူဘယ်ဝါဆိုတာ သူမ မှန်းမှန်းဘတ်အောင်ပါပဲ။

သူမ သီးသန့်ခန်း (၂)ထဲဝင်လိုက်သည်နှင့် အပြုံးမျက်နှာမဲ့မဲ့ကို ကျေကျေနပ်နပ်ကြီး ပန်ဆင်ထားသည့် ခရေဇီ၏မျက်နှာလှလှကို ဘွားခနဲ တွေ့လိုက်ရသည်၊ ထိုမျက်နှာလှလှကြောင့် သူမက အပြစ်မကင်းသူတစ်ယောက်နယ် မဝံ့မရဲလေး ဖြစ်သွားရသည်။ ခရေဇီရဲ့ဘေးမှာ ထိုင်နေသော အမျိုးသမီးကြီးမှာ ခန့်ညားစမတ်ကျနေပြီး ဂုဏ်သိက္ခာလည်း ကြီးပုံပေါ်သည်။ ဒါ ဘယ်သူလဲ၊ ခရေဇီနဲ့ ဘာတော်





စပ်ကြသလဲ၊ သူမကို ဘာကြောင့် ရှာသလဲ၊ သူမ ဒရေဇရေ တွေးကြည့်မိသည်။

ရေချောသချာတာကတော့ ထိုအမျိုးသမီးကြီးက သူမကို မတူသလို မတန်သလို ကြည့်ပြီး မျက်လုံးတွေမှာ မာနရောင်တစ်မျိုးနှင့် တောက်ပနေခဲ့တယ်ဆိုတာပါပဲ။

"သဘောခြူးဆိုတာ သူပေါ့ ကြီးမေ"

ဟု ခရေဇီ၀ံမှ တင်တင်စီးစီးအသံ ထွက်ပေါ်လာသည်။

"ရုပ်ကလေးကတော့ မဆိုးပါဘူး။ သနားကမားလေးပဲ၊ ဒီလိုမျက်နှာငယ်လေးနဲ့ ငါ့တူရဲ့ငွေတွေကို ဘယ်လောက်တောင် ချူပြီးပြီလဲ"

ထိုအမျိုးသမီးရဲ့ ထိုးနှက်ချက်က သိပ်ပြင်းထန်လှပါသည်၊ သူမ ခုမှသဘောပေါက်သွားရသည်။ ဒါ ကို့ရဲ့ ကြီးမေဆိုတာပဲလို့ပေါ့။ ကြီးမေရဲ့စကားလုံးကြမ်းကြမ်းက သူမရဲ့ အချစ်နဲ့မာနကို စော်ကားလွန်းပါသည်။

"ညည်း . . . ငါ့တူကို ဘာကြောင့် ခုလိုတွယ်ကပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲဆိုတာ ခရေဇီ ပြောပြလို့ ငါ အကုန်သိပြီးပြီ။ ညည်းလို အောက်တန်းစားမိန်းကလေးလက်ထဲ ငါ့တူကို အပ်မခံနိုင်ဘူး။ ညည်းအတွက်ကြောင့် ငါ့တူ သိက္ခာကျပါတယ်။ ညည်း ငါ့တူနဲ့တွဲမနေနဲ့တော့၊ ငွေ ဘယ်လောက်လိုသလဲ အပြတ်ပြောလိုက်။ တစ်ခါတည်းရှင်းပေးလိုက်မယ်။ နောက်ဆို ငါ့တူနဲ့လည်း ပတ်သက်စရာမလိုတော့ဘူး၊ ရှုပ်ပါတယ် ပြော ညည်းဘယ်လောက်လိုသလဲ"

"မဟုတ်ဘူး ကြီးမေ။ ကြီးမေ အထင်လွဲနေပြီ။ သဘောဖြူ ပါဒ္ဒိကို ချစ်တာ အဲ့ဒါတွေ မပါဘူး။ သဘောဖြူ ပါဒ္ဒိကို ဖြူဖြူစင်စင်ပဲ ချစ်တာပါ၊ သဘောဖြူ ပါဒ္ဒိဆီက အချစ်တစ်ခုကလွဲရင် ဘာမှ မမျှော်လင့်ခဲ့ပါဘူး။ ကြီးမေ အထင်လွဲနေတာပါ"

"ဘာ . . . ငါ့တူကို ဖြူဖြူစင်စင် ချစ်တယ်။ ဘာမှ မမျှော်လင့်ခဲ့ဘူး ဟုတ်လား။ ညည်းရဲ့မျက်လုံးက သိပ်ပြောင်မြောက်လှပါတယ်။ ဒီမှာ ငါ့ကို ဘာမှသုံးစားလို့မရတဲ့ အချစ်တွေ မေတ္တာတွေအကြောင်း ဖတ်လာခင်းမပြနဲ့။ စကားဆို





တာ ပါးစပ်က ပြောတိုင်း ထွက်နေတာပဲ။ ညည်းအဆင့်ကို ညည်း သိစမ်းပါ"

"အဆင့် . . . လူတစ်ယောက်ရဲ့အဆင့်ကို ကြီးမေတို့က ဘယ်ပေတံနဲ့ တိုင်းတာလဲ။ အဆင့်ဆိုတာမျိုးကို သဘောဖြူ မသိဘူး။ သဘောဖြူ သိနေတာက ပါဒ္ဒိကို ချစ်တယ်၊ ပြီးတော့ သဘောဖြူကို ကြီးမေ အထင်လွဲနေတယ်"

"တော်စမ်းပါ . . . အချစ် အချစ်နဲ့ လူကြားကောင်းအောင် ဟစ်ပြမနေနဲ့၊ ညည်း ငါ့တူနဲ့ ကင်းကင်းနေပါ။ ညည်းကို ငွေ အလုံအလောက်ပေးမှာပါ"

"ရပါတယ် ကြီးမေ။ သဘောဖြူနဲ့တွဲလို့ ပါဒ္ဒိ သိက္ခာကျတယ်ဆိုရင် သဘောဖြူ ရှောင်ပေးမှာပါ။ ဒါ ကြီးမေတို့ဆီက ငွေကို လိုချင်လို့ မဟုတ်ပါဘူး။ ပါဒ္ဒိအတွက်ပါ။ သဘောဖြူ သူ့ကို သိပ်ချစ်လို့ပါ"

သူမပြောရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် စီးကျလာခဲ့သည်။

သဘောဖြူရဲ့မျက်ရည်တွေကို ခရေဇီက ပြုံးရင်း



www.burmeseclassic.com

www.burmeseclassic.com



ကျောကျောနပ်နပ်ကြီး အရသာခံကြည့်နေသည်။ မတူတာကို မှန်းချင်ဦးလေဆိုတဲ့ အစိပ္ပာယ်မျိုးပင်။ ခရေဇီရဲ့မျက်လုံးတွေက မင်းကို သတိပေးခဲ့ပြီးပြီပဲ။ မင်း ရှေ့တိုးချင်တာ ခံလိုက်ပေါ့ဆိုတဲ့သဘောမျိုး သက်ရောက်နေသည်။ ရက်စက်လိုက်တာ ခရေဇီရယ်ဟု သူမ ရင်ထဲ အကြိမ်ကြိမ် ပြောနေမိသည်။ တစ်သက်လုံး မွေးလာတဲ့ကြွက် ထစ်မနက်လေးနဲ့ ရိုက်ချပစ်လိုက်တာလား။ သူမ နှလုံးသားတွေ တစ်စစီ ကွဲကြေကျန်ရပါသည်။ ခရေဇီကို နာကြည်းမိ၍လား၊ ကြီးမေစကားတွေကို ခံပြင်း၍လား၊ ပါဠိနှင့်ဝေးရတော့မှာမို့လားတော့ မသိ ထွက်ပေါက်အဖြစ် မျက်ရည်တွေသာ ဒလဟော စီးကျလာခဲ့ပါသည်။

သူမ ဒီနေရာမှာ ကြာကြာရပ်နိုင်တဲ့ခွန်အား မရှိတော့၍ အခန်းထဲမှ လှည့်ထွက်မည်အပြု သန့်မာလှတဲ့ ရင်ခွင်ကျယ်ကြီးထဲ ဆွဲသွင်းခြင်း ခံလိုက်ရသည်။

"သား"

"ကြီးမေကို သိပ်အထင်သေးသွားပြီ။ အရင်က





တော့ ကြီးမေကို အထင်ကြီးခဲ့ဖူးတယ်။ ကြီးမေက တကယ်တော့ သိပ်အတ္တကြီးတာပဲ။ ကြီးမေမှာ သားသမီး မရှိပေမယ့် ကိုယ်ချင်းစာသင့်ပါတယ်။ သဘောဖြူဟာ သား စိတ်ကြိုက် ရွေးချယ်ထားတဲ့ သားချစ်သူပါ။ သား သဘောဖြူကို သိပ်ချစ်တယ်။ သားချစ်သူကို ကြီးမေက မကြည်ဖြူပေးနိုင်တဲ့အတွက် သား အိမ်ပေါ်က ဆင်းပါတယ်။ ဖြူလေးကို လက်ထပ်မယ်။ သားဟာ ယောကျ်ားတစ်ယောက်ပါ။ သားချစ်သူရဲ့ဘဝဟာ သားလက်ထဲမှာ လှပစေရမယ်"

ဟု သဘောဖြူကို ရင်ခွင်ထဲ... ဖက်ထားပြီး ကြီးမေကို ခပ်စူးစူးကြည့်ကာ တစ်လုံးချင်း ပြောချလိုက်သည်။

ကြီးမေမှာ လုံးဝမထင်မှတ်ထားခဲ့တဲ့ အခြေအနေတစ်ရပ် ဖြစ်လာတာကြောင့် သူ့စကားလုံးတွေအတွက် အတော်ခံစားနေရပုံပေါ်သည်။ သူ့ကို ဘာမှမပြောနိုင်တော့ဘဲ မျက်ရည်လေးဝဲပြီးသာ စိုက်ကြည့်နေခဲ့သည်။

ပြဿနာအားလုံးရဲ့ တရားခံဖြစ်တဲ့ ခရေဇီကတော့ သူတို့ကို မလှုပ်မယှက်နှင့် ကြည့်နေလေ၏။ သူက ခရေဇီရော



www.burmeseclassic.com

www.burmeseclassic.com



ကြီးမေကိုပါ စူးစိုက်စွာ တစ်ချက်မျှကြည့်လိုက်ပြီး ပြတ်သားစွာပင် ကားသော့ကို ကြီးမေရှေ့မှ စားပွဲပေါ် တင်လိုက်ကာ သဘောဖြူရဲ့လက်ကလေးကို ဆွဲ၍ နေရာမှ ချာခနဲ လှည့်ထွက်ခဲ့တော့သည်။

"သား . . . သား . . . ပါဦး ခဏနေပါဦး"

ကြီးမေရဲ့အော်သံကိုလည်း သူက ဂရုမစိုက်တော့။ သူချစ်သူလေးရဲ့ လက်ကိုသာ တင်းတင်း ဆုပ်ကိုင်ထားခဲ့ပါသည်။ သူချစ်သူကို တစ်နေ့လုံး မတွေ့ရသေး၍ သူမ အလုပ်လုပ်သောဆိုင်လေးကို လာခဲ့ပါသည်။ ကြီးမေရဲ့ကားကို အဝင်ဝမှာ တွေ့ရ၍ သူ စိတ်စနောင့်စနင်းဖြစ်ခဲ့ရသည်။ အခုတလော ကြီးမေနှင့် ခရေဇီ တတွဲတွဲရှိလှတာကို သင်္ကာရပြီး မသင်္ကာဖြစ်လာရကာ သူနှင့်မျက်မှန်းတန်းမိနေသော စားပွဲထိုးလေးကို မေးလိုက်၍ သူ အကြောင်းစုံသိလိုက်ရတာပါ။

သူ စိတ်ပူမိသည့်အတိုင်းပင် သူ့ချစ်သူလေးမှာ ကြီးမေနှင့် ခရေဇီရဲ့ရှေ့မှောက်တွင် ကျရှုံးနေခဲ့ပါသည်။ သူသာ အချိန်မီရောက်မသွားခဲ့လျှင် သူ့ခလေး သူ့ကို ရှောင်ပုန်းသွားတော့မည့် အခြေအနေမှာ သေချာသလောက် ရှိနေသည်၊

သိပ်အားငယ်တတ်လွန်းတဲ့ သူမကို သူ စိတ်မချနိုင်တော့ပါ။ ဒါကြောင့် သူမကို ချက်ချင်းလက်ထပ်ပစ်ဖို့ ဆုံးဖြတ်မိပါသည်။ ပြီးတော့ သူနဲ့သူမက သမီးရည်းစားချစ်သူတွေလို ရီးရိုးအာစင့်မှာပဲလည်း မဟုတ်ကြတော့။

သူ သူမလက်ကို ဆွဲပြီးသာ ထွက်မိထွက်ရာ ထွက်လာခဲ့ပေမယ့် ဦးတည်ချက်မဲ့နေပါသည်၊ လမ်းဘေးဖုန်းဆိုင်လေးမှတစ်ဆင့် အာဂုကို ဖုန်းခေါ်လိုက်တော့ မကြာခင်မှာပဲ ဂျစ်ကားအစိမ်းလေးနှင့် အာဂု ရောက်လာသည်။

"ဘယ်လိုဖြစ်ကြတာလဲကွာ။ ရှုပ်တရက်ကြီး"

"ငါ ဖြူလေးကို မစွဲနိုင်တော့ဘူး၊ မနက်ဖြန်ပဲ ငါတို့နှစ်ယောက် လက်ထပ်မယ်၊ အဲ့ဒါ မင်းကူညီပါ။ ငါက ဒီမြစ်ကြီးနားမှာ သိပ်မကျွမ်းဘူး"

"အေးပါ၊ ဒါတွေ ထားလိုက်ပါတော့ အခု သဘောဖြူကို အဖေဆောင်ပြန်ပို့မယ် မဟုတ်လား၊ မိုးတဲချုပ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ သူ့ကို ပြန်မပို့တော့ဘူး"

"ဟာ . . . ဒါဆို"

"ဟုတ်တယ်။ ဒါကြောင့် မင်းကို ဖုန်းဆက်ခေါ်လိုက်တာ"

"အဲ့ဒါဆိုရင်တော့ ငါက အစွမ်းကုန် လက်စွမ်းပြရတော့မှာပေါ့။ ဒီလိုလုပ်ကွာ။ ဟိုဘက်ရပ်ကွက်မှာ ငါ့ဦးလေးရဲ့ အိမ်တစ်လုံးရှိတယ်။ အဲ့ဒီအိမ်က လွတ်နေတယ်။ အိမ်သော့က ငါ့ဆီမှာကွာ။ လောလောဆယ် မင်းတို့နှစ်ယောက် အဲ့ဒီမှာနေရင်ဖြစ်လား"

"ကျေးဇူးပဲကွာ"

"ရပါတယ်။ ငါတို့ကြားမှာ ဒါတွေက မလိုပါဘူး။ ဒါနဲ့ မင်းကားရော"

"အားလုံး ထားပစ်ခဲ့ပြီ။ ကြီးမေကို လုံးဝတင်းတယ်ကွာ"

"ကြီးမေက မင်းကို ဒီလောက်ချစ်တာ ကြည့်မနေပါဘူး"

ရှေ့သော



"ငါက ယောက်ျားပါ။ ငါလက်ထပ်ထားတဲ့ မိန်းမတစ်ယောက်ကို ငါ တာဝန်ယူနိုင်ပါတယ်"

"မင်းမာနကိုတော့ လေးစားသွားပြီ။ သဘောဖြူနှင့် ဘာမှအားမငယ်နဲ့ သိလား။ ငါတို့လည်း ရှိနေတာပဲ"

ဟု အာဝုက ဝမ်းသာအားရနှင့် အားပေးလာသည်။

အာဝုရဲ့အကူအညီနှင့် လုံးလုံး အဆင်ပြေလို့သွားပါသည်။ ခုချိန်မှာ ကိစ္စအဝဝအတွက် သူမ အမှားအမှန် အကောင်း အဆိုးကို မခွဲခြားတတ်တော့ပါ။

သေချာနေတာက သူမက ကို့အချစ်တွေအောက်မှာ နွေးထွေးပျော်ရွှင်ရမှာကိုပါ။

သူမ ဝမ်းနည်းကြေကွဲရပါသော်လည်း ချစ်သူကောင်းတစ်ယောက် ဗိသလွန်းတဲ့ ကို့ကြောင့် ကြည်နူးပီတိဖြစ်ရပါသည်။ အခုတော့ ကိုက သူမရဲ့ရှေ့မှာ တံတိုင်းကြီးသဖွယ် မားမားမတ်မတ်နှင့် သူမဘဝရဲ့ လေဒဏ် မိုးဒဏ်အသွယ်သွယ်တို့ကို ကာကွယ်တားဆီးပေးခဲ့ပါတော့သည်။

သူမက ကျေနပ်ရမှာလား။ ဆင်းရဲတွင်းထဲ ခုန်ဆင်းခဲ့တဲ့ ကို့

ရှေ့သော

www.burmeseclassic.com

www.burmeseclassic.com



အတွက် စိတ်မကောင်းဖြစ်ရမှာလား။ မဝေခွဲတတ်တော့ပါ။ ဒီအချိန်မှာ သူမက သင့်မသင့်နဲ့ မှန်မမှန်ကို မဝေခွဲချင်သေးပါ။ ရသမျှအချိန်လေးမှာ အချစ်တို့နှင့်သာ ရှုံးမိုက်စွာ လန်းဆန်းပျော်ရွှင်ချင်သေးသည်။



ခရေပိရဲ့ ဆက်သွယ်ပေးမှုကြောင့် ဒေါ်ဒေဗီနဲ့အာဝု တို့ တွေ့ဆုံခဲ့ရသည်။ အာဝုရဲ့ပြောကြားချက်ကြောင့် တူတော်မောင်အကျုပ်ရိုက်နေကြောင်း သိရ၍ ဒေါ်ဒေဗီမှာ ဖြေမဆည်နိုင်တော့ပါ။ အနောက်ကနေ တိတ်တဆိတ် ကူညီပေးရန် အာဝုကို အကူအညီတောင်းပြန်သော်လည်း အာဝုက ခါးသည်းစွာ ငြင်းပယ်ခဲ့သည်။ သူ ငြင်းပယ်ရတာလည်း ပါဠိအကြောင်း သိနေ၍ပါ။ ပါဠိက မာနရှိသည်။ သူ ကူညီမယ်ဆိုတာတောင် လက်မခံနိုင်တာ။ ကြီးမေဆို ဝေးရောပေါ့။ ပါဠိရဲ့မာနကို အာဝုက အားကျမိသည်။ ပါဠိနေရာမှာ သူသာဆို ဒီလိုကြံ့ကြံ့ခံနိုင်ပါ့မလား။

www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်သူဖြစ်လာတဲ့ သဝေဘာဖြူကို အလုပ်မှန်သမျှ ထွက်နိုင်းပြီး သူကိုယ်တိုင်က မလုပ်ဖူးခဲ့သည့်အလုပ်တွေကို လုပ်ကာ သဝေဘာဖြူကို ရှာဖွေကျွေးမွေးရှာသည်။

ပါဋ္ဌိက နှုတ်ဆိတ်ခံနေရမယ်ဆို၍ ပါဋ္ဌိ ဘာအလုပ်တွေလုပ်ပြီး ဘယ်လိုငွေရှာနေသလဲဆိုတာ သဝေဘာဖြူ မေးပေမယ့် သူက ဘာတစ်ခွန်းမှ မဆို၊ သဝေဘာဖြူနဲ့ပါဋ္ဌိက ကျပ်တည်းနေကြသော်လည်း အားကျစရာကောင်းလောက်အောင်ပင် ပျော်ရွှင်နေကြသည်။

ထိုအပျော်တမ္ဘာလေး ပျက်သုဉ်းသွားရမှာ စိုး၍ ပါဋ္ဌိတို့လိပ်စာကို ကြီးမေ ဘယ်လောက်တောင်းတောင်း မပေးခဲ့တာပင်။ သို့ပေမယ့် ပါဋ္ဌိကို သိပ်စိုက်ပူနေသော ကြီးမေကြောင့် သူ သနားကာ နောက်ဆုံးတော့ ပေးမိသွားသည်၊ ဂုဏ်သရေရှိအမျိုးသမီးတစ်ယောက်ဖြစ်ပါရဲ့ ဘယ်နဲ့ သူလိုကောင်လေးတစ်ယောက်ရှေ့မှာ ဟန်ပင်မဆောင်နိုင်တော့ဘဲ တငိုငို တရယ်ရယ်ဖြစ်နေတာကြောင့်လည်း ပါသည်၊

အာဂုဆီက ရရှိလာသော လိပ်စာအတိုင်း ရှာဖွေ





မေးမြန်းကာ လာခဲ့တော့ ခြံဝင်းလေးနှင့် သစ်လုံးအိမ်သေးသေးလေးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ အိမ်လေးက လူမရှိနေသည့်အလား တိတ်ဆိတ်နေ၍ သူ့စိတ်ထဲ ဖဆေဖဝါဖြစ်သွားရသည်။ အိမ်လေးမှာ သပ်သပ်ရပ်ရပ်ရှိပေမယ့်လည်း သူတို့လို အိမ်ကြီးအိမ်ကောင်းနှင့်နေလာသူ့အဖို့တော့ သိပ်ကျဉ်းလွန်းလှသည်။ အိမ်ပေါ်ကိုတက်ကာ အိမ်ရဲ့အခြေအနေကို အကဲခတ်လေ့လာလိုက်သည်။ အိမ်က ကျဉ်းလွန်း၍ အခန်းတစ်ခန်းတည်းသာရှိသည်။ ခန်းစည်းကို လှန်ကာ ကြည့်လိုက်တော့ လူနှစ်ယောက်အိပ်စာ အခင်းမထူမပါးလေးပေါ်မှာ ခေါင်းအုံးနှစ်လုံးကို တွေ့ရသည်။ ပစ္စည်းတွေက နည်းပေမယ့် သူ့နေရာနှင့် သူ စီရရီရှိနေကြသည်။ နံရံမှာ ချိတ်ထားသော သားရေဂျာကင် တစ်ထည်ကြောင့် လွှမ်းဆွတ်သလို ခံစားမိလိုက်သည်။ ဒါ သားရဲ့သားရေဂျာကင်ပလေးပေါ့။

သူမအိမ်လေးကို ကျိုးကန်းတောင်းမှောက် ရှုစားနေစဉ် အိမ်အနောက်ဘက်ဆီမှ ရယ်မောသံလွင်လွင်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသည်။ သားရဲ့အသံသြရှရှကိုလည်း သဲ့သဲ့လေး ကြားလိုက်ရ၍ ပြတင်းပေါက်မှတစ်ဆင့် နောက်ဖေးဘက်သို့ မျှော်ကြည့်လိုက်သည်။ ရှော့ပင်နှံအတိုလေးနှင့် ပေါက်တူး ကိုင်လျက် သားကို တွေ့လိုက်ရသည်။ မြင်ကွင်းက သူမကို ဆို့နစ်ကြေကွဲစေရပါသည်။ သားဟာ ဒီလိုပေါက်တူးဆိုတဲ့ အရာကို တစ်သက်လုံး ကိုင်ခဲ့ဖူးသူမဟုတ်။ ဒါ သဘောဖြူ ကြောင့် ဖြစ်ရတာ။

သူမရင်ထဲမှာ ဆို့နစ်ခံစားနေရပေမယ့် ပေါက်တူး ကိုင်ထားတဲ့ သားမျက်နှာက ပင်ပန်းတဲ့အရိပ်အယောင် မရှိဘဲ ရွှင်လန်းတက်ကြွနေသည်။ သားက တစ်ချက်တစ်ချက် မှာ သဘောဖြူကို ခဲလုံးလေးနှင့် ပေါက်ကာ စနေပါသေး သည်။

အပင်တွေစိုက်နေသော သဘောဖြူမှာ ရွှံ့တွေ ပေ နေသောလက်ဖြင့် သားရဲ့ကျောကုန်းကို တဘုန်းဘုန်း ထု ရိုက်လာလျှင် သူမရင်ထဲ နာသွားရသည်။

သူမတို့က သားကို ဒီလိုထုရိုက်ဖို့မပြောနှင့် မျက်နှာ





အညိုးတောင် ခံခဲ့သည်မဟုတ်။ အခုတော့ ဘာမှမဟုတ်တဲ့ ကောင်မလေးက သားကို . . .

ဒါပေမဲ့ သဘောဖြူ ထုရိုက်သမျှကို တဟားဟား နှင့် ရယ်ကာ ခံယူနေသေးသည်။ သားကို စိတ်မတိုစဖူး တို့ သွားရပါသည်။ ကျေမနပ်လည်း ဖြစ်မိသည်။

သူမတို့ကိုဆို အပြုံးလေးတစ်ပွင့်ပေးရမှာတောင် သိပ်ကပ်စေးနဲ့လှသည့်သားက သဘောဖြူနဲ့ကျတော့ တဟား ဟားနှင့်။ သားက ဒီလောက်ပျော်ရွှင်ရယ်မောနေတာ သူမ ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးပါ။ သားရဲ့ရယ်သံကို ဒါ ပထမဆုံး ကြားဖူးမိတာပါ။ သဘောဖြူနဲ့တော့ ရုပ်တည်လေးနဲ့နေ တတ်တဲ့ ပါဠိမဟုတ်တော့ပြီ။ သားက အရယ်အပြုံး နည်းပါး သလောက် လူကြီးတွေအပေါ်မှာလည်း ဘာတစ်ခုမှ တောင်း ဆိုခြင်း မရှိခဲ့ပါ။

အခုလည်း သူချစ်သူနဲ့လက်ထပ်ပေးဖို့ မတောင်း ဆိုပြန်ဘူး။ တကယ်လို့ တောင်းဆိုခဲ့ရင်ရော သူမတို့ဘက် က ကြည်ကြည်ဖြူဖြူ လိုက်လျောဖြစ်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



သားကို သူမ သိပ်အုံးခြမ်းပါသည်။ သားအေးမှာ သိပ်ချောသိပ်လှတဲ့ ဂုဏ်ရည်တူမိန်းကလေးတွေ အများကြီး ရှိပါရဲ့နဲ့။ ဘာပါဝါမှမရှိသော ဒီလိုမိန်းကလေးကိုမှ . . .။ ဒါ သူမတို့လို အမိုကြီးတွေ မသိဟုအချစ်ပေပဲလား။ သူမ မသိပါ။ သူမ သိတာက သား ခုလိုဆင်းဆင်းရဲရဲနေတာ သဘောဖြူကြောင့်ပဲ။ ဒါကြောင့် သဘောဖြူကို ပို၍ မုန်းတီးနေမိတော့သည်။

"သား"

သားက သူမကိုမြင်တော့ အပြုံးမျက်နှာ ချက်ချင်း ပျောက်သွားကာ ရှုပ်တည်လေးနဲ့ ဖြစ်သွားရသည်။

"သား"

"ကြီးမေ သားကို ပြန်စည်းရုံးဖို့ဆို ကြီးမေရဲ့ အစီအစဉ်တွေ အောင်မြင်မှာ မဟုတ်ဘူး"

"သားရယ် . . . ကြီးမေအပေါ် အဲ့လောက်ကြီး မာန မထားသင့်ပါဘူး"

"အရင်တုန်းကလို ကြီးမေတို့ရဲ့သား၊ မဟုတ်တော့

၀——ရှုသော——၀



ဘူး။ အခု သဘောဖြူရဲ့ ဒိုမ်ဦးနတ်ဖြစ်နေပြီ"

"အခု ကြီးမေက လာလေ သားကိုရော သဘောဖြူကိုပါ ပြန်ခေါ်ဖို့လာတာပါ"

"ကျွန်တော် ဆင်းရဲနေတာကို မကြည့်ရက်လို့ မဟုတ်လား။ ကြီးမေ ဖြူလေးအပေါ် အမြင်ကြည်သွားလို့ တော့ လုံးဝမဖြစ်နိုင်ဘူး။ ကျွန်တော်က ယောက်ျားပါ။ တစ်သက်တာလုံး ဒုက္ခတွေကိုသာ ရင်ဆိုင်ခဲ့ရတဲ့ ဖြူလေးရဲ့ဘဝက ကျွန်တော့်လက်ထဲမှာ လှပစေရမယ်လို့ အပြည့်အဝ ယုံကြည်ထားတယ်၊ ကျွန်တော် သဘောဖြူကို ရှာဖွေကျွေးနိုင်ပါတယ်၊ ကျွန်တော် ပျော်နေတယ်။ ဒါဆို ကြီးမေ ကျေနပ်ပါ"

သူမတို့တောင် ကျွန်တော်ဟု နာမ်စားသုံးကာ ကြံ့ခိုင်ရရ ပြောလာသော သားရဲ့စကားကြောင့် သူမ ဘယ်လိုမှ စည်းရုံးလို့ရမှာ မဟုတ်ဘူးဆိုတာ နားလည်လိုက်သည်။ အဲ့ဒါ သူမရဲ့အမှားတွေပါ၊ သားအကြောင်း၊ သားမာနတွေကို သူမ ကောင်းကောင်းသိရဲ့သားနဲ့ ပြဿနာရဲ့ အတိမ်အနက်ကို ကောင်းကောင်း မစဉ်းစား မချင့်ချိန်ပါဘဲနဲ့ ဒေါသရှေ့

၀——ရှုသော——၀

www.burmeseclassic.com

www.burmeseclassic.com



ထားပြီး သဘောဖြူကို ဇလိုင်းသွားချဲခဲ့တာကစပြီး သူမ ဒီပ်မှားသွားခဲ့တာပါ။ ထိုသို့ ပြုခြင်းရဲ့အကျိုးရလဒ်ကတော့ သားက သူမကို ကောင်းကောင်းအထင်သေးသွားခြင်းပင်။

သားနဲ့ စားသောက်ဆိုင်က ကောင်မလေးရဲ့သတင်းကို သိသိချင်းကဆို သူမ အသည်းကို ဓါးနဲ့ မြှုက်သလို ခံစားခဲ့ရသည်။ ဒါကြောင့် ဘာမှမစဉ်းစားနိုင်တော့ဘဲ စိတ်လိုက်မာန်ပါ ဆုံးဖြတ်မိခဲ့တာပင်။ စိတ်နဲ့သာ ဆုံးဖြတ်ခဲ့မိသည့်အို စိတ်အတိုင်းသာ ခံစားနေရသည်။

အိမ်ပေါ်မှာ ငွေ ၁၀ သိန်းကို တိတ်တဆိတ်လေး ထားခဲ့ပြီး လှည့်ပြန်ခဲ့သည်။ အပြန်လမ်းတစ်လျှောက်လုံးမှာလည်း သားရဲ့ပုံရိပ်တွေပဲ စိုးမိုးနေတော့သည်။





ကိုယ် အလုပ်ရလာပြီဟုဆိုကာ မနက်ပိုင်းကနေ ထမင်းချိုင့်လေးနှင့် ထွက်သွားတတ်ပြီး ညနေပိုင်းမှ ကိုက ပြန်လာတတ်သည်။ အလုပ် မလုပ်ခဲ့ဖူးသည့်အတွက်ကြောင့် ပင်ပန်းနေတာ သိပ်သိသာလွန်းလှပါသည်။ သို့ပေမယ့် သူ့အပြုံးလေးတွေက လန်းဆန်းတက်ကြွလို့ရယ်ပါ။

သူ အလုပ်မှပြန်လာမည့်အချိန်ကို မှန်းဆကာ သူမက ဆီးကြိုနေလျှင် သူ အစွမ်းကုန်ပြုံးရယ်ကျေနပ်နေသူပါ။

ကိုအလုပ်က ဘယ်မှာလဲဟု သူမက မေးလျှင် သူက မဖြေပါ။ စကားလမ်းကြောင်းလွှဲပြီးမှသာ အမျိုးမျိုး ပြော



www.burmeseclassic.com

www.burmeseclassic.com



ဆိုနေတတ်သည်။ ဒါကြောင့် သဘောဖြူကာ ကို အလုပ်ရတာ ကိုသာ သိနေပေမယ့် ကို့အလုပ်အကြောင်း ဘာမှမသိပါ။

ကိုဟာ အိမ်ထောင်ရှင်ကောင်းတစ်ယောက် ပီသလှပါသည်။ ဒါကြောင့် သူမ ကို့ကို ချစ်ရတာ ဘယ်တော့မှ နောင်တရလိမ့်မည်မဟုတ်။

ကိုက အိမ်စရိတ်လောက်ရဲ့လားဟု မေးလာလျှင် သူမက ဘာမှမဖြေဘဲနေခဲ့သည်။ ထိုအခါမျိုးမှာတော့ သူက လောက်အောင်ရှာမည်။ ငွေရှာရမှာ သူ့အလုပ်ဟုသာ ခပ်ပြတ်ပြတ်ပြောခဲ့ပါသည်။ ကိုက သူ့စကားနဲ့သူ အညီ အလုပ်ကို ပိုကြိုးစားလုပ်နေသည်ထင်ပါရဲ့ တစ်ခါတစ်ရံမှာ အိမ်ကို မိုးချုပ်မှ ပြန်ရောက်လာတတ်ပါသည်။

ဘာဖြစ်လို့နောက်ကျတာလဲဟု မေးလျှင် သူက စကားလမ်းလွှဲပြီးသာ ဖြေတတ်ပါသည်။ ကြာလာတော့ ကို မကြိုက်မှန်းသိ၍ ကို ဘာလုပ်သလဲဆိုတာ သူမ မမေးဖြစ်တော့ပါ။ ကိုက အလုပ်တွေကို သိပ်ကြိုးစားနေသည် ထင်ပါရဲ့။ တစ်ခါတစ်ရံမှာ ညညတွေဆို ကို အိပ်မပျော်နိုင်တာ သူမ





သိနေပါသည်၊ ကိုက သူမကို အိပ်မဒ်ပါသေချာကြည့်ပြီးမှ ခေါင်းနဲ့စူးရှုဆိုတို သူ့ကိုယ်ခန္ဓာပေါ် လိမ်းကျံလေ့ရှိသည်။ ကိုက မသိစေချင်၍ သူမက မသိချင်ယောင်ဆောင်နေရပါသော်လည်း ရင်ထဲမှာတော့ ထိရှအက်ကွဲစွာ ခံစားနေရပါသည်။ ကို့ရဲ့အလုပ်ဟာ သိပ်ပင်ပန်းလှတဲ့ အလုပ်ဖြစ်လိမ့်မယ်ဆိုတာ သူမ ခန့်မှန်းမိပါသည်။

အရင်ကတော့ ရွှေမင်းသားလေးလိုနေခဲ့ရပြီး အခုတော့ သူမကြောင့် ကိုက ပင်ပန်းနေရတာပါ။

ဒါ သူမရဲ့အပြစ်ပါ။ သူမရဲ့အချစ်က ကို့ကို နွံထဲ ဆွဲနစ်သလိုဖြစ်ခဲ့ရသည်။

ကိုကတော့ ပင်ပင်ပန်းပန်းရှာလာခဲ့တဲ့ငွေတွေကို သူမကို ပုံမှန်အပ်လေ့ရှိသည်။ သူမကလည်း ကို့ကို ငဲ့ညှာလွန်း၍ အိမ်အသုံးစရိတ်ကို အတတ်နိုင်ဆုံး ချွေတာခဲ့ပါသည်။ ကို့ကိုတော့ အသားဟင်းချက်ကျွေးပြီး သူမကတော့ ဖြစ်သလိုပဲ စားခဲ့တဲ့ရက်တွေလည်း မနည်းတော့ပါ။

ဒါကို ကိုသိလို့ကတော့ သူမကို အပြစ်တင်လာ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်ဦးမည်ဆိုတာ အတပ်သိနေသည်။

သူမကတော့ ဆင်းရဲခြင်းနဲ့ တစ်သက်လုံး တွဲဖက်ရင်ဆိုင်ခဲ့ရ၍ ဆင်းရဲခြင်းကို နောကျေအောင် ခံနိုင်ရည်ရှိနေခဲ့ပါပြီ။ ကိုကသာ . . .။ ဒါပေမဲ့ ခုချိန်ထိ ကိုက သူမရှေ့မှာ တစ်ချက်လေးမှ မညည်းညူခဲ့ဖူး၍ သူမက ပို၍ စိတ်မကောင်း ဖြစ်ရပါသည်။

ကို့ကို အရိပ်တကြည့်ကြည့်နေလာခဲ့သည့်အတွက် ကို့မျက်နှာလေး ချောင်ကျသွားတာကိုလည်း သတိပြုမိနေပါသည်။ စိတ်မကောင်းဖြစ်ရပေမယ့် မာနကြီးလွန်းသည့် ကို့ကို အထင်ကြီးလေးစားရပါသည်။

တစ်ခါက ကြီးမေလာတုန်း ချန်ထားခဲ့သည့် ငွေ (၁၀) သိန်းကို ကိုက လက်ဖျားနှင့်မတို့ခဲ့ပါ။

ကိုက ဒါတွေမလိုအပ်ဘူးဟုဆိုကာ ဘယ်နားထားလိုက်မှန်းပင် သူမက မသိတော့။ သူမကလည်း ကို တစ်မျိုးထင်သွားမှာစိုး၍ တခမ်းတနား မမေးဖြစ်တော့ပါ။

တစ်ခါတစ်ရံမှာ ကိုက အပြင်က ပြန်လာခဲ့လျှင်



အသားလုံးလေးတွေပါ ပါလာတတ်သည်။

ဒီအသားလုံးလေးတွေဟာ ကိုယ်တို့ရဲ့ဖွားစာရေးနတ်ဟုလည်း ချစ်စနိုးလေး ပြောတတ်ပါသေးသည်။

သူမ ကို့ကို သိပ်ချစ်ရပါသည်။

ယောက်ျားကောင်းပီသပြီး သိပ်ချစ်ဖို့ကောင်းတဲ့ ကို့ရဲ့ အိမ်ရှင်မဖြစ်ရတဲ့အတွက်လည်း လောကကြီးကို ကျေးဇူးတင်မိသည်။ ကားအမြင့်ကြီးကို ကိုယ်တိုင်မောင်းခဲ့စဉ်က တည်တင်းနေတဲ့ ကို့မျက်နှာဟာ အခုလို သူမရဲ့ စက်ဘီးနီနီလေးကို စီးနေရချိန်မှာတော့ ကို့မျက်နှာမှာ အပြုံးပွင့်လေးဝေနေရပါတော့သည်။

ဒါကို သူမက စိတ်မကောင်းဖြစ်ရမှာလား၊ ပျော်ရွှင်ကြည်နူးရမှာလား မသိနိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမတို့အိမ်ရှေ့ကို အနက်ရောင်ကားအမြင့်ကြီး ထိုးဆိုက်လိုက်သည်နှင့် သူမ ရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။ ဒါ ကြီးမေရဲ့ကားဆိုတာ သူမ ကောင်းကောင်း သိနေလို့ပါ။ ကိုက အိမ်မှာရှိမနေသဖြင့် ကြီးမေကို ရင်ဆိုင်ရမှာ သူမက စိုးရွံ့နေသလိုပင်။ ထိုးနက်လာမယ့်ကြီးမေရဲ့စကားလုံးကြမ်းကြမ်းတွေကိုလည်း ကြောက်မနေမိသလို ကြီးမေရဲ့ အရှိန်အဝါ ပြီးတော့ တင်းထန်မာကြောပဲ့ ကြီးမေရဲ့မျက်နှာပေး အားလုံးကိုပါပဲ။

သူမက ကြီးမေကို အရဲကိုးပြီး လှမ်းကြည့်ကာ . . .





"အိမ်ပေါ်ကြွပါရှင်"

ကြီးမေက ပြုံးပြမသွားပါ။ သူမက ယဉ်ကျေးမှုစွာ ဆက်ဆံလိုက်သည့်အတွက် အသိအမှတ်ပြုသလို တစ်ချက် ကြည့်သွားသဖြင့် သူမရင်ထဲ အင်အားသစ်တို့ကို မွေးမြူကာ ကြီးမေကို ရဲရဲကြီး ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

ကြီးမေက ကြမ်းခင်းပေါ်မှ ဖျာတိုတိုလေးပေါ် ထိုင်ချလိုက်ပြီး သူမကို မမိုတ်မသုန် စိုက်ကြည့်နေ၍ သူမမှာ အပြစ်ရှိသူတစ်ယောက်နှယ် အသက်ပင် ကောင်းကောင်း မရှူရဲတော့။

အခုချိန်ထိ ကြီးမေက သူမကို ဘာစကားတစ်ခွန်းမှ မဆိုသေးပါ။ တိတ်ဆိတ်ငြိမ်သက်နေသော အခြေအနေကြောင့် သူမ ပို၍ အနေကျုံ့သွားရသည်။ ကြီးမေက သူမကို အကဲခတ်နေသည်ထင်။ စူးစူးရဲရဲ စိုက်ကြည့်နေပါသည်။ သူမ စိုးရိမ်ရလွန်း၍ ကြီးမေရဲ့အကြည့်အောက်မှာ ပြာမှုန့်လေးအဖြစ်နှင့် လွင့်ပြယ်သွားချင်မိပါသည်။

"ဒီတစ်လလုံးလုံး ညည်းတို့ သိပ်ပျော်ခဲ့ကြတယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"ရှင်"

အစမရှိ အဆုံးမရှိစကားလုံးမို့ သူမက နားမလည်လိုက်ပါ။

"ညည်းကတော့ ပျော်မှာပေါ့။ ငါ့မှာသာ ငါ့တူကို ငါသနားလွန်းလို့ အမြဲတမ်း ငိုခဲ့ရတာ။ ညည်းသိရဲ့လား . . . ဟင့် . . . ဟင့်"

ကြီးမေက ဆို့ဆို့နစ်နစ်ကြီးပြောရင်း ငိုချလာပြန်သည်။ ကြီးမေရဲ့မျက်ရည်တွေကြောင့် သူမမှာ နေစရာနေရာတွေပင် မရှိတော့ပြီ။

"နောက်(၃)ရက်နေရင် သားရဲ့ဖေဖေနဲ့ ငါ့ညီမ ဒေစီ ရောက်လာကြလိမ့်မယ်။ ငါ သူတို့ကို ဘယ်လိုမျက်နှာမျိုးနဲ့ ရင်ဆိုင်ရမှန်းတောင် မသိတော့ပါဘူး။ ငါ့လက်ထဲရောက်မှ သားက ဒီလိုဖြစ်ရတာ ငါ နည်းနည်းမှ စိတ်မချမ်းသာပါဘူး။ အေး . . . အိမ်ပြန်ခဲ့အောင် ညည်းတာပဲ သားကို တိုက်တွန်းပေးပါ"

—— ❖ ——



"ရှင်"

"သားက ညည်းစကားဆို နားထောင်မှာပါ"

"ဟင့်အင်း . . . ဒါဆို သဘောဖြူကို ကို အထင်လွဲသွားမှာပေါ့။ သဘောဖြူရဲ့အချစ်က ဖြူစင်ပါတယ်။ ကိုက ဘာမဟုတ်တဲ့လူဆိုလည်း သဘောဖြူက ချစ်တာပါပဲ။ တောင်းပန်ပါတယ် ကြီးမေ။ အဲ့လို သဘောဖြူ မလုပ်နိုင်လို့ပါ"

"ဘာ . . . ညည်း ဘာပြောလိုက်တယ်"

သူမစကားကြောင့် ကြီးမေမှာ ဒေါသ အထွတ်အထိပ်သို့ ရောက်သွားသလိုပင်။ ပါးလေး၊ နှုတ်ခမ်းလေးများ တဆတ်ဆတ် တုန်ယင်လာသည်။

သူမ မတတ်နိုင်ပါ။ လောကကြီးမှာရှိတဲ့လူအားလုံးက သူမကို ထင်ချင်သလို ထင်နိုင်သည်။ မုန်းကြမယ်ဆိုလည်း ကြိုက်သလောက် မုန်းကြပါစေ။ ဒါတွေကို သူမကောင်းကောင်းရင်ဆိုင်နိုင်သည်။ သို့ပေမယ့် ကိုက သူမအပေါ် တစ်မျိုးမြင်မှာတော့ သူမက စိုးစဉ်းမျှ ခံနိုင်ရည်မရှိပါ။

—— ❖ ——

www.burmeseclassic.com

www.burmeseclassic.com



လောကမှာ သဘောဖြူကာ ဘာကိုအကြောက်ဆုံးလဲဟု မေး ကို့ရဲ့အမုန်းဟာ မဆိုင်းမတွ ဖြေမိမှာ ဧကန်ပင်။

"သဘောဖြူ ညည်း ဦးနောက်မှရှိသေးရဲ့လား။ ဒါလား ဖြူစင်မွန်မြတ်ပါတယ်ဆိုတဲ့ ညည်းရဲ့အချစ်တွေ။ ညည်းရဲ့အချစ်တွေနဲ့ ငါ့တူရဲ့ဘဝကို တမျှင်မျှင်ချင်း ခြွေနေတာလား . . . ဟမ် . . . ပြောစမ်းပါ"

"မဟုတ်ပါဘူး ကြီးမေ။ အဲ့လို မဟုတ်ပါဘူး"

"ညည်းက ပြောင်လိမ်ချင်သေးတာကိုး။ ညည်းဟာ ငါတို့မိသားစုထဲ ဝင်မွှေဖို့များ လူဖြစ်လာရှာသလား။ အံ့ပါ့။ ညည်းဟာ ဦးနောက်မရှိဘူး။ ကိုယ့်ခံစားချက်ကိုပဲ သိတဲ့ ခပ်တုံးတုံး အတ္တသမားပဲ"

"ရှင်"

သူမ ကိုနဲ့ လက်ထပ်တာ အဲ့လောက်ကြီးပဲ ဆိုးရွားသွားစေသလား။

"ငါတို့ဘက်ကိုလည်း ကိုယ်ချင်းစာကြည့်စမ်းပါဦးအေ။ ငယ်ငယ်လေးတည်းက ပိုးမွေးသလို မွေးလာခဲ့ရတဲ့



ငါတို့သားကို ညည်းမို့လို့ ဒီလိုအလုပ်တွေ ခိုင်းရက်တယ်။ ညည်းကို သိပ်မုန်းတာပဲ"

ငိုကြီးချက်မနဲ့ ဗလုံးဗထွေး ထွက်လာတဲ့ ကြီးမေရဲ့ စကားတွေကို သူမ နားမလည်ပါ။ ကြီးမေ ဘာကိုဆိုလိုနေတာလဲ။ ကိုက မိသားစုစားဝတ်နေရေးအတွက် အလုပ်ထွက်ရပ်တာ ဒီလောက်ထိကြီးပဲ ကြီးမေတို့ ခံစားနေရတာက သိပ်သဘာဝတော့ မကျ။ ဒါပေမဲ့ ကြီးမေက တော်တော်ကြီး ထိုဆို့နစ်နစ် ခံစားနေရပုံပေါ်သည်။ သူမလို မိန်းမငယ်လေး ရှေ့မှာပင် ကြီးမေလို အမျိုးသမီးက ဣန္ဒြေမဆည်နိုင် မျက်ရည်ဥကြီး ပိုးပိုးပေါက်ပေါက်နှင့် ရှိုက်ကြီးတငင် ငိုကြွေးနေလေရဲ့။

ကြီးမေရဲ့မျက်ရည်တွေကြောင့် စိတ်မကောင်း ဖြစ်ရပါသော်လည်း မာနမင်းသားကိုရဲ့ အထင်လွဲခြင်းကိုတော့ သူမ သေးသေးလေးမျှ ခံနိုင်ရည်မရှိဘူးလေ။ နောက်ဆုံးတော့ သူမသည် ဉစ္စာခနေကိုပဲ မြင်သွားတာပဲဆိုတာမျိုးတော့ ဖြစ်မခံနိုင်ပါ။ ဒါကြောင့်လည်း ကြီးမေ စွပ်စွဲလာသမျှကို

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းမှ မတုံ့ပြန်မိတော့ပါ။

ကြီးမေက အားရပါးရငိုပြီးပြီဆိုမှ မျက်ရည်ဥတွေကို ရှတ်တရက်ဆိုသလို သုတ်ပစ်ကာ သူမကို စိမ်းစိမ်းကားကားကြီး စိုက်ကြည့်ပြီး . . .

"အခု သား အလုပ်လုပ်ဖို့ထွက်သွားတာ မဟုတ်လား"

"ဟုတ်ကဲ့"

"သား အလုပ်လုပ်တဲ့နေရာကို ညည်းသိတယ် မဟုတ်လား"

"ဟင့်အင်း . . . သဘောဖြူ မေးမထားမိဘူး"

"ဟမ် . . . ယောကျ်ားအလုပ်လုပ်တဲ့နေရာကို ဖြူဖြူစင်စင် ချစ်လှပါချည်ရဲ့ဆိုတဲ့ မိန်းမက မသိဘူး။ ကောင်းကြသေးရဲ့လား။ ဘာအလုပ်လုပ်တယ်ဆိုတာရော ညည်း သိရဲ့လား"

"အဲ့ဒါလည်း ကို တစ်ခါမှ မပြောပြဖူးဘူး"

"ညည်းလိုမိန်းမမျိုးကို ရထားတဲ့ ငါ့သားရဲ့ဘဝရှေ့





ရေးကိုတော့ ငါ ရင်လေးလို့ မဆုံးဘူး။ ဘာလဲ ညည်းက တကယ်ရိုးတာလား၊ ရိုးချင်ယောင် ဆောင်တာလား။ ဒီလိုနည်းနဲ့ပဲ ငါတို့ရင်ထဲက သားကို ဆွဲထုတ်သွားတာ မဟုတ်လား။ အေး . . . ညည်းမသိဘူးဆိုလည်း ငါက လိုက်ပြရတာပေါ့။ လာ . . . လာ . . . ညည်း ငါ့နောက်လိုက်ခဲ့"

ဟုဆိုကာ ကြီးမေက ရှတ်တရက်ဆိုသလို သူမလက်ကို ခပ်ကြမ်းကြမ်း ဆွဲထလိုက်သည်။

သူမ ကားပေါ်ရောက်လိုက်သည်နှင့် ကြီးမေက အာဏာအပြည့်ပါသောအသံနှင့် . . .

"ဘူတာကြီးဘေးက ကုန်လှောင်ရုံဘက်မောင်း"

ဟု ဒရိုင်ဘာကို လှမ်းအမိန့်ပေးလိုက်သည်။

သူမက ပို၍နားမလည်နိုင်ဖြစ်သွားရသည်။

ဒီကုန်လှောင်ရုံဘက် သူမက ဘာလိုက်လုပ်ရမှာလဲ။ မကြာခင်မှာပဲ ကုန်လှောင်ရုံဘက် ရောက်သွားသဖြင့် ကြီးမေက သူမဘက်မှ ကားမှန်ကို ချပေးလိုက်သည်။

"ဟိုးမှာ ဂန်အိတ်တွေ ထမ်းနေတာ ဘယ်သူလဲ



www.burmeseclassic.com

www.burmeseclassic.com



လို့ ကြည့်လိုက်ပါဦး"

သူမက နားမလည်နိုင်အောင်ပင် ကြောင်နနနှင့် ကြီးမေ ညွှန်ပြရာဘက် လှမ်းကြည့်လိုက်သည်တွင် သူမ မျက်လုံးကို သူမ မယုံကြည်နိုင် ဖြစ်သွားရသည်။ သူမနှလုံး အိမ်မှာ မီးအရှိန်ပြင်းပြင်းတို့က အလျှံညီးညီး တောက်လောင်လို့နေပါပြီ။

ဟုတ်ပါတယ်။ ဒါ သူမရဲ့မိုးမင်းသားလေး ချစ်သူ ကို အစစ်ပါပဲ။ အိမ်ကို ပြန်လာရင် အပြင်မှာ ဘာမှမလုပ်ခဲ့ရသလို သန့်သန့်ပြန့်ပြန့်နှင့် ပေါ့ပေါ့ပါးပါးဟန်မျိုးကိုသာ ဂိုက်အပြည့် ဖမ်း၍ ပြန်လာတတ်သည့်ကိုပါပဲ။ သူမကတော့ လန်းဆန်းနေတဲ့ ကို့ပုံစံကိုကြည့်ပြီး ကို့အလုပ်တွေက အဲ့လောက်ထိ ကြမ်းတမ်းလိမ့်မယ်လို့ နည်းနည်းလေးမှ မတွေးကြည့်မိခဲ့ပါ။ ဒါကြောင့် ကိုက သူမ အိပ်ချိန်လောက်မှ ဆေးနံ့စူးစူးကို လိမ်းကျံခဲ့တာပေါ့။ သူမ သိပ်ညံ့လွန်းပါသည်။

ရင်ထဲမှာလည်း ကြီးလေးတဲ့ အစိုင်အခဲကြီး ဖိကပ်ထားသလိုနှင့် ညည်းစွာ ခံစားနေရသည်။ ဒါ အရင်က ကား



အကောင်းစားနှင့် ကျောင်းတက်ခဲ့ရတဲ့ သူဌေးသား ကို တဲ့လား။

"မနက်ပိုင်းဆို ရီပို စက်ပစ္စည်းဆိုင်မှာ ဆိုင်ခင်းအလုပ်လုပ်တယ်။ နေ့လယ်ပိုင်းဆို ဒီကုန်လှောင်ရုံမှာ ထမ်းပိုးတယ်။ ညနေပိုင်းဆို ဆိုင်သိမ်းသွားတယ်။ ရထားဝင်တာနောက်ကျတဲ့အခါတွေမှာဆို အိမ်ကို တန်းမပြန်သေးဘဲ ဒီကုန်လှောင်ရုံကို ပြန်လာရသေးတယ်။ အဲ့ဒါ ညည်းကို ရှာဖွေကျွေးမွေးနေတာလေ။ ကြာရင် ငါတို့သားက ဒုက္ခပိပြီး သေတော့မယ်။ ညည်းက သူစိမ်းသူပြင်မို့ ကြည့်ထားနိုင်ရင်လည်း ငါတို့က မကြည့်ရက်ဘူးအေ့။ ညည်း သိရဲ့လား။ ငါတို့သားက ဖိနပ်မပါဘဲတောင် မြေကြီးပေါ် နင်းခဲ့ဖူးတာ မဟုတ်ဘူး။ လေးတဲ့အရာဆိုလို့ အစားအစာထည့်ထားတဲ့ ကျွတ်ကျွတ်အိတ်တောင် ဆွဲနိုင်းခဲ့ဖူးတာ မဟုတ်ဘူး။ ညည်း သိပ်ရက်စက်တယ် သဲ့ဘောဖြူ။ ညည်းမို့ ငါတို့သားကို ဒီလိုအလုပ်တွေ ခိုင်းရက်တယ်။ ငါ့ရင်ထဲ ဘယ်လောက်ခံစားရပလဲ ညည်း ကိုယ်ချင်းစာကြည့်စမ်းပါအေ . . . ဟင့် . . . ဟင့်"

www.burmeseclassic.com

www.burmeseclassic.com



ကြီးမေက ပြောရင်းနှင့် ဒေါသတကြီး ငိုရှိုက်လာပေမယ့် သူမနားထဲ ကြီးမေရဲ့ စပ်စာစာအသံတို့ကိုလည်း မကြားနိုင်တော့ပြီ။

သူမမျက်ဝန်းထဲမှ မျက်ရည်တို့ကလည်း ပြည့်အိုင်ရုံလေးမှတစ်ပါး လျှံမကျနိုင်တော့ပြီ။ သူမရဲ့စိတ်အစဉ်တို့ကလည်း စကြဝဠာလွင်ပြင်ကျယ်ကြီးဆီသို့ လွင့်ပျောက်ပျက်ပြယ်နေရသည်။ သူမနှလုံးသားတွေက သူမရင်ထဲမှာ မရှိတော့သလို ခံစားရသည်။ သူမ အသက်ရှူနေသေးသလား သူမ မသိပါ။ ပတ်ဝန်းကျင်မှာ နေပူနေသလား၊ မိုးရွာနေသလား၊ လေတိုက်နေသလား သူမ မသိပါ။ သဘာဝ ပတ်ဝန်းကျင်ရဲ့ လှပတဲ့အရောင်တွေကိုလည်း သူမ မမြင်နိုင်တော့ပါ။ အခုချိန်ထိ သူမမျက်ဝန်းထဲမှာ စိုးမိုးနေတာက ဆန်အိတ်ကြီးတွေကို မနိုင်မနင်း ထမ်းပိုးနေတဲ့ ကို့ရဲ့ပုံရိပ်၊ ဟိုမှ ဒီသို့ စက်ဘီးအနီလေးနဲ့ ပြေးလွှားလှုပ်ရှားနေမယ့် ကို့ပုံရိပ်၊ အိမ်ကို ပြန်လာခဲ့ရင် ဘာမှမလုပ်ခဲ့ရသလို သန့်ပြန့်လန်းဆန်းနေတဲ့ ကို့ပုံရိပ်၊ ညအိပ်ရာဝင်တိုင်း သူမ မသိအောင် ဆေးနံ့စူးစူး





များကို လိမ်းကျံတတ်တဲ့ ကို့အပြုအမူ။ အရင်က ကားအကောင်းစားနှင့် ခန့်ညားသည်ဝါခဲ့သော ကို့ရဲ့ဘဝ။ ဒါတွေကြီးသာ သူမအာရုံထဲ လူးလွန့်ကွန့်မြူးနေခဲ့သည်။ ဒါတွေဟာ သူမကြောင့်။ သူမ ဘာဆက်လုပ်ရမှာလဲ။ သူမ ဘာလုပ်သင့်သလဲ။ သူမ မစဉ်းစားနိုင်အောင် ဖြစ်သွားရသည်။

သူမ ကို့ကို သိပ်ချစ်သည်။ ကို့ကို မခွဲနိုင်ပါ။ ထို့အတူပဲ ကိုကလည်း သူမကို သိပ်ချစ်သည်ဆိုတာ သူမ လုံးဝယုံကြည်ထားပါသည်။

သူမ ကိုနဲ့ မခွဲနိုင်ပါ။ ကိုနဲ့ခွဲရရင် သူမ သိပ်ခံစားရလိမ့်မည်။ ကိုနဲ့ခွဲရလို့ ခံစားရမယ့် ဆို့ဆို့နစ်နစ်ခံစားချက်ကြီးကို သူမ သိပ်ကြောက်မိပါသည်။ သို့သော် ကို ဒီလိုအလုပ်ကြမ်းတွေ လုပ်နေတာကျပြန်တော့ သူမ အသည်းနာလှပါသည်။ ကို့ကို မကြည့်ရက်နိုင်ပါ။ သူမနဲ့ လက်ထပ်လိုက်မှ ဒီလိုဖြစ်လာရတဲ့ ကို့ရဲ့ဘဝကို သူမ ကရုဏာသက်ရပါသည်။

သူမက ကို့ကို ဒီလိုကြီး မကြည့်ရက်နိုင်တော့၍ ကြီးမေတို့အရိပ်ကို ပြန်ပြီးခိုလှုံဖို့ ပြောပြန်ရင်လည်း မာနကြီး



www.burmeseclassic.com

www.burmeseclassic.com



လှသည့် ကိုက အထင်လွဲသွားမှာ စိုးရိမ်မိသည်။ တကယ်လို့ သူမက အထင်လွဲမှာကြောက်လို့ မပြောပြန်ရင်လည်း ကို့ဘဝကို သူမကိုယ်တိုင် နှံ့ထဲ ဆွဲနှစ်နေသလိုပင်။ ဒီပုံအတိုင်းဆိုရင် မလုပ်စဖူး ကြမ်းတမ်းစွာ လှုပ်ရှားလာရသည့် ကိုပဲ လုံးပါးပါးသွားနိုင်သည်။

ကို့ကိုလည်း ဒီလိုဘဝမျိုးမှာ မကြည့်ရက်နိုင်။ ကို အထင်လွဲမှာကိုလည်း သေမှာထက် ကြောက်ရ။ ဒီအကြောင်းအရာ နှစ်ခု ဒွန်တွဲမိသည့်အခါမှာတော့ သူမ တစ်ခုခုကို ဆုံးဖြတ်မိသွားသည်။ ထိုလမ်းကြောင်းအသစ်ကြောင့် သူမ မျက်ဝန်းထဲမှ မျက်ရည်ဥကြီးတွေ ဒလဟော လိမ့်ကျလာရတော့သည်။



သူ ဒီနေ့ အလုပ်စောစောပြီး၍ အိမ်ကို ခပ်စောစော ပြန်လာခဲ့သည်တွင် ထူးဆန်းသောအရာများက သူ့ကို တခမ်းတနား ဆီးကြိုနေခဲ့သည်။ သဘောဖြူဆိုသော သူ့ရဲ့ ချစ်ဇနီးလေးက သနပ်ခါးကို မွှန်နေအောင် လူးပြီး အင်္ကျီအဝတ်စားသစ်များနှင့် သူ့ကို ဆီးကြိုနေသလို ဟင်းများကိုလည်း စားပွဲနှင့်အပြည့် အမျိုးအမည်စုံစုံ ချက်ပြုတ်ထားသည်။

သူက ရေမိုးချိုးကာ ထမင်းစားမည်ပြုတော့ စားပွဲပေါ်တွင် ပြည့်လျှံကာ ခင်းကျင်းထားသော ဟင်းမယ်စုံစုံကြောင့် တအံ့တသြလေး ဖြစ်သွားရကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"မယ်ကပ်စေးက ဘာတွေသဘောတော်ရှင်နေရတာလဲ။ ဟင်းတွေကို စုံနေတာပဲ"

"ကို့ကို စားစေချင်လို့လေ။ အကောင်းဆုံး ဖြစ်အောင် ကြိုးစားပြီး ချက်ထားတာ"

"ဖြူလေးချက်တာဆို ကိုယ်က ငါးပိရည်လည်း ကောင်းတာပဲ။ ကိုယ့်ကို တစ်သက်လုံး မညည်းမညူ ချက်ကျွေးဖို့သာ အားမွေးပေတော့"

"ကို့ကို အမြဲတမ်း ဒီလိုပဲချက်ကျွေးခွင့်ရပါစေလို့ ဆုတောင်းမိပါတယ်။ ဒါပေမဲ့ . . ."

"ဘာ . . . ဒါပေမဲ့လည်း လာ . . . စားကြ သောက်ကြစို့။ ဒီနေ့ရော ဖြူလေးက စားနှင့်ပြီးပြီလား"

"ဟင့်အင်း . . . ဖြူလေး ကိုနဲ့အတူစားဖို့ စောင့်နေတာ"

"ဒီလိုမှပေါ့ကွ။ ကိုယ့်မိန်းမလေးက သိပ်ချစ်ဖို့ကောင်းတာ"

ကိုက သူမကို ရွတ်နောက်နောက်ကလေး စကာ





ထမင်းစစားလိုက်သည်။ ကိုက သိပ်ဆာနေ၍ထင်သည် ထမင်းကို မရပ်မနားဘဲ မြိန်ရေရှက်ရေစားနေသည်။ အားပါးတရ စားသောက်နေသော ကို့ကို ကြည့်ကာ သူမရင်ထဲ ဆို့နစ်သွားရသည်။

အားပါးတရစားသောက်နေသော ကို့ပုံရိပ်တွေကို ကမ္ဘာ့ညီးတိုင်တစ်ခုလို သူမရင်ထဲ အမှတ်တရ စိုက်ထူလိုက်သည်။

ကိုရယ် နောက်ဆို ကို့ကို ဒီလိုမျိုး ကြည့်နေခွင့်ရတော့မှာ မဟုတ်ပါဘူး။ ကို့အပြုံးလေးတွေ၊ ကို့မျက်ဝန်းလေးတွေကို ဖြူလေး သိပ်ချစ်တာပဲ။

"ဟင် . . . ဖြူလေး စားလေ၊ မစားသေးဘူးလား"

"ဪ . . . အင်း . . . စားမယ်"

"ပေး . . . ပန်းကန်ပြား။ ကိုယ် ထမင်းထည့်ပေးမယ်"

"ကို အစာစားတာက အရမ်းကြည့်လို့ကောင်းတာပဲ။ ကို စားနေတာကို ထိုင်ကြည့်နေရရင်ပဲ ဖြူလေးက အလို



www.burmeseclassic.com

www.burmeseclassic.com



လို ဝသွားမိသလိုပဲ"

"ဟွန့် . . . ကောင်မလေး တော်တော်အရွဲ့ပို။ ဒါကြောင့်လဲ ဟော့ဒီကကောင်ကြီးက အသည်းစွဲအောင် ချစ်နေရတာနေမှာပေါ့။ စား . . . စားမှ ဗိုက်ပြည့်မှာပေါ့။ ဗိုက်ပြည့်မှ အားရှိမယ်၊ အင်အားပြည့်မှ သားတွေ သမီးတွေနဲ့ ပျော်စရာကောင်းမှာပေါ့"

ကို့စကားက သူမကို အဆုံးစွန် ထိခိုက်ကြေကွဲသွားစေသည်။

"ဟင် . . . ဖြူလေး ဘာကြောင့်မျက်ရည်တွေ ကျနေရတာလဲ"

"ဘယ်မှာကျလို့လဲ"

"ဒီမှာတွေလေ မတွေ့ဘူးလား"

"ဩော် . . . အဲ့ . . . အဲ့လိုပဲ တစ်ခါတစ်ရံမှာ မျက်ရည်တွေက ဘာကြောင့်မှန်းမသိ ကျကျလာတတ်တယ်"

"ဒါဆိုရင် ဖြူလေးက ထူးဆန်းတဲ့အရူးမလေးပဲ ဖြစ်ရမယ်"



သူ့စကားက သူမကို ခိုးခိုးခစ်ခစ်ရယ်မောသွားစေပါသည်။ သူက အဲ့ဒီလိုပဲ။ သူမကို ဝမ်းသာအောင်လည်း ပေးစွမ်းနိုင်သလို ထိခိုက်နာကျင်မှုကိုလည်း ပေးစွမ်းနိုင်တဲ့ လူသား တစ်ယောက်ပါ။

ဒီနေ့ သူမနဲ့ သူက အပြင်သွားရအောင်ဟု တစ်ညီတစ်ညွတ်တည်းပြောမိကြရာ သူက ဂျာကင်တစ်ထည်ကို ထပ်ဝတ်ကာ စက်ဘီးနီနီလေးကို နင်းလိုက်သည်။ သူမက သူ့ရဲ့ခါးကို တင်းတင်းဖက်ကာ အနောက်က ကယ်ရီယာခုံမှာ ထိုင်လိုက်သည်။

သူ့ရဲ့ကျောပြင်ကျယ်ကြီးကို မှီကာ သူ ပြောသမျှတွေကို နားထောင်မှတ်သားနေမိသည်။

သူမက အဆောင်ဝရန်တာသို့ ထွက်ရပ်ကာ သူတို့ကို အော်လှတ်လိုက်သည့်အကြောင်း၊ မတော်တဆ စက်ဘီးတိုက်မိကြရာမှ သူက ပိုပိုသာသာဟန်ဆောင်ခဲ့သည့်အကြောင်း၊ သူမအလုပ်လုပ်ရာ ခေါက်ဆွဲဆိုင်သို့ သူက မနက်တိုင်းလာကာ ချောင်းကြည့်တတ်သည့်အကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



မိုးခြိမ်းသံကို သိပ်ကြောက်တဲ့သူမကိုမှ သူက ရင်ခုန်ခဲ့ရသည့်အကြောင်း၊ ပြီးတော့ မထင်မှတ်ဘဲ ရွာချတတ်ခဲ့သည့် ဒီထစ်ချုန်းမိုးလေးတွေကို ကျေးဇူးတင်မိသည့်အကြောင်းတွေကို အစရှိသဖြင့် သူက တီတီတာတာပြောနေပေမယ့် ငြိမ်သက်၍ နားထောင်နေခဲ့သော သူမရဲ့မျက်ဝန်းအိမ်မှာတော့ မျက်ရည်တို့ ပြည့်အိုင်နေခဲ့ပါသည်။

ထိုစဉ် ကောင်းကင်ယံမှ . . .

"ဂျိမ်း . . . ဂလိန်း"

ဆိုသောအသံဆိုးကြီးကြောင့် သူ့ကို သူမက ပို၍ တင်းကျပ်စွာ ဖက်တွယ်ထားလိုက်သည်။

"ဖြူလေး ကြောက်နေသလား"

"ဟင့်အင်း . . . ကိုသာ အနားမှာရှိရင် ဖြူလေး ဘာကိုမှ မကြောက်တော့ပါဘူး"

"ဟော . . . ပြောရင်းဆိုရင်းနဲ့ ထစ်ချုန်းမိုးလေးရွာပြန်တော့မယ်နဲ့တူပါတယ်"

ကိုက ပြောကာ ရယ်မိတုန်းရှိသေး မိုးပေါက်ကလေး





များက မြေပြင်ပေါ် သူ့ထက်ငါ ဦးအောင် အလုအယက် ခုန်ဆင်းလာကြသည်။

"ဟော မိုးရွာလာပြီ။ အိမ်ကိုပဲ ပြန်နင်းလိုက်တော့မယ်"

"ဒီမိုးရေတွေက ဖြူလေးနဲ့ ကိုကြားမှာ အမှတ်တရများစွာရှိတယ်။ မိုးရေထဲနေရတာကို ဖြူလေးက နှစ်သက်နေမိပါပြီ။ ကိုနဲ့ဖြူလေး တူတူမိုးရေချိုးရအောင်လေ"

"အိုကေ . . . ကောင်းသားပဲ"

ဟုဆိုကာ သူက စက်ဘီးကို ဘရိတ်ညှစ်ကာ ရပ်လိုက်သည်။

ကမ်းနားလမ်းမို့ လူသူအဖြတ်အသွား ကင်းနေတာကြောင့် သူမနဲ့သူ လွတ်လွတ်လပ်လပ်ကြီး မိုးရေထဲ ပျော်ရွှင်နေမိသည်။

လျှပ်ရောင်လက်လာရင် သူမက လန့်ကာ သူ့ကို ပြေးဖက်သည်တွင် သူက တမင်တကာ နောက်ပြီး ရှောင်ပြေးနေပြန်သည်။ ဒါကိုပဲ သူမက အသည်းယားကာ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ထုပြန်သည်။ သူကလည်း ရှောင်ရင်းပြေးရင်းနှင့် သူမကို စနောက်နေမိသည်။ မိုးကလည်း အမှတ်မထင် တအုံးအုံးနှင့် သည်းထန်စွာ ရွာသွန်းလာပါသည်။

နောက်ဆုံးမှာတော့ ပြေးလွှားနေသောသူ့ကို သူမလေးက ဖမ်းမိသွားကာ ခြေဖျားလေးထောက်ပြီး သူ့နဖူးကို အနမ်းလေးပေးလိုက်သည်။

သူက ပီပီပြင်ပြင်လေးပြုံးလာကာ သူမကို တင်းကျပ်စွာ ဆွဲပွေ့လိုက်သည်။

ဒီအချိန်မှာတော့ သူတို့နှစ်ယောက် လွတ်ထွက်သွားတော့မည့်အလား တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ဖက်တွယ်ထားလိုက်မိတော့သည်။ ရယ်မောသံလေးတွေက မိုးသံ တဝေါဝေါအောက်မှာ သဲ့သဲ့လေးပင်။





သူမ ဆံနွယ်လေးတွေက မိုးရေတို့နှင့် ရွှဲနစ်နေတာကြောင့် သူက တဘက်ကြီးတစ်ထည်ယူကာ သုတ်ပေးနေသည်။

"ဖြူလေးဆံပင်တွေက သိပ်လှတာပဲ။ ဖြောင့်စင်းအိတွဲနေတာ။ မွှေးကြည့်လိုက်တိုင်းလည်း အနံ့လေးကို သင်းလို့"

"ဟင် . . . ကိုက ဘယ်တုန်းက မွှေးကြည့်လိုက်တာလဲ"

"ဟဲ...ဟဲ...ဖြူလေး မသိလိုက်ဘူးမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါကြောင့် တော့်မလေးလို့ ပြောတာ။ ဖြူလေးနဲ့ ကိုယ် စတွေ့တုန်းက ဖြူလေး ကိုယ့်ကို စက်ဘီးနဲ့တင်နင်းသွားတယ်လေ။ အဲ့တုန်းက မွှေးကြည့်လိုက်တာ"

"ဟယ် . . . ကြည့်စမ်း။ သူများတောင် မသိလိုက်ဘူး။ ကိုက လူညစ်ပဲ"

"နိုးပြီးမွှေးကြည့်ရတာ အားမရလို့ ချစ်သူတော်ပစ်လိုက်တာပေါ့။ ချစ်သူတော်လိုက်တော့မှ အားပါးတရ . . ."

"ကို . . . နော် . . . ဘာကြီးမှန်းမသိဘူး"

"ဟာ . . . ကိုယ့်မိန်းမတောင်ဖြစ်နေပြီ ရှက်တုန်းပဲလား"

"ဘယ်မှာရှက်လို့လဲ"

"ဟာ . . . မရှက်ဘူးလား။ မရှက်ရင် အဲ့ဒီလိုလေး ဖက်ထားလိုက်မယ်"

ဟုဆိုကာ သူမကိုယ်လေးကို သိမ်းယူလိုက်ပြန်သည်။

"အရမ်းနွေးတာပဲ"



"ကိုယ်က အချစ်များတာကိုး။ အချစ်တွေနဲ့တင် တော်တော်နွေးနေပြီ"

"နောက်ဆို ဖြူလေး ချမ်းမိရင် ကို့ရင်ခွင်ကို သတိရနေတော့မှာပဲ"

"အရှူးမ[illegible] . . . ဘာတွေပြောနေတာလဲ။ လာ အိပ်ကြစို့။ ညဥ့်နက်ပြီ"

ဟုဆိုကာ သူမ ပခုံးလေးကို သာသာသိုင်းဖက်ကာ လှဲသိပ်လိုက်သည်။ သူမက သူ့ရင်ခွင်ကြားမှာ ငြိမ်သက်၍ နေလိုက်သည်။

အိပ်မောကျသွား၍ ထွက်ပေါ်လာသော သူ့ရဲ့ အသက်ရှူသံ ခပ်ပြင်းပြင်းကိုပဲ မမှိတ်မသုန် နားထောင်နေမိရင်း ဝမ်းနည်းလာရသည်။

သူမက ဒီအသက်ရှူသံရေးရေးလေးနှင့် ထာဝရ ဝေးကွာရတော့မှာပဲလေ။ ဝမ်းမနည်းမိဘဲ ရှိပါ့မလား။ ပြီးတော့ ဒီလိုနွေးထွေးတဲ့ ရင်ခွင်ကျယ်ကြီး။ သူမ သိပ်နှစ်သက်ရပါတယ်ဆိုတဲ့ [illegible]ဂဲ့အပြုံး။ ဒီနှာတံချွန်ချွန်လေးတွေရော၊

www.burmeseclassic.com

www.burmeseclassic.com



သူမကို အရှုးမလေးလို့ ချစ်စနိုးခေါ်တတ်တဲ့ သေသပ်ညီညာ လှတဲ့ ဒီနှုတ်ခမ်းလေးတွေ . . . အို . . . အကုန်ပါပဲ သူမက လွမ်းနေရဦးမှာပဲ။ သူမ သိပ်ချစ်ခဲ့ရသော ကို့မျက်နှာလေး ကို အလွတ်ရအောင် ငေးနေမိသည်။

နှုတ်ဆက်ခဲ့ပါတယ် ကိုရယ်။ ဖြူလေး နှုတ်ဆက်ခဲ့ ပါတယ်။ ဖြူလေးလို့ အမြတ်တနိုးလေးခေါ်တတ်တဲ့ ကို့အသံ သာသာလေးကိုလည်း ဖြူလေး နှလုံးသားထဲ ထာဝရ သိမ်း ဆည်းထားပါ့မယ်။

ဒီကမ္ဘာပေါ်မှာ ကို ရှိနေပါသေးလားဆိုတဲ့ အသိနဲ့ ပဲ ဖြူလေး ကျေနပ်စွာ ရပ်တည်သွားပါ့မယ်။ ကို ကောင်း ကောင်း အသက်ရှင်ပြီး ရပ်တည်သွားရမယ်နော်။

နဖူးကို ဝဲကျနေသော ကို့ရဲ့ဆံပင်နနလေးတွေကို လက်ကလေးနှင့် သပ်တင်ပေးလိုက်ပြီး ကို့ရဲ့ပါးပြင်နွေးနွေး ကို အမြတ်နိုးဆုံးလေး ငုံ့မွှေးလိုက်သည်။ သူမရဲ့မျက်ရည်ပူ ပူက သူ့မျက်နှာပေါ် စီးကျသွားသဖြင့် သူမက လက်ဖဝါးလေး နှင့် ထိရုံလေး သုတ်ပေးလိုက်ပြီး သူ့မျက်နှာပေါ်မှ သူမရဲ့



လက်ကို မဖယ်ချင် ဖယ်ချင်လေး ဖယ်လိုက်ရသည်။

အိပ်ပျော်နေသော ကို့ကို တစ်ညလုံးပဲ မမိုတ် မသုန် ထိုင်ကြည့်နေခဲ့သည်။ ကို့မှာ သိပ်ပင်ပန်းလွန်း၍ ထင် သည် တစ်ညလုံး တစ်ရေးမှ မနိုးဘဲ ရှူးရှူးရှဲရှဲနှင့် အိပ်ပျော် နေလေရဲ့။

ကြည့်စမ်းပါဦး အိပ်ပျော်နေလိုက်တာ။ ဘာမှ မသိ နားမလည်တဲ့ ကလေးလေးတစ်ယောက်အတိုင်းပဲ။ သူမ မျက်ဝန်းထက်မှ မျက်ရည်ကြည်များ ရစ်ဝိုင်းလာကာ အဆက် မပြတ် သည်းထန်စွာ ငိုကြွေးမိပါတော့သည်။

သူမအပေါ် သိပ်ကောင်းတဲ့ ကိုက နိုးလာလျှင် သူမ မရှိတော့တဲ့အဖြစ်ကို သိ၍ သိပ်ခံစားနေရမယ်ဆိုတာ သိနေ ၍ပါ။

သို့ပေမယ့် သူမက ဒီလိုဆုံးဖြတ်မိတာဟာ အသင့် တော်ဆုံး အဖြစ်သင့်ဆုံးဆိုတာကို ဦးနှောက်က ကောင်း ကောင်းမွန်မွန် လက်ခံနေပါသည်။

ကိုရယ် ခွင့်လွှတ်ပါ။ ခွင့်လွှတ်ပေးပါတော့။

www.burmeseclassic.com

www.burmeseclassic.com



"ကို . . .

ကိုကို ဖြူလေး သိပ်ချစ်ပါတယ်၊

ဒါပေမဲ့ ဖြူလေးကို ခွင့်လွှတ်ပေးပါတော့ ကိုရယ်။ အမှန်တော့ ကိုက ဒီအလုပ်တွေနဲ့လားလားမျှ မသက်ဆိုင်တဲ့ ပင်မြင့်စံတစ်ပင်တိုင်မင်းသားတစ်ပါးပါ၊

ဒါတွေအားလုံး ဖြူလေးကြောင့်ဆိုတာ သိလိုက်တဲ့ အချိန်မှာတော့ ဖြူလေး ဒီမြစ်ကြီးနားမြို့ကြီးက ထွက်သွားပါပြီ။

ကိုကို ဖြူလေး တစ်ရ မေတ္တာရပ်ခံချင်တာက ကြီးမေနဲ့ ကိုဖေဖေတို့ လာခေါ်ရင် လိုက်သွားဖို့ပါပဲ။ ဖြူလေးကို တကယ်ချစ်တယ်ဆိုရင် သူတို့နောက်လိုက်သွားပါနော်။

ဖြူလေး ကို့အချစ်တွေကို ယုံကြည်ပါရစေ။

တကယ်တော့ ကိုရယ် အချစ်ဆိုတာ နီးနေတာ ဝေးနေတာ အတူရှိတာ မရှိတာနဲ့ မဆိုင်ပါဘူး။ ဝေးရှိုးမလား ချစ်နေကြရင်ပဲ အချစ်က ပြီးပြည့်စုံနေပါပြီ။

ဖြူလေး ကိုကို စက္ကန့်တိုင်း ချစ်နေမယ်နော်။



ဖြူလေးချစ်တဲ့လူက ဒီကမ္ဘာကြီးပေါ်မှာ ကိုတစ်ယောက်တည်းပဲ ရှိခဲ့တာပါ။

ဘာမဟုတ်လို့ နောင်အခါ အမှတ်တမဲ့ ဆုံဖြစ်ခဲ့ကြရင်တောင် ကို ဖြူလေးကို နှုတ်ဆက်နိုင်ပါစေလို့ ဖြူလေး ဆုတောင်းနေပါ့မယ်၊

ဒီထစ်ချုန်းမိုးလေးတွေကိုရော ကိုကိုပါ ထာဝရ လွမ်းနေမယ့် . . .

ကို့ကိုသိပ်ချစ်တဲ့

ဖြူလေး . . ."

ဟု စာတိုလေးကိုသာ သူမ နှလုံးသားနဲ့ ရင်းပြီး ရေးချလိုက်သည်။

သူမနှလုံးသားက ဖြေမဆည်နိုင်အောင် မောပန်းနွမ်းလျလှပါပြီ။ သူမ ကို့ရဲ့မျက်နှာကို ထပ်မကြည့်နိုင်တော့ပါ။ ဒီပုံအတိုင်းဆို မခွဲရက်နိုင်ဘဲ ရှိပေတော့မည်။ သူမကြောင့် ကို့ကို ဒီထက်အချိန်ကြာအောင် ဒုက္ခထပ်မဖြစ်စေချင်တော့။

www.burmeseclassic.com

www.burmeseclassic.com



သူမကပဲ ရင်ကွဲခံကာ ကြိတ်မှိတ်ကျောခိုင်းရပေတော့မည်။ သို့ပေမယ့် နောက်ဆုံးအနေနှင့် ကို့မျက်နှာ ချောချောကို ငေးကြည့်ချင်မိတဲ့စိတ်ကို ဘယ်လိုမှ တားဆီး၍ မရ။ ကြည့်ခွင့်ပေးပါ ကိုရယ်။

ကို့ကိုယ်ပေါ် စောင်ပါးပါးတစ်ထည် လွှမ်းခြုံပေးပြီး အဝတ်အစားအိတ်ကို ဆွဲကာ လှေကားအတိုင်း တစ်လှမ်းချင်း ဆင်းခဲ့တော့၏။

အမြဲသွက်လက်ဖျတ်လတ်နေခဲ့သည့် ခြေလှမ်းတွေက တုန့်ယင် နှေးကွေးနေခဲ့ပါသည်။

ခြေလှမ်းတိုင်းအတွက်လည်း သူမ နှလုံးသားက တဆစ်ဆစ် နာကျင်အုံ့ခဲနေရသည်။

သူမနှလုံးသားက သိပ်ချစ်ရပါသော ကို့ကို ဒီလိုကြီးထားမပစ်နိုင်ခဲ့ပါ။ သူမ ဒီလိုမှဆုံးမဖြတ်ပြန်ရင်လည်း သူမချစ်သူရဲ့ဘဝကို သူမ ကိုယ်တိုင် နှံ့ထဲ ဆွဲနှစ်နေသလိုပင်။

သူမ အသည်းနာလှပါပြီ။

ခွင့်လွှတ်ပေးပါတော့ ကိုရယ်။

ဤမျှသော



သူ အိပ်ရာမှ နိုးလာသောအချိန်မှာ သူ့နားလေးမှာ ဖြူလေးက ရှိနှင့်မနေတော့ပါ။ မနက်ဝေလီဝေလင်းသာ ရှိသေးတာမို့ ဖြူလေး အိမ်သာသွားတာတော့ မဖြစ်နိုင်လောက်ပါ။ အပေါ့အပါးသွားတာ ထင်တယ်ဟု မှန်းဆကာ ဆက်အိပ်နေလိုက်သည်။

ဒါပေမဲ့ အတော်ကြီး အချိန်ကြာသည်ထိ ဘာ လှုပ်ရှားသံမှ မကြားရ၍ သူ စိတ်ပူသွားမိသည်။

မီးထွန်းကာ အိမ်အောက်ကို ဆင်းပြီး အိမ်သာ တံခါးခေါက်ကြည့်တော့ ဘာတုံ့ပြန်သံမှ မကြားရ။

ဒါဆိုရင် ဖြူလေး ဘယ်သွားတာလဲ။

ဤမျှသော

www.burmeseclassic.com

www.burmeseclassic.com



သူ စိုးရိမ်စိတ်ကြောင့် အိမ်အနှံ့ရှာကြည့်မိသည်။ မတွေ့။ သူ စဉ်းစားမရခြင်းများစွာဖြင့် အိမ်ပေါ်ကို တက်လာပြန်သည်။

မီးထွန်းခွက်ကလေးကို အိပ်ရာဘေးမှ စားပွဲခုံပေါ် တင်လိုက်သည်တွင် စာရွက်ခေါက် ဖြူလေးကို တွေ့လိုက်သည်။

သူက တုံကိုဘာဝေနှင့် စာရွက်ဖြူလေးကို လှမ်းယူကာ ဖတ်လိုက်သည်တွင် ဆောက်တည်ရာမဲ့ ဖြစ်သွားရသည်။ ဟင် . . . ဒါဆို ဖြူလေးက . . .။ ဖြူလေးရဲ့ အဝတ်အိတ်ကို သူ မှန်းရမ်းကာ ရှာဖွေမိလိုက်သည်။ ရှိမနေခဲ့တော့ပါ။ သူ့ရဲ့အဝတ်အိတ်ကလေးသာ အဖော်မဲ့စွာ အထီးကျန်နေတော့သည်။ သူ့ရင်ထဲ ဆွေးမြည့်ကြေကွဲစွာ တဆစ်ဆစ် နာကျင်လာပါသည်။ သဘောဖြူသာ သူ့ရဲ့ဘဝရယ်လို့ ခံယူထားပြီးချိန်မှ . . .

သူ့ရင်ထဲ တဆစ်ဆစ်နာကျင်အုံခဲနေရသည်။ နောက်တော့မှ အတွေးတစ်ခုနှင့်အတူ လန်းဆန်းနိုးကြား



သွားကာ အိမ်ရှေ့ဘက်သို့ ပြေးဆင်းလိုက်သည်။ လမ်းမလယ်ကြီးမှာ အားသွန်ပြေးနေပါသည်။ သူ့ခြေလှမ်းတွေ ဦးတည်နေတာကတော့ ဘူတာကြီးဆီသို့ပါ။ ဘူတာကြီးရှေ့သို့ရောက်လျှင် သူ သိပ်မောဟိုက်နေခဲ့ပါပြီ။ ဘူတာကြီးအနှံ့ တောင်စဉ်ရေမရ ပြေးပြီး ရှာဖွေနေမိပါသည်။ သို့ပေမယ့် နေရာသာ နှံ့သွားသည်၊ ဖြူလေးရဲ့ အရိပ်သဏ္ဍာန်လေးကို မတွေ့ရပါ၊

ဘူတာကြီးမှာ မတွေ့ရ၍ စက်လှေဆိပ်ဘက်သို့ အားကုန်ပြေးလိုက်ပြန်သည်။

စက်လှေဆိပ်မှာလည်း ဟိုဆင်း ဒီဆင်းနှင့် နှံ့ဝပ်အောင် ရှာဖွေနေမိပါသည်။ သို့ပေမယ့် ဖြူလေးရဲ့အရိပ်သဏ္ဍာန်ကို စိုးစဉ်းမှ မတွေ့ရပါ။

ဒါလည်း သူ ဖွဲမလျှော့သေးဘဲ ကားဂိတ်ကို ဦးတည်ကာ အားကုန်ပြေးပြန်သည်။ အသက်ရှူသံ မှုမမှန်နိုင်လောက်အောင်ပင် မောဟိုက်နေ၍ ကားဂိတ်သို့ မရောက်နိုင်ခင်မှာပင် ဒူးညွှတ်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့ခြေထောက်တွေကို အားပြန်သွင်းကာ ဆက်ပြေးပြန်သည်။ နောက်ဆုံးတော့ အဝေးပြေးကားဂိတ်သို့ ရောက်သွားပြန်သည်။ သူ မမောနိုင်ပါ။ ကားဂိတ်မှာ သူ လိုက်စုံစမ်းမေးမြန်းပြန်သည်။ သို့ပေမယ့် ဘာမှ ထူးခြားမလာခဲ့ပါ။ ရှာဖွေတဲ့နေရာမှာလည်း နှံ့နေပြီဖြစ်ရကား သူ စိတ်ဓာတ်ကျသွားမိပါသည်။ ကားဝင်းထဲမှ ခေါင်းငိုက်စိုက်ကျ ထွက်လာခဲ့သည်။ သူ့ခြေထောက်တွေဟာ ကမ္ဘာမြေကြီးပေါ် နင်းနေမိတာမှ ဟုတ်ရဲ့လား သူ မသိပါ။ စိတ်အစဉ်က စကြဝဠာအပြင်ဘက် ထွက်ပြေးနေမိပါသည်။

အိမ်အပြန်လမ်းတစ်လျှောက်လုံးမှာ သူ့စိတ်အစုံဟာ လေးပင်နေရပြီး ရင်ထဲမှာလည်း ပြွတ်သိပ်သိပ်သည်းစွာ ဟာလာဟင်းလင်းကြီး ဆောက်တည်ရာမဲ့ ခံစားနေရသည်။

ဖြူလေး ကိုယ့်ကို ဒီပုံစံအတိုင်းကြီးတော့ ထားသွားသင့်ဘူးကွာ။ ဖြူလေး သိပ်ရက်စက်တယ်။

သူ ဆက်လက်ပြီး လျှောက်လှမ်းနိုင်တော့တဲ့



အင်အား မရှိတော့သဖြင့် ပလက်ဖောင်းဘေးမှာသာ ထိုင်ချပစ်မိတော့သည်။

သူ့ကို အားကိုးတကြီး ဖက်တွယ်တတ်သော ဖြူလေး၊ မိုးခြိမ်းသံကို သေမလောက်ကြောက်သော ဖြူလေး၊ သူ့နှလုံးသားတစ်ခုလုံး အက်ကွဲကုန်ရပါပြီ။

သူကတော့ ချစ်လိုက်ရတာ။ ဖြူလေး သိပ်ရက်စက်တယ်ဟုသာ အကြိမ်ကြိမ် ညည်းတွားနေမိတော့သည်။

မိုးညတုကို နှုတ်ဆက်နေတဲ့ မိုးစက်လက်ကျန်လေးတွေက ဖြိုးဖြိုးဖျောက်ဖျောက် သူ့ခန္ဓာကိုယ်ပေါ် ကျရောက်နားခိုလာပေမယ့်လည်း သူ ထိုမိုးစက်တွေကို သတိမမူမိတော့။ သူ့အာရုံတစ်ခုလုံးကို ဖြူလေးက သိမ်းယူသွားခဲ့ပြီလေ။

သူ့ရှေ့တည့်တည့် လမ်းမကျယ်ပေါ်မှာ ဂျစ်ကားလေးတစ်စီး ထိုးရပ်လိုက်သည်။ ထိုအခါမှ သူ ပတ်ဝန်းကျင်ကို သတိရလာပြီး ကားပေါ်မှ ဆင်းလာသူကို ကြည့်လိုက်တော့ အာဂုဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အာဝုက ပါဠိရဲ့ရှေ့မှာ ခြေစုံရပ်လိုက်တော့ ပါဠိက သူ့ကို စူးစူးနစ်နစ်စိုက်ကြည့်ကာ ငံ့လင့်တကြီး သိုင်းဖက်လိုက်သည်။ ပါဠိရဲ့လက်အစုံက အင်အားတစ်မျိုးနှင့် သူ့ကို အားကိုးနေမိသလိုပင်။

"အာဝု . . . အာဝု . . . သူ . . . ငါ့ကို . . . ထား . . . ထားသွားပြီ"

ပါဠိအသံက မိုးရေတွေနှင့်အတူ မသဲမကွဲကြားလိုက်ရသည်။ တုန်ယင်ပြီး ခြောက်သွေ့နေသော အသံကြောင့် ပါဠိ ငိုနေတယ်ဆိုတာ သူ သိလိုက်သည်။

"ငါ့ကို ထားပစ်ခဲ့ပြီကွာ"

ရှိုက်သံတစ်ဝက်နှင့် ထွက်ပေါ်လာသော ပါဠိအသံကြောင့် သူ့ရင်ထဲ စူးနစ်စွာ ခံစားလိုက်ရသည်။ သူ ဘာလုပ်ရမှာလဲ သူပင် မသိနိုင်တော့ပါ။

သူ့ကို အားကိုးတကြီး သိုင်းဖက်ထားသော ပါဠိရဲ့ ကျောပြင်ကိုသာ လက်ဖဝါးနှင့် ဖွဖွရိုက်ကာ နစ်သိမ့်ပေးမိပါတော့သည်။

———ရွှေပဒေသာ———



"သူ . . . လုပ်ချင်တာလုပ်သွားတယ် အရူးမလေး၊ ငတုံးမလေး"

ဟုပင် မချိတင်ကဲလေး ရောက်တတ်ရာရာ ပြောနေပြန်သည်။ သူ နားလည်သည်ပေါ့။ ပါဠိ ဘယ်လောက် ခံစားနေရမလဲဆိုတာ။

ဘေးလူဖြစ်တဲ့သူတောင် ဒီလောက် ထိရှနာကျင်ခံစားနေရရင် ပါဠိက ကာယကံရှင်လေ။ ကျန်ရစ်ခဲ့တဲ့လူကလည်း အရှုံးမီးပိုင်း ခံစားနေရသလို ထွက်ခွာသွားတဲ့လူကလည်း ရှိုက်သံတွေ ဗရပွနှင့်ပါ။

သဘောဖြူရဲ့စိတ်ရင်းဖြူဖြူလေးကိုလည်း သူ သိပ်ချီးကျူးမိသွားသည်။

မနေ့ညက သဘောဖြူ ဖုန်းဆက်ထားသောကြောင့် သူက အကြောင်းအရင်းကို ဂဃနဏသိနေပါသည်။ ဒါကြောင့်လည်း ဒီမနက်စောစောပင် ပါဠိဆီသို့ နစ်သိမ့်ရန် လာခဲ့တာပါ။ သို့ပေမယ့် အိမ်လေးရောက်တော့ ပါဠိကို မတွေ့ရတော့။

———ရွှေပဒေသာ———

www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ပူမိသွားသည်။ ဒါကြောင့် သူ တစ်မြို့လုံး နှံ့နေအောင် ရှာဖွေမိခဲ့တာပါ။

သဘောဖြူကိုလည်း ထွက်မသွားပါနဲ့ဟု ဘယ်လိုမှ ပြောခွင့်မသာလိုက်တာပင်။ ဘာကြောင့်လဲဆိုတော့ သဘောဖြူက သူပြောချင်ရာပြောပြီး ဖုန်းချသွားသောကြောင့်ပါ။

တစ်ညလုံး သဘောဖြူနဲ့ ပါဠိတို့ရဲ့ဇာတ်ကြောင်းကို အခြေအတင် စဉ်းစားနေမိသည်။

သဘောဖြူ ဒီလို ဆုံးဖြတ်သွားတာ မှန်တယ်ဆိုတာ သိနေပေမယ့်လည်း ဘယ်လိုမှ လက်ခံလို့ မရပါ။

ပါဠိရဲ့မာနကိုလည်း သူ အားကျချီးကျူးမိသလို၊ သဘောဖြူရဲ့ အချစ်ကိုလည်း အားကျမိသည်။ ဒါဆို ဒီကြေကွဲဇာတ်လမ်းရဲ့ တရားခံက ကြီးမေလား။ ဟင့်အင်း ကြီးမေလည်း မဖြစ်နိုင်ပြန်ပါ။ ကြီးမေဘက်က ကြည့်ရင်လည်း မှန်နေပြန်သည်။ ဒီပြဿနာကြီးက ဘောလုံးတစ်လုံးလိုပင်။ ဘယ်ရှုထောင့်က ကြည့်ကြည့် အမှန်တွေချည်းပင်။ သို့ပေ





မယ့် သူလည်းပဲ ဝမ်းနည်းကြေကွဲစွာ ခံစားရပါသည်။ သူသာ အရာအားလုံးကို ချိတ်ဆက်လို့ရမယ်ဆိုရင် ပြေလည်အောင် ချိတ်ဆက်ပေးချင်မိပါသည်။ သို့ပေမယ့် သူကလည်း အားလုံးကို အစိုးရတဲ့ ဧကရာဇ်တစ်ပါးလည်း မဟုတ်လေတော့ ကလေးတစ်ယောက်လို ငိုကြွေးနေသော ပါဠိကိုသာ နှစ်သိမ့်နေမိရုံမှတစ်ပါး အခြားမရှိတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ရက်မှ

လ

လမှ

နှစ်တွေဆီသို့

အကြိမ်ကြိမ်

ကူးပြောင်းလာသောအခါ . . ."

ပြီးပါပြီ

www.burmeseclassic.com

www.burmeseclassic.com



"သားလေး . . . ထတော့လေ"

"ဟာ . . . မေမေကလည်း အိပ်လို့မဝသေးဘူး"

သူမ နှိုးနေပေမယ့် သားက မထပါ။ သားက အိပ်ရေး အလွန်ပုပ်ပါသည်။ ဒါ သူမနဲ့တူတာလေ။ ဒါကြောင့်လည်း ကျောင်း အမြဲနောက်ကျလေ့ရှိသည်။

သူမကလည်း ကုန်စုံဆိုင်လေးက တစ်ဖက်နှင့်မို့ သားကို ထင်ထားတာထက် ပိုပြီး ဂရုမစိုက်နိုင်ခဲ့ပါ။ ဒါကိုပဲ သားက အခွင့်ကောင်းယူပြီး အိပ်နေတတ်ပြန်ပါသည်။

ဒေါ်လေးအေးရှိနေလို့သာပေါ့။ နို့မဟုတ်ရင် သူမနဲ့ သားက မလွယ်ပါ။ သူမမှာတော့ တစ်နေ့တစ်နေ့ ပျာယာ



ခတ်လို့ပင်။ အိမ်မှုကိစ္စက တစ်ဖက်။ သားရဲ့ဝေယျာဝစ္စက တစ်ဖက်။ အိမ်ဆိုင်လေးက တစ်ဖက်နှင့် တစ်နေ့ တစ်နေ့ နားရတယ်ဟူ၍ မရှိ။

"သား . . . ထတော့လေ။ အချိန်လည်းကြည့်ဦး။ သား ကျောင်းနောက်ကျနေလိမ့်မယ်"

"ဟာ...မေမေကလည်း အိပ်ချင်ပါသေးတယ်ဆို"

"သား ဒီလိုသာ ဆက်အိပ်နေမယ်ဆိုရင် မေမေ စိတ်ဆိုးတော့မှာနော်"

"မေမေက ဘယ်လိုစိတ်ဆိုးမှာလဲ။ စိတ်လည်း မဆိုးတတ်ဘဲနဲ့"

သားက အပျင်းလေးပီပီ စကားပြောနေပေမယ့် မျက်လုံးကတော့မဖွင့်ပါ။

"ဆိုးတတ်တာပေါ့။ သားကိုလည်း ဂရုမစိုက်တော့ဘူး။ ကျောင်းကိုလည်း အကြိုအပို့ မလုပ်တော့ဘူး"

"အဲ့လိုတော့ မလုပ်ပါနဲ့ မေမေလေးရဲ့"

ဟုဆိုကာ သားက ထလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားရယ် မေမေက အလုပ်မအားတာနဲ့ မနက်ဘက်ဆို အချိန်မှန်မှန်ထမှပေါ့"

သူမက ပြုံးစစလေးပြောလိုက်လျှင် သားက ရယ်မနေပြန်သည်။ သူမက ပြုံးစိစိလေးလုပ်နေသော သားကို ချစ်စနိုးလေး ငုံ့မွှေးလိုက်ပြန်သည်။

"မေမေ သားက ဖေဖေနဲ့တူသလားဟင်"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ရန်နောင်က သူ့ဖေဖေနဲ့တူလို့ ချောတာလို့ သူ့မေမေက ပြောတာတဲ့"

"အင်း . . . သားလည်း သားဖေဖေနဲ့ သိပ်တူပါတယ်။ သားလည်း ချောတယ်။ သားဖေဖေလည်း ချောတယ်"

"အခုမှပဲ အဆင်ပြေသွားတော့တယ်၊ သားက ဖေဖေနဲ့တူပါ့မလားလို့ စိုးရိမ်နေတာ။ မေမေ ဖေဖေက ဘယ်တော့ ပြန်လာမှာတဲ့လဲ။ ရန်နောင်ရဲ့ဖေဖေက နောက်လဆို ပြန်လာတော့မှာတဲ့"





"ပြန်လာမှာပေါ့ သားရယ်။ သားဖေဖေက ပိုက်ဆံတွေ အများကြီးရအောင် စုနေတုန်းမို့ သူများထက် ပိုကြာနေတာပေါ့"

"ဒါဆို ဖေဖေ ပြန်လာရင် သားက ကားအကောင်းတားနဲ့ ကျောင်းတက်ရတော့မှာပေါ့နော် မေမေ"

"ဒါပေါ့"

"သားအမိတွေ စကားပြောနေလိုက်ကြတာ အချိန်လည်းကြည့်ဦး။ ကျောင်းနောက်ကျနေပြန်ဦးမယ်"

ဟု ဒေါ်လေးအေးက ဆိုင်ရှေ့မှ လှမ်းအော်သတိပေးတော့မှ သူမတို့သားအမိမှာ ပြုံးစိစိလေးလုပ်လိုက်ကြပြီး သားကို ရေချိုးပေးရန် အကျီချွတ်ပေးလိုက်သည်။

သားကို ပြင်ဆင်ပေးပြီးချိန်မှာ ဈေးခြင်းလေးကို တစ်ဖက်၊ သားကို တစ်ဖက်ဆွဲကာ ထွက်လာလိုက်သည်။ သားကို ကျောင်းပို့ပြီးရင် တစ်ခါတည်း ဈေးဝင်ဝယ်သွားဖို့ပဲဖြစ်သည်။

အခုအချိန်မှာတော့ သားသာလျှင် သူမရဲ့ဘဝ၊



www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်၊ မျှော်လင့်ချက်၊ အသက်များသာတည်း။

သားက ဖေဖေ ဘယ်တော့ပြန်လာမှာလဲဟု မေးလာသောအခါတိုင်းမှာ သူမ ရင်နှင့်မဆန့်အောင် ခံစားရပေမယ့် စိတ်ရှည်လက်ရှည်ပင် သားကို လိမ်ညာထားမိဆဲပင်။

ကိုနဲ့ပတ်သက်ပြီးသားကို အိပ်ရာဝင်ပုံပြင်တစ်ပုဒ်လို ပြောပြနေတတ်သော သူမက ဘယ်ဆီရောက်နေမှန်းမသိတဲ့ ကို့ကို နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတယ်ဟုလည်း လိမ်တတ်နေပြန်သည်။

စကားသိပ်တတ်ပြီး ကိုနဲ့သိပ်တူတဲ့ သားလေးကြောင့် သူမမှာ ဘဝကို ကြမ်းတယ် မောတယ်ဟုပင် မခံစားမိတော့။

ဒီခုနစ်နှစ်သာဆိုတဲ့ ကာလတစ်လျှောက်လုံးမှာလည်း ကို့ကို နေ့ညမပြတ် သတိရလွမ်းဆွတ်နေခဲ့ရသည်ပဲမဟုတ်ပါလား။ ဒီသတိရစိတ်တွေနဲ့အတူ သားကို ပြုစု ပျိုးထောင်လာခဲ့သည်မှာ အခုဆို သားက ပထမတန်းကျောင်းသားလေးပင် ဖြစ်လို့လာခဲ့ပါပြီ။





သားက လူကြီးလေးတစ်ယောက်ဖြစ်လာသည်နှင့်အမျှ မမြင်ဖူးခဲ့သော ဖေဖေဆိုတဲ့ ပုဂ္ဂိုလ်လေးတစ်ယောက်ကို တမ်းတလွမ်းလာတတ်ပါပြီ။

သူမက ကို့ပုံစံကို အလွတ်တမ်းပြောနိုင်ပေမယ့် အခု ဖေဖေက ဘယ်မှာလဲဟင်လို့ မေးလာသောအခါမှာတော့ သူမက အု အု အ အ နှင့် ရုတ်တရက် မဖြေနိုင်ခဲ့ပါ။

သားမေးတဲ့မေးခွန်းကို သူမလည်း တစ်ကိုယ်ရည်တိတ်တဆိတ် မေးခဲ့ဖူးပါသည်။ ကို ဘယ်မှာလဲဆိုတာ သူမကိုယ်တိုင် မသိပါ။ မြစ်ကြီးနားမှာပဲလား၊ ဒီရန်ကုန်မြို့ပေါ်မှာလား။ ဒါမှမဟုတ် နိုင်ငံရပ်ခြားမှာလား။ သူမ မမှန်းဆနိုင်ပါ။

ကို့ကို ထားခဲ့ပါသည်ဆိုတည်းက မြစ်ကြီးနားမြို့ကြီးကိုပါ အဆက်အသွယ်ဖြတ်ပစ်ခဲ့တာ အခုချိန်ထိပင်။

သူမ ကို့ကို ထားခဲ့ပြီးချိန်မှာ စိတ်လေလေနှင့် ဘယ်သွားရမှန်းမသိဖြစ်နေစဉ် ညရထားဆိုက်နေတာနဲ့ ကြုံ၍ လိုက်စီးပြီး ရောက်ရာပေါက်ရာ ခရီးထွက်ခဲ့မိသည်။

ကံကောင်းချင်တော့ ရထားပေါ်မှာ ဒေါ်လေးအေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆုံမိပြီး ရန်ကုန်မြို့ပေါ်မှာ ‘ခုလို အခြေကျကျနေနိုင်ခြင်းပင်။ ဆွေမရှိ မျိုးမရှိ အပျိုကြီး ဒေါ်လေးအေးက သူမကို သမီးတစ်ယောက်နယ် ချစ်ခင်ရှာသလို၊ သူမကလည်း ဒေါ်လေးအေးကို အမေတစ်ယောက်နယ် ရှိသေအားကိုးခဲ့ရပါသည်။

တစ်ချိန်လုံး ငိုကြွေးနေသော သူမကို ဒေါ်လေးအေးက သိပ်သနားခဲ့တာဟု ဆိုလာပါသည်။ ဒေါ်လေးအေးက အပျိုကြီးဆိုပေမယ့်လည်း အေးအေးလူလူသာ နေတတ်သည့် အမျိုးသမီးကြီးပင်။

ကိုယ်ဝန်ပါလာသော သူမကို ဘာမှ စပ်စပ်စုစု မေးမေးမြန်းမြန်းမလုပ်ပါ။ သူမကလည်း ဒေါ်လေးအေးကို ဘာတစ်ခုမှ ထွေထွေထူးထူး မပြောပြဖြစ်။ သူ့ရဲ့ အမျိုးသားရဲ့ အမည်က ပါဠိလို့ခေါ်တယ်ဆိုတာရယ်၊ သူ့မှာက ဆွေမရှိ မျိုးမရှိ၊ ယောကျ်ားနဲ့ကွဲနေတယ်ဆိုတာရယ် ဒါကိုပဲ ဒေါ်လေးအေးက သိထားပါသည်။ သူမအကြောင်းကလည်း ဘာမှ ထွေထွေထူးထူး ရှိမနေ၍ အကျယ်တဝံ့ မပြောဖြစ်တာပင်။

ဒေါ်လေးအေးက သားကိုလည်း မြေးအရင်းလေး





လို သံယောဇဉ်တွယ်နေပါသည်။ အခုမှ သူမက မိသားစုအသိုက်အမြုံလေးနှင့်ဖြစ်တည်လာရ၍ ကိုကို လွမ်းသော စိတ်ဖနရောမှာ သားနှင့်အစားထိုးလာတတ်ပြီ။

ကိုကိုမေးချင်နေတာက ကို ငယ်ငယ်ကရော သားလို သိပ်တတ်တာပဲလားလို့ပင်။

သို့သော် ကိုကရော သူမကို သတိရနေဦးမှာလား။



www.burmeseclassic.com

www.burmeseclassic.com



"သား အရွယ်က အိမ်ထောင်ပြုသင့်ပြီလို့ ဖေဖေ ပြောချင်တယ်"

"သား အိမ်ထောင်ပြုပြီးပါပြီ ဖေဖေ"

"မဟုတ်သေးဘူး သား"

"ဟုတ်ပါတယ်။ သားရဲ့ဇနီးက လောကမှာ သဘောဖြူ တစ်ယောက်တည်းပါ။ သဘောဖြူအပြင် နောက်တစ်ယောက် ထပ်မရှိနိုင်ပါဘူး"

"မဟုတ်သေးဘူး သား။ သား ဒီလိုအဘွဲ့အလမ်းကြီး နေတာကို မဟုတ်သေးတာပါ။ အချိန်တွေပဲ ဘယ်လောက်ကြာခဲ့ပြီလဲ။ သူလည်း သူ့ဘဝနဲ့သူ ဖြစ်နေတော့မှာပေါ့"

ဤမျှသာ



"သဘောဖြူရဲ့သစ္စာကို သား ယုံတယ်။ သားရင်ထဲမှာလည်း အက်ရာတွေက အစိမ်းလိုက် အရှင်လတ်လတ်ကြီး ရှိသေးတယ်။ သား ဖြူလေးကို တစ်နေ့တော့ တွေ့ကို တွေ့ရမယ်"

သူ့ရဲ့နိုင်မာပြတ်သားလှတဲ့ စကားများကြောင့် ဦးမာလှ သက်ပြင်းမောကိုသာ ခိုးရှိုက်မိတော့သည်။ သားဟာ တည်ကြည်ခန့်ညားသူ၊ စီးပွားရေးလောကမှာ လျှမ်းလျှမ်းတောက် အောင်မြင်နေသူဖြစ်၍ မိန်းကလေးရှင်များက သမက်အဖြစ် ကြည့်ရှုနေခဲ့ပါသည်။

လုပ်ငန်းကိစ္စတွေမှာ ပါဠိနဲ့ ယှဉ်လာရမယ်ဆိုရင် လူတော်တော်များများက ရှိန်နေတတ်ကြသလို၊ တိကျပြတ်သားလွန်းတဲ့သူ့ကို သမီးရှင်များကလည်း ပေါ်တင်ကြီး မစပ်ဟပ်ရဲကြ။

မသိမသာ လမ်းကြောင်းလာတတ်သူများကိုလည်း သူက မသိကျိုးကျွံပြုနေတတ်သလို ပေါ်တင်ကြီးဆိုရင် သူက အားမနာ ဟန်မဆောင်ဘဲ ပွင့်ပွင့်လင်းလင်းကြီးမင်

ဤမျှသာ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရှိပြီးသားဟု ယတိပြတ် ငြင်းပစ်တတ်သည်။

အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး သိပ်ပြတ်သား လွန်းတဲ့ ပါဠိကို ဦးမာလုပင် လက်မြှောက်အရှုံးပေးထားရ သည်။

သား သိပ်စွဲလမ်းနေတဲ့ သဘောဖြူဆိုသော မိန်းကလေးကို တွေ့ချင်မိတဲ့စိတ်ဆန္ဒက တစ်နေ့တစ်ခြား ပြင်းပြလာရသည်။

သားဟာ ဒီလောက်အစွဲအလမ်း ကြီးလိမ့်မယ်လို့ မထင်ခဲ့သည့်အတွက် သတင်းစာကို ဖတ်မိတိုင်း သားရဲ့ ကြီးမေ ကြေကွဲထိခိုက်နေရတာလည်း မြင်သူတကာ စိတ် မချမ်းမြေ့ဖွယ်ပင်။

သားကလည်း သဘောဖြူပျောက်သွားပြီးသော နေ့မှစ၍ ဒါ ကြီးမေကြောင့်ဟုသာ ဆိုပြီး သူ့ကြီးမေနှင့် စကား မပြောတော့တာ အခုချိန်ထိပင်။

သားရဲ့ ကြီးမေကလည်း သူမအပြစ်တွေပါနေ သည်မို့ ပျောက်သွားသော သဘောဖြူကို လက်လှမ်းမီသ

—ရှုမဝ—



လောက် ရှာဖွေနေသည်ဟု သိရသည်။

အဖြစ်အပျက်တွေက မယုံကြည်နိုင်လောက် အောင်ပင်။ သားကလည်း ဒီရန်ကုန်မြို့ကို ပြန်ရောက်တော့ မြစ်ကြီးနားမှာတုန်းကလို အရှုးမီးပိုင်း ပူဆွေးမနေတော့ဘဲ ဘဝကိုရော စိတ်ကိုပါ စီးပွားရေးကိစ္စတွေမှာ နှစ်မြှုပ်ထား လာသည်။

ငယ်ရွယ်ဖျတ်လတ် တက်ကြွတဲ့သားက ထင်ထား သည်ထက်ပင် အောင်မြင်လာခဲ့သည်။

ပြီးတော့ သားက ခြံဝင်းကျယ်ကြီးတစ်ခုကို ဝယ် ကာ သူ့စိတ်ကြိုက် အိမ်တစ်ဆောင်ကို ဆောက်လုပ်နေခဲ့ သည်။ အိမ်ကြီးမှာ ကြီးကျယ်ခမ်းနားပြီး မြက်ခင်းပြင်ကစား ကွင်းကြီးနဲ့မို့ ထည်ဝါလွန်းလှပေမယ့် ပိုင်ရှင်မဲ့နေပါသည်။ ဒီအိမ်ကြီးရဲ့ အရှင်သခင်မက သဘောဖြူတဲ့လေ။

သူတို့ ဘာတတ်နိုင်တော့မှာတဲ့လဲ။

သားက အချိန်ရတိုင်း ထိုအိမ်လေးကိုသာ အမျိုး မျိုး ပြုပြင်မွမ်းမံနေတတ်သည်။

—ရှုမဝ—

www.burmeseclassic.com

www.burmeseclassic.com



သဘောဖြူကို တစ်နေ့တွေ့ရမယ်ဆိုတဲ့ သားရဲ့ ယုံကြည်မှုအစွဲကို ဘယ်အရာမျိုးကမှ တွန်းလှန်နိုင်တော့မည်မဟုတ်။ ဒါကြောင့် သဘောဖြူကို အမြန်တွေ့ဖို့သာ ဘုရားရှင်ထံ ဆုပန်ရပေတော့မည်။



"အိပ်မက်ကမ္ဘာ" ဟု နာမည်ပေးထားသော အိမ်ကြီးကိုသာ သူ အမျိုးမျိုး ပြုပြင်မွမ်းမံနေမိသည်။ အိပ်ခန်းကျယ်ကြီးထဲကို ဝင်လိုက်သည်တွင် ခမ်းနားတောက်ပနေသော နှစ်ယောက်အိပ် ခုတင်ကျယ်ကြီးက ထည်ဝါစွာကြိုဆိုနေခဲ့သည်။

"ဒါ ဖြူလေးကို ကိုယ် လက်ဆောင်ပေးမယ့် မင်္ဂလာအိပ်ခန်းပေါ့။ တောင်းပန်ပါတယ် ဖြူလေး။ ကိုယ်က မပြည့်စုံခဲ့လို့ မင်းကို မင်္ဂလာခန်းကောင်းကောင်းနဲ့ မထားနိုင်ခဲ့ဘူး။ မင်း စိတ်ချပါ။ ကိုယ် မင်းကို သာယာပျော်ရွှင်အောင် ထားပါတော့မယ်။ ဟိုး မြက်ခင်းပြင်ကြီးကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါဦး။ အရမ်းလှတယ်နော်။ အဲ့ဒါ ကိုယ့်စိတ်ကြိုက် ဖန်တီးထားတာ။ ညနေခင်းတွေဆို အဲ့ဒီမြက်ခင်းပြင်မှာ အပန်းဖြေမယ်။ ပြီးတော့ သားတွေ သမီးတွေ ဆော့ကစားနေတာကို ကိုယ်နဲ့မင်းက ကြည့်ရင်း ရယ်ကြမယ်။ တကယ်လို့ မင်းကို ကိုယ်တွေ့တဲ့အချိန်မှာ မင်းက သားသမီးမရနိုင်တော့ရင်လည်း ကိုယ် ကျေနပ်ပါတယ်။ ကိုယ့်နားမှာ မင်းရှိရင်ပဲ အရာရာ ပြည့်စုံပါပြီ။ မင်းနဲ့ကိုယ် တွေ့ခဲ့ကြရင် ကိုယ်တို့ကို ဆုံစည်းစေတဲ့ မြစ်ကြီးနားကိုလည်း သွားမယ်။ ဟန်းနီးမွန်းအဖြစ် ကမ္ဘာကြီးကို ပတ်ပြီးလည်ပတ်လိုက်ရအောင်နော်"

ဟု တစ်ကိုယ်ရည် ညည်းတွားနေလိုက်သည်။

ဒီလိုအချိန်တွေဆို အနာဂတ်ဆိုတာမျိုးကို ရေးရေးလေးတွေးပြီး ပျော်ရွှင်မိသလို၊ ကြေကွဲထိရှမှုကိုလည်း ခံစားရပါ၏။

"အိပ်မက်ကမ္ဘာ" မှာ အချိန်ကြာကြာ ဖြုန်းပစ်ပြီးမှ ဒီနေ့ အနားယူချင်လာ၍ အိမ်ကို စောစောပြန်လာမိပါသည်။

အပြန်လမ်းမှာ မိုးက သည်းထန်စွာရွာချလာသည်။





မိုးရွာလာ၍ သူ အတိတ်ကို ချက်ချင်းသတိရသွားသည်။ ဒီလို ထစ်ချုန်းမိုးလေးများက သူ့ကို အမှတ်တရများစွာတို့ ပေးခဲ့ဖူးသည် မဟုတ်ပါလား။

ကားမောင်းချင်စိတ်လည်း မရှိတော့၍ ကားကို လမ်းဘေးချရပ်ကာ မိုးစက်မိုးပေါက်လေးများကို ငေးကြည့်နေလိုက်သည်။

သူ့အာရုံထဲမှာတော့ မိုးရွာထဲမှာ မိုးခြိမ်းသံကို သိပ်ကြောက်နေသော ဖြူလေးရဲ့ ပုံရိပ်များကိုသာ အထပ်ထပ် မြင်ယောင်မိနေပါတော့သည်။

သူက မိုးစက်တွေကို တောင်စဉ်ရေမရ ကြည့်ရှုငေးမောနေစဉ် သူ့မြင်ကွင်းထဲ ကလေးငယ်တစ်ယောက် တိုးဝင်လာသည်။

မိုးလွတ်ရာကို မရှောင်ဘဲ မိုးရေထဲမှာ ကျောင်းဝတ်စုံလေးနှင့် အုတ်ခုံပေါ်ထိုင်နေသော ကလေးငယ်တစ်ယောက်။ ထိုကလေးငယ်ကြောင့် ဖြူလေးကို ပို၍ သတိရသွားမိသည်။ က^^ားမှာ မိုးရေတွေကြောင့် ချမ်းနေပုံပေါ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်ကလေးပိုက်ကာ အုတ်နံ့ပေါ်မှာ ငြိမ်သက်နေသည်။

သူ ဘာမှစဉ်းစားမနေတော့ဘဲ ထီးတစ်လက် ယူကာ ကားပေါ်မှ ဆင်းလိုက်ပြီး ကလေးငယ်ကို မိုးပေးလိုက်သည်။ ထိုအခါမှ ကလေးငယ်က သူ့ကို မော့ကြည့်လာသည်။

ထိုကလေးငယ်ရဲ့မျက်နှာကို မြင်လိုက်ရချိန်မှာ သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။ ဘာကြောင့်လဲ။ ဒီကလေးဟာ ဘယ်သူနဲ့တူတာလဲ။ သူ့ရင်ထဲ ဇဝေဇဝါဖြစ်သွားသည်။ ကလေးရဲ့မျက်ဝန်းလုံးလေးဂတွ . . . သူ့ရင်ထဲ ဘာကြောင့်မှန်းမသိ ဝမ်းနည်းနေမိသည်။ ကြည်ကြည်စင်စင်လေး ကြည့်နေသော ကလေးငယ်ရဲ့အကြည့်များက သူနှင့်ရင်းနှီးနေသလိုပင်။

ပြီးတော့ ကလေးငယ်က သူ ငယ်ငယ်ကနှင့် သိပ်တူနေသလားဟု ထင်လိုက်မိသည်။ သူနှင့် သိပ်ဆင်လွန်းသည့် ကလေးကို သူ ခင်သွားမိသည်။ သူက ထီးကို လှမ်းပေးကာ . . .

○——ရွှေဥဒေါင်း——○



"ယူလေ . . . သား"

ကလေးက မလှုပ်မယှက်လေးနှင့် သူ့ကို ကြောင်နနလေး ကြည့်နေပြန်သည်။

"သားက ဘာဖြစ်လို့ မိုးရေထဲမှာ ထိုင်နေရတာလဲ"

"သား . . . ဒီလိုနေရတာ နှစ်သက်လို့ပါ"

"ဟာ . . . မင်းဖျားမှာမစိုးရိမ်ဘူးလား"

"ဟွန့်အွန်း . . . သားက မိုးရေတွေကို ခံနိုင်ရည် ရှိတယ် ဦးရဲ့။ သားရဲ့ဖေဖေနဲ့မေမေက ခုလို မိုးသည်းနေ့မှာပဲ ဆုံခဲ့ကြတာတဲ့"

ထိုကလေးရဲ့စကားတွေက သူ့ကို အတိတ်ပုံရိပ်တွေဆီသို့ ကွန့်မြူးသွားစေသည်။

"သား . . . ဘာဖြစ်လို့ အိမ်မပြန်သေးတာလဲ။ အိမ်က သိပ်ဝေးလို့လား။ ဦး လိုက်ပို့ပေးမယ်လေ"

"ဟင့်အင်း . . . သားမေမေက မှာထားတယ်။ ဘယ်သူခေါ်ခေါ် မလိုက်ရဘူးတဲ့"

"သားက ဦးကို မယုံလို့လား"

○——ရွှေဥဒေါင်း——○

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . ဦးကို သားက ချစ်ပြီးသားပါ။ မေမေ က နောက်ကျလည်း လာကြိုမှာ ဦးရဲ့"

"သားမေမေ လာမကြိုခင် ဒါလေးဆောင်းထား လိုက်နော်"

ဟုဆိုကာ သူ့ထီးလေးကို ကလေးလက်ထဲ ထည့် ကာ ပြန်လာလိုက်သည်။

ကလေးမှာ ထူးဆန်းတဲ့သူ့ကို တုံကျိဘာဝေနှင့် ကြည့်နေလိုက်သည်။

သူက ကလေးငယ်ကို ပြုံးပြနှုတ်ဆက်ပြီး ကား စက်ကို နှိုးလိုက်သည်။

ကလေးငယ်မှာ သူ့ကို လက်ပြနှုတ်ဆက်ရင်း ကျန် ခဲ့ပါတော့သည်။

ဘာကြောင့်မှန်းမသိ။ သူ ထိုကလေးငယ်ကို ခင် မင်သွားရသည်။ မိုးရေထဲမှာ တွေ့ခဲ့ရ၍လား၊ ဒါလည်း မဖြစ် နိုင်။ ကလေးငယ်ရဲ့မျက်ဝန်းလေးကြောင့်လား၊ ဒါလည်း မဟုတ်ပြန်။ သူနဲ့တူလွန်း၍လား။ ဒါလည်း မဟုတ်။ ဒါဆို ဘာ





ကြောင့် ခင်မင်နေရပါလိမ့်။

အကြောင်းအကျိုးကို သေချာအောင် မဖော်ခဲ့တတ် ပေမယ့် ကလေးကို သူ ခင်မိတာကတော့ သေချာလှပါ သည်။

သူ ဒီလိုကြီး ကြည်ကြည်ရွှင်ရွှင်ကြီး မပြုံးဖြစ်တာ လည်း ကြာခဲ့ပါပြီ။ ကလေးငယ်နဲ့သူ ဘာကြောင့် စိတ်ကြည် လင်လန်းဆန်းနေရတာပါလဲ။ သူ မသိပါ။

သေချာတာကတော့ နောက်တစ်ခါလည်း ဒီ ကလေးငယ်နှင့် ထပ်ဆုံချင်မိသေးတယ် ဆိုတာပါပဲ။

ကလေးငယ်ရဲ့ပုံမှာ တည်တည်ကြည်ကြည်လေး မို့ သူ နှစ်သက်သဘောကျမိနေတာလည်း ဖြစ်နိုင်ပေမည်။

ဒီနေ့တော့ သူ့အာရုံထဲကို ကလေးငယ်ကပဲ ကြီးစိုး မင်းမူနေခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မနေ့က ကလေးငယ်နှင့်တွေ့ခဲ့သော ကျောင်းရှေ့က အဖြတ်မှာ သူ ထိုကလေးကို သတိရလာ၍ အုတ်ခုံလေးကို လှမ်းကြည့်မိလိုက်သည့်တွင် အုတ်ခုံပေါ်မှာ ကလေးကို ထိုင်နေလျက်တွေ့လိုက်ရသည်။

ကားကို တံ့ခနဲမဆိုင်းမတွ ရပ်မိလိုက်ကာ ကားတံခါးကို ဖွင့်ပြီး ဆင်းလိုက်သည်။

ကလေးဟာ မည်သူမည်ဝါမှန်းမသိပါဘဲနဲ့ ကလေးကို သံယောဇဉ်တွယ်မိနေတာတော့ အဆန်းသားပင်။

ကလေးက သူ့ကိုမြင်တော့ မှတ်မိနေသည် ထင်သည်။ ပြုံးပြနှုတ်ဆက်နေသည်။



"မေမေ့ကို စောင့်နေတာလား"

"ဟုတ်"

"မင်းမေမေက အမြဲ ဒီလိုပဲ နောက်ကျတတ်သလား"

"တစ်ခါတစ်ရံ အမြဲလိုလို နောက်ကျတတ်ပါတယ်"

"ဟာ . . . ဘယ်လိုကြီးလဲကွ"

"မေမေက သိပ်အလုပ်များတာ။ ဆိုင်အလုပ်ရော၊ အိမ်အလုပ်ရောပဲ"

"သားအိမ်က အရမ်းဝေးလို့လား"

"ဟင့်အင်း . . . မဝေးပါဘူး။ သားဘာသာလည်း ပြန်တတ်တယ်။ မေမေက လာမကြိုမချင်း မပြန်ရဘူးလို့ မှာထားလို့ပါ ဦး"

"စောင့်နေရတာ သား မပျင်းဘူးလား"

"ဟင့်အင်း"

"ဦး စောင့်ကူရမလား"

www.burmeseclassic.com

www.burmeseclassic.com



"ဦးအလုပ်ပျက်မှာပေါ့"

သူ ရယ်ချင်သွားရသည်။ ကလေးက သိပ်သိတတ် နားလည်နေလို့ပါ။

"ဦးက ရယ်လိုက်ရင် သိပ်ချောတာပဲ။ ဖေဖေလည်း ရယ်နေရင် သိပ်ချောတာလို့ မေမေက ပြောတယ်"

"ဟွန် . . . မေမေက ပြောတယ် ဟုတ်လား"

"ဟုတ်"

"သားဖေဖေ ချောတယ် မချောဘူး သားက မသိဘူးလား"

"ဟင့်အင်း။ ဦး နိုင်ငံခြားရောက်ဖူးလား"

"ရောက်ဖူးတာပေါ့ကွ"

"အဝေးကြီးလားဟင်"

"အွန်း . . . အဝေးကြီး ဝေးတယ်။ လေယာဉ်ပျံတွေ စီးရတယ်"

"အဲ့ဒီနိုင်ငံခြားမှာက ပိုက်ဆံတွေ အများကြီးရှိလား ဟင်"



"အင်း . . . အများကြီးရှိတာပေါ့"

"ဦးကလည်း နိုင်ငံခြားမှာ ပိုက်ဆံသွားရှာတာပေါ့ ဟုတ်လား"

"အင်း . . . ဦးက . . . ဆိုပါတော့ကွာ"

"သားရဲ့ဖေဖေက နိုင်ငံခြားမှာ ပိုက်ဆံသွားရှာနေတာတဲ့ မေမေကပြောတယ်။ ဖေဖေက ပိုက်ဆံတွေ အများကြီးရမှ ပြန်လာမှာတဲ့။ ဪ . . . ဦး . . . ဦးရဲ့ထီးကို သား နောက်နေ့မှပဲ ပေးတော့မယ်"

"ဦးက သားကို အပိုင်ပေးတာလေ။ မပေးနဲ့တော့"

"ဦးက သိပ်သဘောကောင်းတာပဲ"

"မင်းက သိပ်စကားတတ်တာပဲ။ မင်းကို ဦးက ခင်သွားလို့ မင်းနဲ့တွေ့ရအောင် ဒီဘက်ပတ်လာတာ"

"ဒါဆို ဦးက သားကို သံယောဇဉ်ရှိလို့ပေါ့နော်"

"အေးပေါ့ကွ"

"ဒါဆို ဦးလည်း သားကို ချစ်တာပေါ့"

"ဟား . . . အေးပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com



"သားဖေဖေကရော သားကို ချစ်မှာလား မသိဘူးနော်"

"ချစ်မှာပေါ့ကွ"

"ဦးမှာရော သားရှိလားဟင်"

ကလေးရဲ့စကားကြောင့် သူ ဆွံ့အတုံ့ဆိုင်းသွားရသည်။ ဒီလိုမေးခွန်းမျိုးကို သူ တစ်ကြိမ်တစ်ခါမှ တွေးမကြည့်ခဲ့ဖူးလို့ပါ။

သူ့မှာ သားသမီးရှိနေသလား၊ မရှိနေဘူးလား။

ဒါကို သူကိုယ်တိုင်ပင် မစဉ်းစားတတ်ပါ။ ရှိလိမ့်မည်ဟုလည်း စိတ်ကူးဖြင့် မရှုးသွပ်ရဲသလို မရှိဘူးဟုလည်း မတွေးမိပြန်ပါ။

ဒါကြောင့် သားရဲ့အမေးကို သူ မဖြေလိုက်နိုင်ပါ။ သားရဲ့အမေးစကားကြောင့် သူ့မှာ ဇဝေဇဝါနှင့် သဘောဖြူကိုသာ အပူတပြင်းရှာဖွေဖို့ ဆုံးဖြတ်မိလိုက်ပြန်သည်။

ရုတ်တရက်ပျက်ယွင်းသွားသော သူ့မျက်နှာကို သားက မျက်နှာငယ်လေးနှင့်ကြည့်ကာ . . .



"တောင်းပန်ပါတယ် ဦး။ ဦး စိတ်မကောင်းဖြစ်သွားပြီနဲ့တူတယ်"

"ဟာကွာ"

ဆိုပြီး မလုံမလဲနှင့် ကလေးရဲ့ခေါင်းကိုသာ ဖွဖွပွတ်လိုက်မိသည်။

"သားနာမည် ဘယ်လိုခေါ်သလဲ"

"ထစ်ချွန်းမိုး"

"ဟင်"

ဒီအခါ အံ့ဩသွားမိသူက သူကိုယ်၌ရယ်ပါ။

အဲဒီနာမည်လေးက သူ့ကို အတိတ်ဆီသို့ ခေါ်ဆောင်သွားသလို ခံစားလိုက်ရသည်။

သူ ထိုနာမည်ကို ကြားလိုက်ရချိန်မှာတော့ ဟန်ပင်မဆောင်နိုင်တော့ဘဲ မျက်နှာပျက်ယွင်းသွားရသည်။

သူ့ရင်ထဲမှာ ထိရှကြေကွဲစွာ ခံစားနေရပါသည်။ သားရဲ့ခေါင်းလေးကို ဖွဖွပွတ်ပေးကာ လေးပင်စွာပင် ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ကလေးကိုပင် ပြုံးပြနှုတ်မဆက်နိုင်တော့ဘဲ ကားကို လေးပင်စွာမောင်းလိုက်သည်။

ကားဘီးတစ်လှိမ့်နှစ်လှိမ့်လေးအရောက်တွင် . . .

"သား"

"ဟာ . . . မေမေ။ မေမေ နည်းနည်းလေးနောက်ကျသွားတယ်။ ဟိုမှာ ဦးဦးရဲ့ကားလေ"

"သားကို ထီးပေးလိုက်တဲ့ ဦးဦးလား"

"ဟုတ်"

"လူဆိုးမှန်းမသိ၊ လူကောင်းမှန်းမသိ ဖွတ်မခင်ရဘူးနော် သား"

"ဟာ . . . မေမေကလည်း ဦးက လူဆိုးမဟုတ်ပါဘူး။ နှုတ်ခမ်းမွေးလည်းမပါဘူး။ အသားကလည်း မမည်းဘူး။ ဦးက သိပ်ချောတာမေမေရဲ့။ ဦးက လူကောင်းပါ။ ပြီးတော့ ဖေဖေနဲ့လည်းသိပ်တူတာ"

"ဟမ်"

သားအပြောကြောင့် သူမပင် ကြောင်နသွားရ





သည်။

"ဖေဖေက ပြုံးရင်သိပ်ချောတာဆို။ မေမေပဲပြောတာလေ။ ဦးကလည်း ပြုံးရင်သိပ်ချောတာ"

ထိုအခါမှ သူမက သဘောပေါက်သွားရသည်။ သူ့အဖေအကြောင်းပြောပြရင်း စိတ်ဝင်တစား နားထောင်တတ်တဲ့ သားက သူမပြောသမျှကိုလည်း တစ်လုံးမကျန် မှတ်မိနေပြန်သည်။

"ဦးက သားကို စိတ်ကောက်သွားတာလား မသိဘူး။ သားကိုတောင် နှုတ်ဆက်မသွားတော့ဘူး"

သားက ငြူငြူစူစူလေးပြောလာချိန် . . .

"သားက ဦးဦးကို ဘာပြောလိုက်လို့လဲ"

"သားနာမည်ကိုမေးလို့ ထစ်ချွန်းမိုးလို့ပဲ ဖြေလိုက်တာလေ"

သူမမှာ ပြုံးပြီးမှသာ သားကို ကြည့်နေမိတော့သည်။

"မေမေ သားနာမည်ကိုကြားရင် လူတွေက



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါပြန်မေးကြတယ်။ အဲဒါ ဘာဖြစ်လို့လဲဟင်"

"သားနာမည်က ထူးဆန်းလို့ဖြစ်မှာပေါ့"

"မေမေက ဘာဖြစ်လို့ အဲလိုထူးဆန်းတဲ့နာမည် ပေးရတာလဲဟင်"

"မေမေက အဲဒီထစ်ချုန်းမိုးလေးတွေကို သိပ်ချစ်လို့ပေါ့"

"ဦးက သားကို သံယောဇဉ်ရှိတယ်တဲ့၊ ချစ်တယ်တဲ့။ အဲဒါ ကောင်းတယ်မဟုတ်လားဟင်"

"ကောင်းတာပေါ့ သားရဲ့၊ မုန်းတာမှမကောင်းတာ"

ဟု သူမက ရယ်ကျဲကျဲလေးပြောလိုက်သည်။

ဒါကိုပဲ သားက ကျေနပ်သွား၍ထင်သည်။ မျက်နှာလေးက ဝင်းပပြီး ကြည်စင်လာသည်။

သားရဲ့အပြုံးတွေက သူမအတွက် ခွန်အားဖြစ်စေခဲ့တာပါ။



ဒီနေ့လည်း သူ ထိုကလေးငယ်ကိုတွေ့ရန် သွားမိပြန်ပါသည်။ ခါတိုင်းက လမ်းကြုံလို့တွေ့ဖြစ်ခဲ့တာပေမယ့် ဒီနေ့တော့ တကူးတကပင် သွားဖြစ်ပါသည်။

ထစ်ချုန်းမိုးဆိုတဲ့ နာမည်လေးကြောင့်လား။

သူက ကျောင်းအရှေ့မှာ ကားကိုရပ်လိုက်ပြီး အုတ်ခုံလေးကို မျှော်ကြည့်မိလိုက်သည်။ သို့သော် ထစ်ချုန်းမိုးဆိုတဲ့ ကလေးကိုမူ မတွေ့ရတော့။

ဘာကြောင့်လဲ။ ကလေးက ဒီနေ့ ကျောင်းမတက်လို့လား။ နေမကောင်းလို့များလား။

သူနဲ့ ဘာမှမစပ်မဆိုင်တဲ့ ကလေးတစ်ယောက်ရဲ့

www.burmeseclassic.com

ကျန်းမာရေးကို သူ ဘယ်တုန်းက ပူဘတ်သွားပါလိမ့်။

ကလေးနဲ့စကားပြောမည်ဟု လာခဲ့ရာမှ ကလေးကို မတွေ့ရတော့၍ သူ အလိုမပြည့်သလိုနှင့် စိတ်မချမ်းသာဖွယ် ခံစားလိုက်ရသည်။

ကလေးကိုမတွေ့၍ လှည့်ပြန်ခဲ့ရသော်လည်း စိတ်ထဲမှာတော့ မတင်မကျရယ်ပါ။

ဒါလည်း သူ ဖွဲ့မလျှော့သေးဘဲ နောက်နေ့သွားဖြစ်ပြန်သည်။ ထိုအခါမှာတော့ ကလေးကို အုတ်ခုံပေါ်မှာ တွေ့လိုက်ရ၍ သူ စိတ်သက်သာရာ ရသွားသည်။

"သား မနေ့က ကျောင်းမတက်ဘူးလား"

"တက်တယ် ဦးရဲ့။ မေမေက စောစောကြီးလာကြို သွားလို့။ ဦး လာသေးလားဟင်"

"လာတာပေါ့ကွ။ ဦးက သားကို သံယောဇဉ်ရှိတာ ပဲလို့"

"ဒါကြောင့် ဦး လာမှာပါလို့ မေမေ့ကိုပြောတာ။ သားက စောင့်ချင်ပါတယ်။ မေမေက မအားလို့သာ"



ကလေးရဲ့ တီတီတာတာစကားကြောင့် သူ အသံပင်ထွက်၍ ပြုံးသွားသည်။

"ဦးက စိုးရိမ်နေတာ။ သား နေမကောင်းဖြစ်လို့လားလို့"

"နောက်ဆို သား ဦးကို အမြဲစောင့်မယ်နော်။ မေမေနဲ့လည်း မိတ်ဆက်ပေးရမယ်"

"ဟာ . . . တယ်ဟုတ်ပါလားကွ"

"ဦး သားက ချောလားဟင်"

"ဟား . . . ချောတာပေါ့ကွ။ သိပ်ချောတာ"

"အဲဒါ ဖေဖေနဲ့တူလို့ပေါ့နော်။ သားက ဖေဖေနဲ့ သိပ်တူချင်တာ ဦးရဲ့။ ဖေဖေက တည်ကြည်ခံ့ညားတယ်တဲ့။ သတ္တိရှိတယ်တဲ့ ဦးရဲ့"

"မင်းက မင်းဖေဖေကို သိပ်တွေ့ချင်တာပဲလားကွ ဟင်"

"တွေ့ချင်တာပေါ့ ဦးရဲ့။ ဖေဖေနဲ့တွေ့ရင် တိရစ္ဆာန်ဥယျာဉ်ကိုလည်း သွားရမယ်။ သူများတွေလို ကားအကောင်း

www.burmeseclassic.com



စားလည်း စီးရမယ်။ ဘောလုံးလည်း ကန်ရမယ်။ မေမေနဲ့နေရတာ ပျင်းစရာကြီး။ ဘောလုံးလည်း မကန်တတ်ဘူး"

"ဦးနဲ့ကန်မလား"

"တကယ်လား ဦး"

"တကယ်ပေါ့ကွ။ သားမေမေကို ခွင့်တောင်းထားလေ။ ဦးလာခေါ်မှာပေါ့။ ဦးမှာ ခြံဝင်းအကျယ်ကြီးရှိတယ်"

"ဟင် . . . မေမေ ခွင့်ပြုပါ့မလား မသိဘူး။ မေမေက ဦးနောက်မလိုက်နဲ့လို့ပြောရင် သားငိုလိုက်မယ်နော် ဦး"

"ငိုလိုက်ရင် လိုက်နိုင်းမှာလား"

"လိုက်နိုင်းမှာပေါ့။ သားက အဲလိုပဲလုပ်နေကျကို။ သားငိုလိုက်ရင် မေမေက ကြောက်ပြီ"

"မင်းကတော့ စံပဲဟေ့"

ထိုစဉ် သူ့ခါးကြားထဲမှ ဖုန်းလေးက မြည်လာ၍ သူက ဖွင့်၍နားထောင်လိုက်သည်။

"ဟယ်လို"

သူက ဖုန်းပြောပြီးချိန်တွင် ကလေးရဲ့ပခုံးလေးကို





ဖွဖွဆုပ်ကိုင်ပြီး . . .

"ဦး အရေးကြီးတဲ့ ဧည့်သည်တစ်ယောက်နဲ့ တွေ့စရာရှိလို့ သွားဦးမယ်ကွာ။ နောက်နေ့တော့မှ သားကို ဦး အရုပ်ရယ်၊ ဘောလုံးရယ် ဝယ်ခဲ့ပေးမယ်နော်"

ဟု ကလေးကို နှစ်သိမ့်ပြီး သူ ထွက်လာခဲ့သည်။

ကလေးမှာ မကျေနပ်ပုံလေးနှင့် စူစူလေးကျန်ရစ်ခဲ့၍ သူ စိတ်ထဲမကောင်းလှပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကားလေးက မီးပွိုင့်မိနေစဉ် သူ့ကားရှေ့မှ အဆောတလျင် ဖြတ်လျှောက်သွားသော အရိပ်လေးတစ်ခုကြောင့် သူ အာရုံတွေကိုစုစည်းပြီး ကြည့်လိုက်သည်။

ထိုအရိပ်လေးမှာ မသဲမကွဲပေမယ့် ဖြူလေးနှင့် သိပ်တူလွန်း၍ပါ။ ဆံပင်တွေက ရှည်လျားနေပြီး မြန်မာဆန်ဆန် ဝမ်းဆက်လေး ဝတ်ထားတာမှလွဲ၍ ပုံရိပ်ကတော့ ဟိုးတုန်းကဖြူလေးအတိုင်းပင်။

ဟုတ်ပါတယ်။ ဒါ ဖြူလေးပါပဲ။ ထိုပုံရိပ်လေးဟာ သူ့နှလုံးသားထဲ ထင်ရှားလာ၍ သူ ဘာမှမစဉ်းစားတော့ဘဲ ကားပေါ်မှဆင်းပြေးမည်အပြု တသီတတန်း ဆူညံစွာ ထွက်



ပေါ်လာတဲ့ ကားဟွန်းသံတို့ကြောင့် သူ တုံ့ဆိုင်းသွားရပြန်သည်။

လမ်းကြောင်းပြောင်းကာ ကားကို လမ်းဘေးချရပ်လိုက်သည်။ ကားတွေက ရှုပ်ထွေးနေ၍ အချိန်က မထင်မှတ်ဘဲ ကြန့်ကြာသွားရသည်။

သူ ကားပေါ်မှ ပျာပျာသလဲဆင်းကာ လူဟေ့ရှုပ်ယှက်ခတ်နေသည့်ကြားမှ စောစောကအရိပ်လေးကို အပြေးအလွှား ရှာဖွေမိလိုက်သည်။

လမ်းဆုံလည်းဖြစ်နေတာကြောင့် လူရောင်စုံတွေ ပြွတ်ညှပ်နေ၍ ရုတ်တရက် ရှာမတွေ့နိုင်တော့ပါ။

သူ ဟိုဟိုဒီဒီ ရမ်းသန်းကာ အချိန်အတော်ကြာ ရှာဖွေမိပါသေးသည်။ မတွေ့ရတော့ပါ။

မသေချာမရေရာနှင့် ရှာနေရ၍ စိတ်ထဲမှာလည်း မတင်မကျရယ်ပါ။ နောက်ဆုံးတော့ သူ လက်လျှော့ကာ ကားပေါ်ပြန်တက်ပြီး မောင်းထွက်ခဲ့ပြန်သည်။

သူထင်တာ မှန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအရိပ်လေးမှာ သဘောဖြူရယ်ပါ။

ဆိုင်မှာ ပစ္စည်းအချို့ကုန်နေ၍ ထွက်ဝယ်ခြင်းဖြစ်သည်။ သူ ဟိုပြေးဒီပြေး လိုက်ရှာနေချိန်မှာ သဘောဖြူက ဇတော့ ကုန်စုံဆိုင်ကြီးထဲသို့ ရောက်၍ပင်နေပါပြီ။

ဆိုင်ထဲမှာ ဝယ်သူတွေနှင့် စည်ကားနေ၍ သူမက ခုံလေးပေါ်မှာ အေးအေးသက်သာ ထိုင်နေလိုက်သည်။ ဝယ်သူတွေရှုပ်ထွေးနေ၍ သူမက လူရင်းမို့ နောက်ဆုတ်နေခြင်းလည်းဖြစ်ပါသည်။

"သဘောဖြူလာတဲ့နေ့ဆို ဆိုင်က သိပ်လူစည်တာကွယ့်။ သဘောဖြူကိုပဲ နေ့တိုင်းလာခိုင်းရမလို ဖြစ်နေပြီ"

"ရပါတယ်အစ်မ ရောင်းပါ။ သဘောဖြူလည်း လမ်းလျှောက်ရညောင်းတာနဲ့ နားရတာပေါ့"

ဆိုင်ရှင်အစ်မကြီးက ပြောပြောဆိုဆိုနှင့်ပင် ဝယ်သူတွေငွေရှင်းသမျှကို တွက်ချက်ပေးနေပြန်သည်။

ဒီနေ့မှ ဝယ်သူတွေကလည်း မပြတ်နိုင်အောင်ပင်



ရှိနေလေသည်။ သူမကတော့ ဒီဆိုင်မှာပဲ အမြဲဖောက်သည် ယူနေကျမို့ ဆိုင်ရှင်အစ်မကြီးနှင့် ရင်းနှီးနေခဲ့ပါပြီ။ ဝယ်သူတွေက မပြတ်ကျရောက်လာတာမို့ သူမက ပျင်းပျင်းရှိတာနှင့် ဘေးနားမှာ အသင့်ရှိနေသော သတင်းစာခေါက်ကို ဖွင့်ဖတ်လိုက်သည်။

သတင်းစာမဖတ်တာလည်း ကျောင်းပြီးကတည်းကပဲမို့ သတင်းစာမှာ အပြောင်းအလဲတွေများ ရှိကုန်ပြီလား ဟု တွေးမိကာ ကောက်ကိုင်လိုက်ခြင်းရယ်ပါ။ သူမက သတင်းစာကို တစ်ရွက်ချင်းလှန်လျှော၍ မရေမရာ ကြည့်ရှုလေးကြည့်နေမိရာ စာမျက်နှာတစ်ခုကို အရောက်မှာတော့ ကြက်သေသေသွားရသည်။

"ဖြူလေး

ပြန်လာပါ။

မျှော်နေတယ်

ကို"

ဟု ရေးထားသောကြောင့်ဖြစ်သည်။ ဒါ . . . ဒါ သူမ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ကိုများလားဟု မရေမရာ တွေးနေမိစဉ် . . .

"ဘာလဲ ဒီသတင်းကို အံ့ဩပြန်ပြီလား"

"တစ်မျိုးဖြစ်နေသလားလို့"

"ရှီးကျူးတယ်ကွယ်။ ဒီခေတ်မှာ ဒီလိုသစ္စာရှိတဲ့ ယောကျ်ားမျိုးလည်း ရှိသေးတာကိုး။ သိပ်ဖွဲ့ကောင်းတဲ့ သူငယ်ကွယ့်။ ဒီသတင်းက ခုနစ်နှစ်လုံးလုံး တစ်ရက်မပျက် ပါနေတာကွယ့်။ ချီးကျူးတယ်"

"ရှင် . . . ခုနစ်နှစ် ဟုတ်လား"

"ဟုတ်တယ်လေ။ မင်း သတင်းစာ မဖတ်မိဘူး လား။ အစ်မက ဖတ်မိလို့ အံ့ဩနေတယ်ပဲထင်တာ"

သူမငယ်ထိပ်ကို မြွေပေါက်လိုက်သလို ခံစား လိုက်ရသည်။

"ခုနစ်နှစ်လုံး တစ်ရက်မပျက်"

ဆိုတာကိုပဲ အကြိမ်ကြိမ်ရွတ်နေမိသည်။

ဒါဆို သူမရဲ့ကိုပေါ့။ ဟာ . . . သွားပြီ။ သူမက ကို့ကို အိမ်ထောင်သစ်နဲ့ ပျော်နေလောက်ပြီလို့ အထင်လွဲနေပါ



တာ။ ကို့ . . . သဲ ခွင့်လွှတ်ပါ။

သူမ ငိုချင်လာမိသည်။ သူမက ကို့ကို ခုနစ်နှစ်လုံး ကြီး ဥပေက္ခာပြုထားခဲ့ပေမယ့် ကိုကတော့။ သူမ ဝမ်းနည်း လာ၍ ငိုချပစ်မိတော့သည်။

ဆိုင်ရှင်အစ်မကြီးမှာသာ နားမလည်နိုင် ဝေး ကြောင်ကြည့်နေပါသည်။

ကို့မှာ သားတစ်ယောက်ရှိနေကြောင်းတောင် အသိမပေးဖြစ်ခဲ့တဲ့ ဖြူလေးကို ခွင့်လွှတ်ပါ ကိုရယ်။ ကို့ကို တွေ့ချင်မိသည့် စိတ်ဆန္ဒပြင်းပြသွားရကာ အခုထိ အလွတ် ရနေသေးသည့် မြစ်ကြီးနားမှ အာဝုရဲ့ဖုန်းနံပါတ်ကို ဖုန်းဆိုင် ထဲဝင်ကာ နှိပ်ချပစ်မိတော့သည်။

သူမ အတော်ကြာ စိတ်ရှည်လက်ရှည် နှိပ်လိုက်ရ သည်။ နောက်ဆုံးတော့ ဖုန်းက တတူတူနှင့်ဝင်သွားသည်။

"ဟယ်လို"

"အာဝုတို့အိမ် ဟုတ်ပါသလားရှင်"

"ဟုတ်ပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အာဝုနဲ့ပြောချင်လို့ပါ"

"အစု ကိုကို အိမ်မှာမရှိပါဘူးရှင့်။ အပြင်ထွက်သွားပါတယ်။ ကျွန်မက သူ့အမျိုးသမီးပါ။ မှာစရာရှိရင် မှာထားလို့ရပါတယ်"

ဪ . . . အာဝုတောင် အိမ်ထောင်ကျသွားပြီကိုး။

သူမကဝေ့ွးမိ၍ ခေတ္တမျှတိတ်ဆိတ်သွားရသည်။

"ဟယ်လို . . . ဟယ်လို"

"ဪ . . . ဆောရီးနော်။ ကျွန်မ အတွေးလွန်သွားလို့ပါ။ ကျွန်မက အာဝုရဲ့သူငယ်ချင်းပါ။ အာဝုပြန်ခဲ့ရင် ပြောပေးပါ။ သဘောဖြူဖုန်းဆက်တယ်လို့"

ဟုဆိုကာ သူမ ဖုန်းချပစ်လိုက်သည်။

သူမစိတ်ထဲ လေးလံထုံအိုင်စွာ အပြစ်ရှိသူတစ်ဦးလို ခံစားနေရသည်။ သူမကို ခုနစ်နှစ်လုံးလုံး ရှာဖွေနေမယ့် ကို့ရဲ့သောကကို သူမ ခံစားလာရသည်။ ကို သိပ်ပြီးနာကျင်ခံစားရမှာပဲနော်။ သူမကတော့ သားလေးရှိနေ၍ အဆင်ပြေနေ[illegible]သည်။ ကိုရယ် ခွင့်လွှတ်ပေးပါတော့။



ကို့ကို လျစ်လျူရှုပြီး ပစ်ထားခဲ့မိတဲ့အတွက် တောင်းပန်ပါတယ်။ ဒီတစ်ခါသာ ကိုနဲ့ဆုံရလို့တော့ ဘယ်သူတွေခွဲခွဲ၊ ဘယ်သူတွေက ဘာပဲပြောပြော သူမ ကို့အပါးမှာသာ ခိုကပ်ပြီးနေတော့မည်ဟု ဆုံးဖြတ်လိုက်မိသည်။ ကိုက ဝနေမှာလား။ ပိန်နေမှာလား။ သူမအတွေးထဲ ပုံစံအမျိုးမျိုး ပုံဖော်ကြည့်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အုတ်ခုံပေါ်မှာထိုင်နေသော ကလေးနားသို့ သူ ဝက်ဝံရုပ်လေးနှင့် ဘောလုံးလေးကိုင်ကာ သွားလိုက်သည်။

ကလေးက သူ့ကိုမြင်တော့ ပျော်ရွှင်စွာပြုံးပြလာသည်။

သူက ကလေးကို ဝက်ဝံရုပ်လေးနှင့် ဘောလုံးလေးလှမ်းပေးလိုက်ရာ . . .

"ဒါက သားဖို့လား"

"အင်း"

"ဦးက ကတိတည်သားပဲ"

"သား ကြိုက်ရဲ့လား"



"ကြိုက်တယ်။ မေမေ့ကို ကြွားလို့ရပြီ။ မေမေ့မှာလည်း ဒါမျိုးဝက်ဝံရုပ်ကြီး တစ်ရုပ်ရှိတယ်။ ဖေဖေဝယ်ပေးထားတာလို့ မေမေက အမြဲပဲ သားကို ကြွားနေတာ"

"ဟင်"

ထိုကလေးစကားကြောင့် သူ ဆွံ့အသွားရပြန်သည်။ တိုက်ဆိုင်လွန်းလှသည်။ ဖြစ်ရပ်ခြင်းက တူညီလွန်းလှသည်။ သူကလည်း ဖြူလေးကို ဒါမျိုးဝက်ဝံရုပ်လေး ဝယ်ပေးဖူးခဲ့သည် မဟုတ်ပါလား။ ဖြူလေးကို သတိရမိသွား၍ ကလေးကို ဒီအရုပ်လေး ဝယ်ပေးမိခြင်းဖြစ်သည်။

"ဦးကို ကျေးဇူးတင်ပါတယ်။ ဦး အချိန်ရရဲ့လား ဟင်"

"ဟင် . . . ဘာဖြစ်လို့လဲ"

"မေမေနဲ့တွေ့ပေးချင်လို့။ မေမေက အရမ်းချောတာ ဦးရဲ့"

"ဟုတ်ပါပြီကွာ။ ဦးလည်း မင်းမေမေနဲ့ တွေ့ချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား ဦး"

"တကယ်ပေါ့ကွ"

"ဒါဆို မေမေလာတဲ့ထိစောင့်နော်။ ဦးကို မေမေနဲ့ မိတ်ဆက်ပေးမယ်။ မေမေက အရမ်းသဘောကောင်းတာ။ သားပြောပြထားလို့ မေမေက ဦးကို သိနေပါပြီ"

"ဟာ . . . ဟုတ်လားချည်လားကွ။ ဘာတွေပြောထား လဲ"

"ဦးက ချောတဲ့အကြောင်းနဲ့၊ သဘောကောင်းတဲ့ အကြောင်းတွေ မေမေ့ကို ကြွားထားတယ်"

"ဟား . . . ဟား . . . မင်းတော့ လုပ်ပြီကွာ။ ဦးကိုတွေ့ ရင် မင်းမေမေက ကဲ့ရဲ့မှာပေါ့ကွ"

"ဟွန် . . . ဘာဖြစ်လို့လဲ"

"ဦးက ချောမှမချောတာ"

"ဦးက ချောပါတယ်။ သားမေမေကိုတွေ့ရင် ဦးက ပြုံးပြပေါ့။ ဦးက ပြုံးရင်ပိုချောတယ်။ သားမေမေက မကဲ့ရဲ့ တတ်ဘူးဗျ။ သိပ်သဘောကောင်းတာ။ နာမည်ကိုက



ဒေါ်သ"

"တူ . . . တူ . . . ဟ . . . ဟ . . . တူ . . . တူ"

ဟု သူ့ရဲ့ခါးကြားမှ ဖုန်းလေးက အသံမြည်လာ၍ သားရဲ့စကားကိုပင် ဆုံးအောင်နားမထောင်နိုင်တော့ပါ။

သူက သားကို လက်ကာပြပြီး ဖုန်းကို လက်ညှိုးထိုး လိုက်သည်။ သားကလည်း ရှုတ်ချည်းအသံတိတ်သွားလိုက် သည်။

"ဟယ်လို"

"ပါဋ္ဌိ ငါပါကွ"

"ဟာ . . . အာဝု ပြော"

"သတင်းထူးလို့ ငါဖုန်းခေါ်လိုက်တာ"

"ခဏနော် အာဝု"

"သား . . . ဦးအရေးကြီးလို့ သွားတော့မယ်နော် သား။ မေမေနဲ့ နောက်မှပဲမိတ်ဆက်ပေးတော့"

ဟု သူက ပြုံးပြုံးလေးပြောလိုက်၍ ကလေးမှာ မအိ မလည်နှင့် သူ့ကိုကြည့်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ကလေးခေါင်းကိုသာ ဖွဖွပွတ်ကာ ကျောနိုင်း၍ ကားပေါ်တက်ပြီး မောင်းထွက်လိုက်၏။

မဒီမသာနှင့်ကျန်ခဲ့သည့် ကလေးကို သူက ချော့မော့သည့်အနေနှင့် လက်ထုတ်ကာ တာ့တာပြလိုက်သည်။

"ပြော . . . ရပြီ အာဝု"

"ခုနက သားဆိုလား ငါကြားလိုက်ပါတယ်။ မင်း ဘယ်သူနဲ့စကားပြောနေတာလဲ"

"ကလေးတစ်ယောက်ပါကွာ"

"ခုနက သဘောဖြူ ငါ့ဆီဖုန်းဆက်တယ်ကွ"

"ဘာ . . . ဟုတ်လား။ အခု သူဘယ်မှာတဲ့လဲ။ ဘာပြောသွားသလဲ။ ဘာတွေလုပ်ကိုင်နေသလဲ။ သူ နေရောကောင်းရဲ့လား။ ငါ သူ့ကို သိပ်တွေ့ချင်နေတယ်ကွာ။ အာဝု မြန်မြန်ပြောပါ"

"မင်းရဲ့မေးခွန်းတွေက သိပ်များလွန်းလို့ ငါက ဘယ်ကဘယ်လို စပြောရမှန်းမသိတော့ဘူး"

"မင်း ပြောချင်တဲ့ဆီက စပြောကွာ။ ငါ ဖြစ်သလို

ရွှေပဒေသာ



နားထောင်တတ်ပါတယ်"

"ဒီလိုဆိုပြန်တော့လည်း ငါ့မှာ ပြောစရာစကားက ရှိမနေပြန်ဘူး။ ဒီလိုကွ ငါ အခုမှ အပြင်ကပြန်ရောက်တာ။ ခုလေးတင်ပဲ သဘောဖြူရဲ့ဖုန်း ဝင်သွားတယ်တဲ့။ ငါနဲ့မတွေ့လိုက်ရဘူး။ ကေသွယ်နဲ့ပဲ ပြောလိုက်ရတယ်။ သဘောဖြူ ဖုန်းဆက်တယ်ပဲ ပြောပေးပါလို့ မှာသွားတယ်တဲ့"

"ဟာ . . . သွားပါပြီကွာ"

"စိတ်ရှည်ပါ ပါဠိရာ။ သန်းခေါင်ထက်တော့ ညဥ့်မနက်နိုင်တော့ပါဘူး။ သဘောဖြူ ထပ်ပြီးဆက်သွယ်လာမယ်လို့ ငါ ယုံကြည်နေတယ်။ ခုနစ်နှစ်လုံးလုံး စောင့်ခဲ့ပြီးမှတော့ ဒီတစ်ခဏတာလေးကို သည်းခံပါကွာ"

"ငါ သူ့ကို သိပ်တွေ့ချင်တယ် အာဝု။ တစ်ရက်မှ မေ့မရခဲ့ဘူးကွာ"

"ငါနားလည်ပါတယ် ပါဠိ။ ဒီရက်အတွင်း ငါ အပြင်မထွက်ဘဲ ဖုန်းထိုင်စောင့်နေတော့မယ်။ တကယ်ပါ"

"ကျေးဇူး..ကွာ"

ရွှေပဒေသာ

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . . မင်းနဲ့ငါ့ကြားမှာ ဒီစကားက ပြောဖို့လိုလို့လား"

"ဆောရီး . . . ဒါနဲ့ သက်နောင်နဲ့ကျော်ကြီးရော"

"ထုံးစံအတိုင်းပေါ့ကွာ။ ဒီအချိန်ဆို ကောင်မလေးတွေ လိုက်ဖွန်နေမှာပေါ့"

"ကောင်းပါတယ်။ နပျိုတာပေါ့"

"နပျိုသလားလို့တော့ မမေးနဲ့။ ကောင်မလေးငယ်ငယ်တွေက ကိုကိုကြီး၊ ကိုကိုနဲ့ ဝိုင်းနေတာပဲ။ သေချာတယ်။ ဒီနှစ်ကောင် ဘယ်တော့သူတောင်းစားဖြစ်မလဲပဲ"

"ဘာဖြစ်လို့လဲကွ"

"ကောင်မလေးတွေ ချူလို့ စည်းစိမ်တစ်ဝက်ပြောင်နေပြီလေ"

"ဟား . . . ဟား . . . ဖြစ်ရလေ"

"ပါဠိ ငါ မင်းကို တစ်ခုပြောချင်တယ်"

"ပြောပါကွ။ စကားပလ္လင်ခံနေရသေးတယ်"

"အချိန်တွေလည်း ကြာခဲ့ပြီပဲကွာ။ မင်း ကြီးမေကို





ခေါ်ပြောနှုတ်ဆက်သင့်ပြီ။ ကြီးမေကလည်း မင်းကို သိပ်တွေ့ချင်လို့ ဖြပ်မှရတာပဲ"

"နားလည်ပါတယ်"

"ကြီးမေကလည်း သနားစရာကောင်းနေပါပြီ။ သဘောဖြူရှာပုံတော်က မင်းလိုပဲ မရပ်နိုင်သေးဘူး"

"ငါသိပါတယ်။ ကြီးမေကို ငါပြန်ခေါ်မှာပါ။ ဟိုးတုန်းကတော့ ငါ စိတ်ဆိုးမိခဲ့တာ အမှန်ပဲ။ ကြီးမေကို စိတ်ကုန်လွန်းလို့ စကားပြောချင်စိတ်ကို မရှိတော့တာ။ ဒါပေမဲ့ အခုတော့ သဘောထားကြီးတတ်သွားပါပြီ"

"ငါဝမ်းသာတယ်ကွာ။ ငါလည်း အဲဒီလိုပဲ ဖြစ်စေချင်ခဲ့တာပါ"

ပါဠိဘက်က ပြေလည်သောအသံကို ကြားရ၍ အာဂ အတိုင်းမသိ ဝမ်းသာသွားရသည်။

သူက ပါဠိနဲ့ပတ်သက်ပြီး ကြီးမေကို ဆွေမျိုးရင်းချာတစ်ယောက်လို ခင်မင်မိနေတာပါ။

ပါဠိအကြောင်း ပြောမိလိုက်လျှင် မျက်ရည်လေး



www.burmeseclassic.com

www.burmeseclassic.com



စမ်းစမ်းနှင့် ဖြစ်နေတတ်တဲ့ ကြီးမေကို သနားလှပါပြီ။

ကြီးမေကိုသာ ပါဠိက ဒီလိုပြောပါတယ်ဟု ပြောလိုက်လျှင် ကြီးမေ ဘယ်လောက်တောင်များ ပျော်နေရှာရှာမလဲ။

သူ့အတွေးနှင့် မှန်းဆနေမိသည်။

သတင်းကောင်းကိုပြောရန် ကြီးမေရဲ့ဖုန်းနံပါတ်ကို ဆက်နှိပ်မိပါတော့သည်။





"သား ဘာတွေငေးနေတာလဲ"

ဟု သူမကခေါ်လိုက်၍ သားက သူမကို လှည့်ကြည့်ပါသည်။ ဒါပေမဲ့ သားရဲ့မျက်နှာက ခါတိုင်းလို လန်းဆန်းတက်ကြွခြင်းမရှိဘဲ ညှိုးငယ်၍နေခဲ့ပါသည်။

"တောင်းပန်ပါတယ် သားရယ်။ မေမေ သိပ်နောက်ကျသွားတယ်"

သားက ဘာမှတုံ့ပြန်မလာပါ။

"ဟွန့် . . . သားက အရုပ်ကြီးနဲ့ပါလား။ ဘယ်သူပေးသွားတာလဲ"

"ဦးဦးပေါ့။ မေမေ့ကိုလည်း စိတ်ဆိုးတယ်။ ဦးဦးကို



www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်ဆိုးတယ်"

"မေမေကတော့ သိပ်နောက်ကျသွားလို့ ထားပါဦး။ အရုပ်ဝယ်ပေးတဲ့ ဦးဦးကို သားက ဘာကြောင့်စိတ်ဆိုးရတာလဲ"

သားက မဖြေဘဲ မျက်နှာကြီးရှုပုပ်ပြီးသာ နေပါသည်။

သားက ဦးဦးဆိုသူကို သံယောဇဉ်ဖြစ်နေတယ်ဆိုတာ သူမ ကောင်းကောင်းသိနေပါသည်။

သားနဲ့သံယောဇဉ်ဖြစ်နေသော ဦးဦးဆိုသူကို သူမ ဆုံတွေ့ချင်မိပါသော်လည်း တိုက်တိုက်ဆိုင်ဆိုင် မဆုံဘူးကြပါ။ တိုက်တိုက်ဆိုင်ဆိုင်ပင် အမြဲလွဲနေရသည်။ ဒါပေမဲ့ တစ်နေ့နေ့တော့ ဆုံဖြစ်မှာပါ။

"သား"

သူမက ခေါ်လိုက်၍ သားက မကြည်မရွှင်လေး မော့ကြည့်လာပါသည်။

"သား ဖေဖေ့ကို သိပ်တွေ့ချင်လားဟင်"



သားက သူ့စကားကြောင့် ခေါင်းလေးညိတ်ပြလာပြန်သည်။

"သားဖေဖေနဲ့ တွေ့ရတော့မယ်"

"ဟင် . . . ဒါဆို ဖေဖေက နိုင်ငံခြားက ပြန်လာတော့မှာပေါ့"

သားက မျက်လုံးပြူးလေးနှင့် သူမကို ပြန်ပြီးမေးလိုက်ပြန်၍ သူမမှာ မျက်ရည်အဝဲသားလေးနှင့် သားကို ခေါင်းညိတ်ပြလိုက်သည်။

"ဝေး . . . ပေါ . . . ပေါ . . . ပျော်လိုက်တာ။ ဦးကို ကြွားရတော့မယ်။ ပေါ . . . ပေါ"

လက်ကလေးတွေမြှောက်ကာ လမ်းမပေါ်ကြီးမှာ ပျော်နေသော သားကိုကြည့်ပြီး သူမ ကြည်နူးသွားရသည်။

ကြည့်ပါဦး ကိုရယ်။ ကို့ကို သားက သိပ်တွေ့ချင်တယ်တဲ့။

ဖြူလေးကို ခွင့်လွှတ်ပါ ကိုရယ်။ ဖြူလေးက ရက်စက်သူပါ။ ကိုတို့သားအဖနှစ်ယောက်ကို ခွဲထားသလို ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတယ်။

သိပ်ရက်စက်ခဲ့တဲ့ ဖြူလေးက ကို့အချစ်တွေနဲ့ရော ထိုက်တန်တော့လို့လား။

ကို့ကို အကြိမ်ကြိမ် တောင်းပန်ချင်မိပါတော့သည်။



သူမက ကျောင်းကြိုနောက်ကျနေလျှင် သား စိတ်ဆိုးနေမည်စိုးသောကြောင့် လုပ်လက်စအလုပ်တွေကို ဖြတ်ကာ ကျောင်းကြိုစောစောလာခဲ့ပါသည်။

သူမ ကျောင်းရှေ့ကို ရောက်သောအချိန်မှာ အုတ်ခုံပေါ်ထိုင်စောင့်နေသော သားကို တွေ့လိုက်ရသည်။ သားက သူမဆီသို့ အပြုံးမျက်နှာကြီးနှင့် ပြေးလာခဲ့ပါသည်။

"မေမေက ဒီနေ့အစောကြီးပဲ၊ ဦးတောင် မလာသေးဘူး"

"သားက ဦးဦးကို တွေ့ချင်သေးလို့လား"

သားက ခေါင်းညိတ်ပြလာ၍ သူမပါ အုတ်ခုံလေး



www.burmeseclassic.com

www.burmeseclassic.com



ပေါ် ထိုင်ဖြစ်သွားသည်။

"သားက မေမေနဲ့ဦးကို မိတ်ဆက်ပေးချင်တာ"

လူကြီးလေးလို သားရဲ့အပြောကြောင့် သူမ ပြုံးလိုက်မိသည်။ ထိုစဉ်မှာပဲ ကောင်းကင်ယံမှ မိုးသားတိမ်စိုင်တွေ ညိုဘုက်လာသည်။ မကြာခင် ထစ်ချုန်းမိုးရွာချတော့မည့် အခြေအနေရယ်ပါ။

"သား . . . မိုးရွာတော့မယ်ထင်တယ်။ ပြန်ကြစို့နော်။ မေမေတို့မှာ ထီးလည်းပါမလာဘူး။ နောက်နေ့တော့မှ မေမေ ဦးနဲ့ သေချာပေါက်တွေ့ပါ့မယ်"

ဟု သူမက သားကို ချော့မော့ပြောလိုက်သည်။

"မေမေက မိုးမိရင် ဖျားမှာစိုးလို့လား"

"မေမေက အရေးမကြီးဘူး။ သားက သိပ်ငယ်သေးတယ်။ ဖျားနေရင် ကျောင်းပါပျက်ရလိမ့်မယ်။ မေမေလည်း အလုပ်ပျက်တာပေါ့"

"ဒါဆိုလည်း ဦးဦးကို နောက်တော့မှပဲ စောင့်တော့မယ်လေ"



ဟု သားက လိမ္မာသိတတ်စွာ ပြောလာ၍ သူမတို့ ထပြန်မည်အပြု ကောင်းကင်ယံမှ . . .

"ဂျိမ်း . . . ဂလိန်း . . . ဂျုန်း"

ဟူသော ကြောက်မက်ဖွယ်အသံနက်ကြီးကြောင့် အုတ်ခုံပေါ်ထိုင်နေသော သားကိုသာ အလန့်တကြား ဖက်တွယ်ထားမိတော့သည်။ သားကလည်း သူမကို ပြန်လည်၍ ဖက်တွယ်ထားပြန်သည်။

မိုးခြိမ်းသံက အဆက်မပြတ် တဂျိမ်းဂျိမ်း တဂျုန်းဂျုန်းနှင့် ထွက်ပေါ်လာ၍ သူမမှာ အသားလေးတွေပင် တဆတ်ဆတ်တုန်ယင်နေရသည်။

"မေမေ . . . မေမေ အရမ်းကြောက်နေသလား ဟင်"

သူမက သားရဲ့အမေးကိုပင် မဖြေနိုင်လောက်အောင် ကြောက်နေမိပါသည်။ ထိုစဉ် မိုးပေါက်ကြီးတွေက သူမနဲ့ သားရဲ့ကိုယ်ပေါ်သို့ ခုန်ဆင်းလာပြန်သည်။ မိုးခြိမ်းသံကလည်း အဆက်မပြင်နိုင်သေးပါ။

www.burmeseclassic.com

www.burmeseclassic.com



မိုးခြိမ်းသံကို သိပ်ကြောက်လွန်းတဲ့ သူမကြောင့် မိုးလွတ်ရာကို မရှောင်နိုင်ကြသေးပါ။

မိုးရေထဲမှာ သူမတို့သားအမိ ကြောက်ရွံ့ငြိမ်သက် နေမိကြသည်။ မိုးခြိမ်းသံ ထပ်ပြီးထွက်ပေါ်လာမှာ ကြောက်၍ ငြိမ်သက်နေမိခြင်းပါ။ ပတ်ဝန်းကျင်မှာ မိုးသံလေသံသဲ့သဲ့ကို ကြားနေရပါသော်လည်း သူမတို့ကိုယ်ခန္ဓာပေါ်သို့တော့ မိုးစက်မိုးပေါက်တွေက ထူးဆန်းစွာပင် ကျရောက်မလာတော့ပါ။

"ဟင် . . . ဦး"

သားရဲ့ခေါ်သံကြောင့် သူမရဲ့ဘေးမှာ သားရဲ့ ဦးဦး ဆိုသူရောက်နေပြီဆိုတာ သိလိုက်သည်။

"မေမေကလေ မိုးခြိမ်းသံဆို သိပ်ကြောက်တာ ဦး ရဲ့"

ဟု သားက တီတီတာတာလေး ပြောလာပါသည်။

သားရဲ့တီတီတာတာ အသံလေးကို သူ ကြားနေရ ပါသည်။



သို့ပေမယ့် မိုးရေတွေ အရွဲသားနှင့် ငြိမ်သက်နေသော သူမလေးထံပါးမှ သူ့အကြည့်တို့ကို မခွာနိုင်တော့ပါ။ မိုးရွာနေ၍ ဒီကလေးကို သတိရပြီး ဒီလမ်းက ပတ်ဝင်လာခဲ့တာပါ။

သူ လုံးဝထင်မထားခဲ့တာက ဒီထစ်ချုန်းမိုးဆိုသော ကလေးက ဖြူလေးနဲ့ တိုက်ရိုက် ပတ်သက်နေလိမ့်မည်ဆိုတာပါပဲ။ အခုတော့ နီးနေလျက်နဲ့ ဝေးခဲ့ရတာပေါ့။ ပြီးတော့ ကလေးက ဖြူလေးကို မေမေတဲ့။ ဒါဆို ဒါ သူ့ကလေး များလား။

ထစ်ချုန်းမိုးသာ သူ့ကလေးဆိုလျှင် ဖြူလေးက သူ့ကို သိပ်ရက်စက်နိုင်လွန်းပါသည်။

ကလေးက ဖြူလေးရဲ့ သား အမှန်သာဆို သူ့ ကလေးဖြစ်ဖို့ များသည်။

ပြီးတော့ ကလေးရဲ့စကားတွေ . . .

ဖေဖေက နိုင်ငံခြားမှာတဲ့။ ဖေဖေက မေမေ့ကို ဒီလို ဝက်ဝံရုပ်ကြီး လက်ဆောင်ပေးတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့မေမေက ဒီလို မိုးသည်းနေ့မှာ ဆုံခဲ့တာတဲ့။

သူ နားမလည်နိုင်ခြင်းများစွာနှင့်အတူ ကလေးရဲ့ မှသားမဲ့စကားများကိုသာ အထပ်ထပ် ကြားယောင်မိနေပါသည်။

ပြီးတော့ ကလေးရဲ့မျက်လုံးတွေ။

ကလေးရဲ့မျက်နှာ . . . ဟာ . . . ဟုတ်တယ်။ ဒါ ငါ့သားပဲဖြစ်ရမယ်။

သူ့ရဲ့ ဖြူလေးကတော့ မိုးရေအရွဲသားနှင့် အခုချိန်ထိ ငြိမ်သက်နေမိဆဲပင်။ ဒီပုံရိပ်ကို သူ တစ်နေ့မှ မေ့မရခဲ့တာပဲ။ အဝေးကနေ မြင်ရုံနဲ့ ကောင်းကောင်းသိနေတာပေါ့။ ထီးတစ်လက်ကို ကိုင်ကာ ထိုသားအမိနှစ်ယောက်ကို မိုးပေးရင်း သူပါ တိတ်ဆိတ်ငြိမ်သက်နေမိပါသည်။

သူ့မှာ သားတစ်ယောက်ရှိနေခဲ့ပါတယ်ဆိုတာကိုတောင် အသိမပေးခဲ့တဲ့ ဖြူလေးက သိပ်ရက်စက်လှပါသည်။ ဖြူလေးရယ် ဘယ်အကြောင်းကြောင့် ကိုယ့်ကို ဒီလောက်





ဥပေက္ခာပြုနိုင်ရတာလဲ။ ဖြူလေး သိပ်ရက်စက်တယ်။ ကိုယ်ကတော့ နေ့စဉ်နဲ့အမျှ အရှုံးမီးပိုင်းလိုက်ရှာလိုက်ရတာ။ သူ့ရဲ့ ဖြူလေးကတော့ သားတစ်ယောက်ကို မနိုင့်တနိုင် ရင်ခွင်ပိုက်ပြီး လုံလုံခြုံခြုံ ပုန်းအောင်းနေခဲ့သည်တဲ့လေ။

ဖြူလေး သိပ်ရက်စက်လှပါသည်။ ဖြူလေးက သူ့အပေါ် သိပ်စိမ်းကားနိုင်လွန်းသည်။ မိုးရေတွေ အရွဲသားနှင့် သားကို ဖက်ပြီး ငုတ်တုတ်လေးငြိမ်သက်နေမိသော ဖြူလေးကို အလိုမကျခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်း၊ လွမ်းဆွတ်အောက်မေ့ခြင်းတွေနဲ့အတူ ငေးကြည့်နေမိပါသည်။ သူ့ရင်ထဲမှာလည်း ယှူကျုံးမရဖြစ်နေမိသည်။

သူ့မျက်ဝန်းအစုံတို့မှာလည်း ကရုဏာဒေါသဖြင့် မျက်ရည်တို့ ပြည့်အိုင်လို့ရယ်ပါ။

သားက ဦးဦးဆိုသူကို စကားပြောလိုက်ပြီး ဦးဦးဆိုသူထံမှ အသံတစ်ချက်မျှ ထွက်ပေါ်မလာ၍ သူမက သံသယစိတ်နှင့်အတူ မော့ကြည့်မိလိုက်သည်တွင် ထိုခဏလေးမှာ သူမက ဇလဟာနယ်ထဲ ရောက်သွားသလို ခံစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

ဒါ သူမ သတိရနေခဲ့တဲ့ မျက်ဝန်းလေးတွေပေါ့။ ထိုမျက်ဝန်းလေးတွေက အဓိပ္ပာယ်များစွာတို့နှင့် မျက်ရည်တွေ ပြည့်အိုင်ကာ သူမကို စိုက်ကြည့်နေခဲ့သည်။

"ကို"

သူမ လုံးဝမထင်မှတ်ထားသည့်လူမို့ မှင်တက်သွားမိပါသည်။

သူမနှုတ်ခမ်းများမှ စကားသံတို့က ထပ်မံထွက်ကျမလာတော့။ သူမ ဘာမှထပ်မပြောနိုင်လောက်အောင်ပင် မှင်တက်သွားမိခြင်းရယ်ပါ။

သူမ ဘာပြောရမှာလဲ။ ကို့ကို ဘယ်လိုစပြီး နှုတ်ဆက်ရမှာလဲ . . .

"ကို . . . ဖြူလေး . . ."

သူ့ရင်ထဲမှာ ပြွတ်ကျပ်သိပ်သည်းစွာ ခံစားနေရသည်။ သူ့မျက်ဝန်းမှ မျက်ရည်ဥကြီးများက ပိုးပိုးပေါက်ပေါက် လိမ့်ဆင်းလာကာ သူမကိုသာ စိမ်းစိမ်းကြီး စိုက်ကြည့်





နေမိပြီးမှ သူ့ရှေ့မှာသာ မနေတတ် မထိုင်တတ် အုံ့ အုံ့ အဲ အဲ ဖြစ်နေသော သူမလေးကိုသာ သိုင်းဖက်လိုက်မိတော့သည်။

ကို ငိုနေတာလား။ ဟုတ်ပါတယ် ကို ငိုနေတာပါ။ ဝမ်းနည်းလို့လား၊ ဝမ်းသာလို့လား ကိုရယ်။

"ဖြူလေး . . . မင်း သိပ်ရက်စက်တယ်"

"တောင်းပန်ပါတယ် ကိုရယ်။ ဖြူလေး တောင်းပန်ပါတယ်"

"အရူးမလေး . . . ဝတုံးမလေး"

ငိုသံနှင့် နော၍ မရိုတင်ကဲပြစ်တင်ရှုတ်ချသံလေး ထွက်ပေါ်လာသည်။

"ကိုယ်က မင်းယောကျ်ားပဲ။ မင်း ပြောသမျှကို လက်ခံမှာပေါ့။ မင်း ဘာကြောင့်ထွက်ပြေးသွားရတာလဲ"

"တောင်းပန်ပါတယ် ကိုရယ်။ ခွင့်လွှတ်ပါ"

"မင်းလုပ်ရပ်ကြောင့် ဒီကကောင် ဘယ်လောက်ထိ ခံစားခဲ့ရတယ်ထင်လဲ"

"ဖြူလေးကို ခွင့်လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဆင်ပြေခဲ့ရဲ့လား။ မင်း သိပ်ပင်ပန်းခဲ့မှာပဲ။ ဘာကြောင့် အဲ့လောက်ထိ အ,ရတာလဲကွာ။ ကိုယ်ကတော့ မိုးခြိမ်းသံကြားတိုင်းလည်း မင်းကို စိတ်ပူတယ်။ မိုးရွာတိုင်းလည်း အရှုံးလိုပဲ ခံစားရတယ်။ နောက် မင်းကိုယ့်ကို ခွဲမသွားပါနဲ့တော့နော်"

သူမ ခေါင်းကိုသာ သွင်သွင်ညိတ်ပြနေမိတော့သည်။

"ဦး . . . ဦး . . . မေမေ့ကိုလွှတ်တော့လေ။ မေမေ အမေနေခက်နေပြီ ဦးရဲ့"

သားက သတိပေးတော့မှ သူ သတိဝင်သွားရသည်။

သူမကတော့ သူ့ကိုကြည့်ပြီး သားလေးရဲ့ပခုံးကို ဖက်ကာ . . .

"ဒါ ကိုယ့်သားလေ"

သူမစကားပင် မဆုံးလိုက်နိုင်ပါ။ သူက သားကို ဆွဲပွေ့လိုက်သည်။

ရှေ့ဆက်ရန်



"ကျေးဇူးပါပဲ ဖြူလေး"

အင်မတန်ပါးနပ်လှပါသော သားပင်လျှင် သူတို့ကို နားမလည်နိုင်တော့ဘဲ မျက်လုံးပြူးလေးနှင့် ကြည့်နေသည်။

"မေမေ . . . ဦးက သားရဲ့ဖေဖေလားဟင်"

သားရဲ့အမေးကြောင့် သူမက မျက်ရည်တွေကြားမှ ခေါင်းညိတ်ပြုံးလိုက်သည်။

"ဒါဆို နိုင်ငံခြားက ပြန်လာတာပဲကြာပြီ ဘာလို့ သားတို့ဆီ မလာတာလဲဟင်"

သားရဲ့အပြောတွင် သူရော သူမပါ ဝမ်းနည်းသွားရသည်။

"လာချင်တာပေါ့ သားရယ်။ သားမေမေက သိပ်အပုန်းကောင်းတာကိုး"

"ဒါဆို သားက ဦးကို ဖေဖေလို့ခေါ်ရတော့မှာပေါ့နော်"

သားအပြောကြောင့် သူရော သူမပါ ခေါင်းညိတ်ပြ

ရှေ့ဆက်ရန်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်တွင် သားက . . .

"ဖေဖေ"

ထိုအသံလေးကြောင့် သူ ကြည်နူးသွားရပါသည်။

အခုတော့လည်း သူ့နှုတ်ခမ်းက ပီပီပြင်ပြင်ကြီး ပြုံးတတ်လို့ရယ်ပါ။

●——ပြွမသော——●

BURMESE CLASSIC .com



အခုတော့လည်း သူ့ရဲ့ မနက်ခင်းလေးတွေက စိုပြည်လို့ရယ်ပါ။

မနက်မိုးလင်းလာသည်နှင့် စည်စည်ဝေဝေ သားရဲ့အသံကိုလည်း ကြားနေရသလို ဖြူလေးရဲ့မျက်နှာလှလှကိုလည်း မနက်ခင်းလေးတွေမှာ ကျက်သရေရှိရှိ တွေ့မြင်ရပြန်ပါသည်။ အခုမှ သူ့ရဲ့အိမ်မက်ကမ္ဘာလေးက စည်ဝေကာ သက်ဝင်လှုပ်ရှားလို့ရယ်ပါ။

သူ စိတ်ကူးယဉ်ခဲ့ဖူးသလို မြက်ခင်းပြင်မှာ သားက ဆော့နေလျှင်လည်း သူနှင့် သဘောဖြူက ပြုံးပြီး ကြည့်နေဖြစ်ပါပြီ။

●——ပြွမသော——●

www.burmeseclassic.com

www.burmeseclassic.com



သူ့လိုအပ်ချက်လေးကို ပြည့်စုံလာအောင် ဖန်တီးပေးခဲ့သော သူ့ချစ်ဇနီး သဘောဖြူကိုလည်း များစွာကျေးဇူးတင်နေမိသည်။ သားကို ကိုယ်ဝန်လွယ်ထားချိန်က သူမ သိပ်ခက်ခဲပြီး အားငယ်ခဲ့ရမယ်ဆိုတာ သူ သိနေ၍ သူမလေး အပေါ် အကြွေးများနေသည့်အလား အဆုံးစွန်ကောင်းဖို့ ရည်ရွယ်ထားလိုက်သည်။ နောင်အခါ သူမ စိတ်ကောက်ခဲ့ရင်လည်း သူက ချော့မည်။ သူမ အိမ်အလုပ်တွေ မလုပ်ချင်လျှင်လည်း သူက ကုမ္ပဏီက ပြန်ကာ လုပ်ပေးမည်။ သူမ ခေါင်းလျှော်ချင်တဲ့အခါတိုင်းလည်း လျှော်ပေးမည်။ သားကိုလည်း သူငယ်ချင်းအဖြစ် ဘောလုံးကန်ကူမည် ဖြစ်သည်။ အခုလည်း သူ့ဘဝထဲက သူမကို တခမ်းတနား ကြိုဆိုရန်အတွက် ဒင်နာပွဲကြီးတစ်ခုကို မြက်ခင်းပြင်ကြီးပေါ်မှာ စီမံလျက်ပင်။

အားလုံးသော ပရိသတ်များက ပါဠိဆိုသော သူ့ရဲ့ ဇနီးချောဆိုသူကို စိတ်ဝင်စားနေကြပါသည်။ ရောင်စုံမီးများဖြင့် ခမ်းနားသက်ဝင်နေသော ပွဲကြီးကို သူမက အပေါ်ထပ်





မှ စီးမြင်နေရသည်။ သူမရင်ထဲ၌ ပီတိလှိုင်းဂယက်တွေက တွန့်မြူးလို့ရယ်ပါ။

သားကတော့ ပရိသတ်အလယ်မှာ အနောက်တိုင်း ဝတ်စုံလေးနှင့် ထည်ဝါနေသည်။

ကိုက သားလက်ကိုဆွဲပြီးသာ မိတ်ဆွေများနှင့် တခမ်းတနား မိတ်ဆက်ပေးနေသည်။ ဒါကို အပြုံးပွင့်ကြီးဝေကာ လိုက်ကြည့်နေသူက ကြီးမေရယ်ပါ။

ဒါကိုကြည့်နူးပီတိဖြစ်နေပုံရသည့် အာဝုရဲ့မျက်နှာကိုလည်း မီးရောင်ထိန်ထိန်ကြောင့် အပေါ်စီးမှ လှမ်းမြင်နေရသည်။

သူမက ပီတိဖြစ်စရာ မြင်ကွင်းလေးအား စီးမိုး၍ ကြည့်နေပြီး ပတ်ဝန်းကျင်ကို မေ့လျော့သွားမိသည်။

ကို့ရဲ့အချစ်က သူမကို အရာရာပြည့်စုံစေခဲ့တာပါ။ သူမလို အညာတရပန်းလေးတစ်ပွင့်ကို ကိုက တန်ဖိုးထားကာ တော်ဝင်ပန်းတမျှ ယုယပေးခဲ့၍ ခုချိန်မှာတော့ သူမလည်း ဂုဏ်မြင့်ခဲ့ရပါသည်။ ကို့ကို သိပ်ကျေးဇူးတင်မိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူမကြည့်နေစဉ်မှာ ကိုတာ နာရီကို တစ်ချက်ကြည့်ပြီး သားကို တစ်ခုခု ကပ်ပြောနေပါသည်။ ထိုအခါမှာ သားက လှစ်ခနဲ အိမ်ထဲဖြေးဝင်လာခဲ့သည်။

သူမက ကိုယ်ကို မှန်ထဲကြည့်မိလိုက်သည်။

အဖြူရောင် ပိုးဝမ်းဆက်လေးနှင့် သူမက မှန်ထဲမှာ သိပ်လှနေသည်။ ဆံနွယ်ရှည်ကြီးများကို နောက်ကျောမှာ ဖြန့်ချထားပြီး အဖြူရောင်ဒေါက်ပါးပါးလေးကို စီးထားတဲ့ သူမက ကလေးအမေဆိုတာ ဘယ်သူကများ ယုံကြည်မှာတဲ့လဲ။

သူမ ဒီဝတ်စုံလေးကို သိပ်နှစ်သက်ပါသည်။

ကို ကိုယ်တိုင် သူမဝတ်ဖို့ ရွေးချယ်ဝယ်ယူလာသောကြောင့်ပင်။

သူမက ဒီလိုလှလှပပကြီး တစ်ခါမှ မဝတ်ဆင်ခဲ့ဖူး၍ မနေတတ် မထိုင်တတ်ဖြစ်နေရချိန်တွင် သားက သူမရှိသော အခန်းတံခါးလေးကို ဖွင့်ကာ ဝင်လာပါသည်။

ပြီးပါပြီ



သားက သူမကို ကြည့်ပြီး ပြောလိုက်သည်က

မေမေ သိပ်လှနေတာပဲတဲ့လေ။

သားလေးက သူမလက်ကိုဆွဲခေါ်လိုက်သည်တွင် သူမက သူမသိ ဘာမသိနှင့် သားခေါ်ရာနောက် ရှက်အမ်းအမ်းလေး လိုက်ပါလာသည်။

သူမတို့သားအမိလည်း အိမ်ပေါ်မှ ဆင်းပြီး မြက်ခင်းပြင်ကို ဝင်လိုက်ရော မီးအရောင်တို့ ချက်ချင်းမှိန်သွားရကာ သူမနားလေးတစ်ဝိုက်မှာသာ အနုမြူရောင်လေး လက်လာသည်။

ကိုက သူမနားကပ်လာပြီး သားလက်ထဲမှ သူမလက်ကလေးကို လွှဲပြောင်းယူလိုက်သည်။

ထိုအခါမှာတော့ လက်ခုပ်သံတွေ ဟိန်း၍ ဆူဝေသွားရပါတော့သည်။

ရသတို့နှင့် ပြည့်စုံပါစေ။

မယ်နိုင်

ပြီးပါပြီ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# မပယ်နိုင်

ထင်ချန်းမိုး

www.burmeseclassic.com